# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက် | ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၃၁ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၁)၊ အမှတ် (၂၉၉)


### ဆင်းရဲဒုက္ခတို့ မကျရောက်

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာချက်

၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်

(၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်)

ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးမည့်ကိစ္စရပ်များ မပါ) အား ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့အထိ ရက်တိုးမြှင့် သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအနေဖြင့် ကြို့ဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့ အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်မည်ဖြစ်

နေပြည်တော် ဇူလိုင် ၃၀

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား နယ်စပ်ကြို့ဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေး ထုတ်ပြန်ထားရှိပြီး ဖြစ်ပါသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❑


ယနေ့ ဖတ်စရာ

**တရားမှုနှင့် မတရားမှု၊ ဓမ္မနဲ့ အဓမ္မ ခွဲခြားနားလည်ကြဖို့ရာ**

ဆောင်းပါး စာ-၆

-------------------

**အဂတိလိုက်စားမှုနှင့် နိုင်ငံတော်နစ်နာဆုံးရှုံးမှု သတိပြု**

ဆောင်းပါး စာ-၁၀

-------------------

**ကမ္ဘာ့စားနပ်ရိက္ခာ ဖူလုံမှုအတွက် အရေးပါလှသည့် ငါးလုပ်ငန်းကဏ္ဍ**

သတင်းဆောင်းပါး စာ-၂၄


## မော်လမြိုင်မြို့၌ မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

မော်လမြိုင် ဇူလိုင် ၃၀

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေး ကော်မတီအနေဖြင့် မော်လမြိုင်မြို့ရှိ အများပြည် သူများ သွားလာမှုလွယ်ကူချောမွေ့စေရန်၊ အပန်းဖြေအနားယူနိုင်ရန် ရည်ရွယ်၍ မြို့အဝင်၊ မြို့တွင်း လမ်းများနှင့် ကမ်းနားလမ်း ရေပေါ်ညဈေးတို့ကို အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဘားအံ့မြို့နဲ့ ကျိုက်မရောမြို့ကနေ မော်လမြိုင်မြို့ကိုလာမယ်ဆိုရင် ၂ မိုင် ၇ ဖာလုံရှိတဲ့ ဖက်ခင်းလမ်းက မော်လမြိုင် မြို့ရဲ့ ဝင်ပေါက်ဖြစ်သလို ကုန်စည် စီးဆင်းရာမှာလည်း *စာမျက်နှာ ၄ ကော်လံ ၁* ❖





မြန်မာ့အလင်း

# အားလုံးပါဝင်ဆောင်ရွက်ရမည့် အမျိုးသားပညာရေးမြှင့်တင်မှု

ကမ္ဘာပေါ်တွင် နိုင်ငံများရပ်တည်မှုက ယှဉ်ပြိုင်မှုဖြင့် ရပ်တည်နေကြရခြင်းဖြစ်သည်။ ယှဉ်ပြိုင်နိုင်စွမ်းရှိသူတို့ကသာ တစ်ဆင့်ပြီးတစ်ဆင့် အထက်သို့ တက်လှမ်းသွားနိုင်ကြပြီး ယှဉ်ပြိုင်နိုင်စွမ်း ကင်းမဲ့သူတို့မှာ အောက်တန်း၌သာ ကျန်နေရစ်ခဲ့ရသည်။ နိုင်ငံတွင် မည်သည့်သဘာဝသယံဇာတမျှ မထွက်သည့်အတွက် အဓိကအကျဆုံးသော လူ့စွမ်းအားအရင်းအမြစ်ကို ပြုစုပျိုးထောင်မြှင့်တင်ခြင်းဖြင့် ကမ္ဘာ့အလယ်တွင် ဝင့်ထည်သော နိုင်ငံများအဖြစ် ရပ်တည်နိုင်သည့်နိုင်ငံများကို မိမိတို့အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၌ပင် တွေ့ရှိနိုင်သည်။ နိုင်ငံတစ်နိုင်ငံ၏ ယှဉ်ပြိုင်ရပ်တည်နိုင်မှု စွမ်းရည်ဆိုသည်မှာ ထိုနိုင်ငံရှိ လူ့စွမ်းအားအရင်းအမြစ်၏ အရည်အချင်းပင်ဖြစ်ရာ အရည်အချင်းမြင့်မားသည်နှင့်အမျှ ယှဉ်ပြိုင်နိုင်စွမ်းလည်း မြင့်မားမည်ဖြစ်သည်။

အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်ရေးတွင် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတို့၌ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုအားစိုက်ပြုလုပ်ပေးခြင်းဖြင့် ကျန်းမာကြံ့ခိုင်၍ ပညာတတ်မြောက်သော လူ့စွမ်းအားအရင်းအမြစ်များ ရရှိနိုင်မည်ကို လူသိများကြသော်လည်း အခြားသောကဏ္ဍများမှလည်း ဝိုင်းဝန်းမြှင့်တင်ရန် လိုအပ်ကြောင်း ပညာရှင်တို့က ထောက်ပြမှုများရှိသည်။ လက်ရှိ မိမိတို့နိုင်ငံတွင် ဆင်းရဲနွမ်းပါးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်းနှင့် ပညာရေးနိမ့်ကျခြင်းတို့မှာ ကရွတ်ကင်းလျှောက်သကဲ့သို့ တစ်ပတ်ပြီးတစ်ပတ် သံသရာလည်လျက်ရှိသည်။ ရလဒ်အနေဖြင့် နိုင်ငံတည်ဆောက်ရေးတွင် အသုံးပြုရမည့် လူ့စွမ်းအားများမှာ အရည်အသွေးနိမ့် ရွှေ့ပြောင်းအလုပ်သမားများအဖြစ် အိမ်နီးချင်းနိုင်ငံများ၏ အောက်ခြေအလုပ်သမားဈေးကွက်များသို့ ရောက်သွားရခြင်းပင်ဖြစ်သည်။

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၅/၂၀၂၂)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ “ပညာရေး မမြှင့်တင်ရင် တိုင်းပြည်ဘယ်လိုလုပ်မှကို တိုးတက်မှုမရှိနိုင်ဘူး၊ ကျွန်တော်တို့ဆန်းစစ်ချက်တွေအရ ပညာရေးဟာ နိမ့်ပါးပါတယ်။ တော်တော်ကို စိတ်မကောင်းစရာလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ လူဦးရေတစ်ဝက်လောက်က၊ တစ်ဝက်ကျော်ကျော်လောက်က အခြေခံပညာအလယ်တန်းနဲ့ အောက်မှာပဲရှိတယ်” ဟူ၍ ထည့်သွင်းပြောကြားခဲ့ပြီး “ပညာရေးကောင်းချင်ရင်၊ ပညာရေးနဲ့ ပတ်သက်ရင် ပညာရေးတစ်ခုတည်း ကျွန်တော်တို့အစိုးရ အားထည့်နေလို့ မရဘူး၊ ပြည်သူပြည်သားအားလုံးရဲ့ လူမှုဘဝစီးပွားကို တက်အောင်လုပ်ပေးမှရမယ်။ အဲဒီလိုသာ မလုပ်နိုင်ဘူးဆိုရင် အတူတူပဲ၊ တလည်လည်နဲ့ပဲ ဖြစ်နေမှာဖြစ်တယ်။ ဒါကြောင့် ပညာရေးမြှင့်တင်မှုပိုင်းဟာ ပညာရေးဝန်ကြီးဌာန တစ်ခုတည်းနဲ့မဆိုင်ဘူး၊ အားလုံးက ဆိုင်ပါတယ်။ အားလုံးနဲ့ဆိုင်တယ်”ဟူ၍လည်း ပြောကြားခဲ့သည်။

ပညာရေးနိမ့်ကျနေရခြင်းတွင် အခြေခံအကြောင်းရင်းများလည်းပါရှိနေရာ ပညာရေးမြှင့်တင်ရေးနှင့်အတူ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးရေးတို့ကိုပါ တစ်ပါတည်း ချိတ်ဆက်ဆောင်ရွက်နိုင်ရန် လိုအပ်သည်။ ယင်းလုပ်ငန်းများသည် ပမာဏကြီးမားသကဲ့သို့ ဆယ်စုနှစ်နှင့်ချီကာ အမျိုးသားရေးအသွင် မဖြစ်မနေဆောင်ရွက်သွားရမည့်လုပ်ငန်းလည်းဖြစ်သည်။ မည်သို့ပင်ဆိုစေ အဆိုးကြော့သံသရာမှ ရုန်းထွက်နိုင်ရန်မှာ စိတ်ဓာတ်၊ ဆန္ဒ၊ ဝီရိယနှင့် ဉာဏ်ပညာတို့ ဦးစီးကာ အားလုံးပါဝင်ခြင်းဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း။ ။

# ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

## စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ ပိုမိုရင်းနှီးမြှုပ်နှံလာစေရန် ဖိတ်ခေါ်

**ဘားအံ ဇူလိုင် ၃၀**

ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၅/၂၀၂၂)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၉ ရက် မွန်းလွဲပိုင်းက ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဒေသတွင်း ဓာတ်မြေသြဇာ သုံးစွဲခြင်းကို လျှော့ချ၍ သဘာဝမြေသြဇာများကို အစားထိုးသုံးစွဲလာစေရေးအတွက် လုပ်ငန်းရှင်များအား ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ရန်လိုကြောင်း၊ ဘားအံမွေးမြူရေးဇုန်သစ်ကို ဖော်ထုတ်ပေးခဲ့သည့်အတွက် ငွေကျပ် ရှစ်ဘီလီယံကျော်ခန့်ကို ဒေသခံမွေးမြူရေးလုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံခဲ့ကြပြီး ထပ်မံရင်းနှီးမြှုပ်နှံမည့်သူများလည်း ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်၍ ပိုမိုရင်းနှီးမြှုပ်နှံလာစေရန် ဖိတ်ခေါ်ရန်လိုပြီး ထိုသူများ သက်သာခွင့်ရရှိရန် ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူး ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းတိုးက ပြည်သူ့ခနကုမ္ပဏီလီမိတက်၏ စီးပွားဖြစ်စတင်ရန် တင်ပြထားခြင်းအပေါ် ကွင်းဆင်းစစ်ဆေးခဲ့မှု အခြေအနေ၊ ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ အဖွဲ့ဝင်ပြောင်းလဲခြင်း၊ Top Form Myanmar Co.,Ltd ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာသော ကော်မတီအဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြကာ ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၃၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၂ ခုနှစ် ဇူလိုင် ၃၀ ရက်အတွင်း ကုမ္ပဏီ လေးခု၊ ယာဉ်စီးရေ ခြောက်စီးဖြင့် နှာခေါင်းစည်း(Mask) ၄၂ ဒသမ ၁၃ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ဇူလိုင် ၁ ရက်မှ ၃၀ ရက်အတွင်း ကုမ္ပဏီ ၂၀၇၃ ခု၊ ယာဉ်စီးရေ ၃၅၆၃ စီးဖြင့် အောက်ဆီဂျင် အရည် (Bowser) ၄၄၁၀ ဒသမ ၂၇ တန်၊ အောက်ဆီဂျင်အရည် (အိုး) ၁၀၆၂ ဒသမ ၅၇၊ အောက်ဆီဂျင်ဓာတ်ငွေ့ (Bowser) ၇၄ ဒသမ ၃၅ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့(အိုး) ၁၈၉ ဒသမ ၅၇ တန်၊ အောက်ဆီဂျင် အရည် (storage Container/Tank) ၃၁ ခု၊ အောက်ဆီဂျင်အရည် (Distributor) ၁၆ ခု၊ အောက်ဆီဂျင် (အိုးခွံ) ၃၈၁ ဒသမ ၂၅၉ ခု၊ အောက်ဆီဂျင် (Plant) ၅၀၈ ခု၊ ဆေးရုံသုံး အောက်ဆီဂျင်ဖြည့်စက် ၁၃ ခု၊ အောက်ဆီဂျင်ဖြည့်ကိရိယာ ၁၄ စုံ၊ လုပ်ငန်းသုံးအောက်ဆီဂျင်စက် (Oxygen Genarator) ၁၀၃ ခု၊ အိမ်သုံး အောက်ဆီဂျင်စက် (Oxygen Concentrator) ၁၇၉ ဒသမ ၂၅၆ ခု၊ Covid Test kit ၆၀၅ ဒသမ ၄၂၉ ခု၊ PPE ဝတ်စုံ ၂၇၁၅ ဒသမ ၅၉၀၊ လက်အိတ် ၅၃၀ ဒသမ ၃၃၀ တန်၊ နှာခေါင်းစည်း (Mask) ၁၀၁၅၇ ဒသမ ၄၂ တန် တင်သွင်းခဲ့ကြောင်း သိရသည်။




ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOPများနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန်ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက် (၁၆) နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် **“ပန်းခင်း”**စီမံချက်ဖြင့် ရုံးတွင်ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်းဆောင်ရွက်ပေးခြင်းများကို (၃-၅-၂၀၂၁)မှ(၃-၁၁-၂၀၂၂) နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင် လည်းကောင်း၊ တည်းခိုနေထိုင်ရာ နေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ် (မှတ်ပုံတင်) ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ် (မှတ်ပုံတင်)ကို (၁-၄-၂၀၂၂) နေ့ (၆:၀၀) နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ် (မှတ်ပုံတင်) အစား ထောက်ခံစာများကို ပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်း အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

# တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်သူများကို ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ပညာသင်ထောက်ပံ့ကြေးချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၃၀**

၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း ထူးချွန်စွာအောင်မြင်ခဲ့သည့် ဥပဒေရေးရာဝန်ကြီး ဌာနမှ ဝန်ထမ်းများ၏ သားသမီးများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာသင်စရိတ် ထောက်ပံ့ချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ဝန်ကြီးဌာန၏ မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးက ကျောင်းသား/ ကျောင်းသူများအနေဖြင့် ကျောင်းသား/ ကျောင်းသူဘဝတွင် တပည့်ကောင်းများဖြစ်အောင် ကြိုးစားသကဲ့သို့ နောင်အချိန်တွင် တိုင်းပြည်ကို ပြန်လည်ဦးဆောင်ကြမည်ဖြစ်သည့်အတွက် ပညာပြည့်ဝရုံသာမက သန့်ရှင်းဖြူစင်သည့် ကိုယ်ကျင့်တရားများဖြင့် နေထိုင်တတ်ကြရန်လိုကြောင်း၊ မိမိတို့၏ မိသားစုဂုဏ်၊ ကျောင်း၏ဂုဏ်ကို ဆောင်နိုင်ခြင်းမှသည် နိုင်ငံတော်၏ ဂုဏ်ကိုပါ ထွန်းလင်းစေအောင် ကြိုးစားသွားကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ငါးဘာသာဂုဏ်ထူးရှင်ကိုလည်းကောင်း၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဦးစန်းလွင်က နှစ်ဘာသာဂုဏ်ထူးရှင်ကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်များက တစ်ဘာသာဂုဏ်ထူးရှင် ငါးဦးကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးကို ဆက်လက်ပေးအပ်ရာ မူလတန်းအဆင့် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀နှုန်း၊ အလယ်တန်းအဆင့် တစ်ဦးလျှင် ငွေကျပ် ၄၀၀၀၀နှုန်း၊ အထက်တန်းအဆင့် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀နှုန်းဖြင့် စုစုပေါင်း ကျောင်းသား/ ကျောင်းသူ ၁၆၈ ဦးအတွက် ငွေကျပ် ၈၂ သိန်းကျော် ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG နှင့် ဆက်သွယ်၍ Online စနစ်ဖြင့် Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ၊ ဆရာမများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရန် ဖိတ်ခေါ်

နေပြည်တော် ဇူလိုင် ၃၀

**အစိုးရ၏ ပညာရေးစနစ်ပျက်ပြားစေရန် ရည်ရွယ်၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG မှ အဖွဲ့ဝင် တရားခံပြေး ဇော်ဝေစိုးနှင့် ဂျာထွယ်ပန်တို့သည် Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်အား Online စနစ်ဖြင့် သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။**

၎င်းအစီအစဉ်တွင် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူထားသူ ကောင်းသိုက်စိုး (CDM ၊ လက်ထောက် မြို့နယ်ပညာရေးမှူး) အပါအဝင် ဝင်းဗိုလ်(ခ) ဘိုဘို(CDM ၊ မူလတန်းပြ) နှင့် သန့်စင်ထိုက် (CDM ၊ မူလတန်းပြ) တို့ သုံးဦးအား တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက် နေ့လယ်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့နယ် လှည်းရိုးရပ်ကွက်ရှိ ပြည့်တန်ဆာအခန်း၌ အမျိုးသမီးများနှင့်အတူ သောက်စားပျော်ပါးနေချိန် ဖမ်းဆီးရမိခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်ကို ဦးစီးဦးဆောင်ခဲ့သူများ၊ လူငယ်များကို လမ်းမှားရောက်စေရန် တွန်းပို့ခဲ့သူများမှအပ ၎င်းတို့၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုများကြောင့် ပါဝင်ခဲ့ရသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများအား တစ်စုံတစ်ရာအရေးယူမှု ပြုလုပ်သွားမည်မဟုတ်ကြောင်းကိုလည်း သတင်းများ၊ ဆက်သွယ်မေးမြန်းမှုများကို ဖြေကြားခြင်းများဖြင့် အသိပေးပြောကြားပြီး ဖြစ်သည်။

လက်ရှိအချိန်တွင် ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်များမှ စစ်ဆေးပေါ်ပေါက်ချက်များ အပေါ်အခြေခံ၍ Kaung For You Federal Private School တရားမဝင်စာသင်ကြားမှု အစီအစဉ်တွင် ပါဝင်သည့် ဆရာ ဆရာမများ၊ ငွေကြေးထောက်ပံ့မှုများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏ စာရင်းကို အသေးစိတ်ရရှိပြီး ဖြစ်သည်။

Kaung For You တရားမဝင် ပညာသင်ကြားမှု အစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများ အနက် အချို့သော ဆရာ ဆရာမများသည် မိမိတို့ လုပ်ဆောင်ခဲ့သည့် မှားယွင်းသည့် လုပ်ရပ်များအပေါ် အသိတရားရရှိခဲ့ပြီး အေးချမ်းစွာ နေထိုင်လိုသည့်အတွက် ကိုယ်တိုင်အသိတရားဖြင့် ပြန်လည်ဆက်သွယ်လာမှုများရှိသည်။ ထိုကဲ့သို့ သတင်းပို့ဆက်သွယ်လာသူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာ နေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့ရသည့် ဆရာ ဆရာမများအနေဖြင့် ဥပဒေဘောင်အတွင်း၌ အေးချမ်းစွာ နေထိုင်ဖြတ်သန်းနိုင်ရေးနှင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးတို့အတွက် နိုင်ငံတော်မှ သဘောထားကြီးစွာဖြင့် ပြန်လည်လက်ခံပေးသွားမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဩဂုတ် ၇ ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာ မြို့နယ်များရှိ စီမံအုပ်ချုပ်ရေးကောင်စီရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက် ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

❑ *ရှေ့ဖုံးမှ*

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီး ဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ် ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံစော်ဘွားဟော်နန်းတည်ဆောက်နေမှု၊ နောင်တုံကန် ကန်ပတ်လမ်းပလက်ဖောင်း ဆောင်ရွက်နေမှု၊ ကျိုင်းဖောင်းတံတားတည်ဆောက်နေမှုနှင့် ကျိုင်းတုံမြို့ မြို့ရှောင်လမ်း တည်ဆောက်နေမှုများ ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၃၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တိုင်းရင်းသား နယ်စပ်ဒေသများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် တိုင်းရင်းသားများ၏ ရိုးရာဓလေ့ အဆောက်အဦများ၊ ယဉ်ကျေးမှုရိုးရာ အသုံးအဆောင်များကို ချစ်မြတ်နိုးပြီး ပြန်လည်ထိန်းသိမ်းကာကွယ်စောင့်ရှောက်စေရန် လမ်းညွှန်ချက်အရ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ကျိုင်းတုံစော်ဘွားဟော်နန်း ပြန်လည် တည်ဆောက်နေမှုကို ယနေ့တွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်း၊ တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကျိုင်းတုံမြို့ရှိ နောင်တုံကန် ကန်ပတ်လမ်း ပလက်ဖောင်း ဆောင်ရွက်နေမှု၊ ကျိုင်းတုံ- တောင်ကြီးသွား ကားလမ်းပေါ်ရှိ နမ့်ခင်ချောင်းကို ဖြတ်ကူးသည့် ကျိုင်းဖောင်းတံတား တည်ဆောက်နေမှုနှင့် ကျိုင်းတုံမြို့ မြို့ရှောင်လမ်း ဖောက်လုပ်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ အမြန်ဆုံးသုံးစွဲနိုင်ရေးအတွက် တာဝါတိုင်ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို အမြန်ဆုံးပြီးစီးနိုင်ရေး ဆောင်ရွက်



**နေပြည်တော် ဇူလိုင် ၃၀**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် အတူ ယနေ့ နံနက်ပိုင်းတွင် ၂၃၀ ကေဗွီ မန်စံ-ရွှေစာရံ မဟာဓာတ်အားလိုင်းရှိ တိမ်းစောင်းချတ်ယွင်းမှု ဖြစ်ပွားခဲ့သော တာဝါတိုင်အမှတ် ၆၁၃ ပြန်လည်ပြင်ဆင်နေခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အရှေ့တောင်အာရှ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ပင်မထိန်းချုပ်ရေးစခန်း (မန္တလေး) တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ၂၃၀ ကေဗွီ မန်စံ-ရွှေစာရံ မဟာဓာတ်အားလိုင်းရှိ တိမ်းစောင်းချတ်ယွင်းမှုဖြစ်ပွားခဲ့သော တာဝါတိုင် အမှတ် ၆၁၃ ပြန်လည်ပြင်ဆင်နေခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ အမြန်ဆုံးသုံးစွဲနိုင်ရေးအတွက် တာဝါတိုင်ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို အမြန်ဆုံးပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် လုပ်ငန်းများဆောင်ရွက်စဉ် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းနှင့် မဒဲကျွန်းရေနံ သိုလှောင်စခန်းတို့မှ ရေနံနှင့် သဘာဝဓာတ်ငွေ့များ ပို့လွှတ်ပေးနေမှုကို ထိန်းချုပ်ဖြန့်ဖြူးပေးနေသည့် မန္တလေးမြို့ရှိ အရှေ့တောင်အာရှ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းပင်မ ထိန်းချုပ်ရေးစခန်း (မန္တလေး)သို့ ရောက်ရှိရာ အရှေ့တောင်အာရှရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဥက္ကဋ္ဌ Mr. Li Zinlin နှင့် တာဝန်ရှိသူများက ဓာတ်ငွေ့ပိုက်လိုင်း ပင်မထိန်းချုပ်ရေးစခန်းနှင့် ပိုက်လိုင်းတစ်လျှောက်ရှိ ထိန်းဖြန့်စခန်းများ၏ ဝန်ထမ်းအင်အားနှင့် လုပ်ငန်းဆောင်ရွက်နေမှု၊ သဘာဝဓာတ်ငွေ့အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နေသည့် စက်ရုံများသို့ သဘာဝဓာတ်ငွေ့များ ပို့လွှတ်နေမှု၊ ပိုက်လိုင်းနှင့် ဝင်ငွေရရှိမှုကို ရှင်းလင်းတင်ပြခဲ့ပြီး တာဝန်ရှိသူများမှ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြမှုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အရှေ့တောင်အာရှရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းသည် နှစ်နိုင်ငံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေပြီး ဝင်ငွေတိုးတက်ရရှိစေသော စီမံကိန်းတစ်ခု ဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ပြည်တွင်းသုံးသဘာဝ ဓာတ်ငွေ့များ ယခုထက်ပိုမိုရရှိ သုံးစွဲနိုင်ရေး အထူးအလေးထား ကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့များ စဉ်ဆက်မပြတ် ပို့လွှတ်ပေးနိုင်ရေး ပိုက်လိုင်းကြံ့ခိုင်မှုအတွက် လိုအပ်သောစစ်ဆေးခြင်းများ သတ်မှတ်အချိန်၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အလေးထားဆောင်ရွက်ရန်ဖြစ်ကြောင်း မှာကြားပြီး ပိုက်လိုင်းစခန်းအတွင်းရှိ Control Center၊ ရေနံနှင့် သဘာဝဓာတ်ငွေ့များ ဖြန့်ဖြူးပေးနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် နေပြည်တော်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ စစ်မှုထမ်းဟောင်းမိသားစုဝင် သား/ သမီး ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်

**နေပြည်တော် ဇူလိုင် ၃၀**

၂၀၁၉ – ၂၀၂၀ နှင့် ၂၀၂၁ – ၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် နေပြည်တော်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ စစ်မှုထမ်းဟောင်း မိသားစုဝင် သား/ သမီး ကျောင်းသား ကျောင်းသူများ ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ နာယက၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုဌာနချုပ်မှ အမှုဆောင်အဖွဲ့ဝင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာ အောင်မြင်ခဲ့သော စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၏ သား၊ သမီးကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ နာယက၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းက အမှာစကား ပြောကြားသည်။

ထို့နောက် နေပြည်တော် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေး အဖွဲ့ နာယက၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းက ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ် အဆင့်မြင့်ပညာအဆင့် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်ပညာသင်ဆုနှင့် ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာ ဂုဏ်ထူးရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ယင်းနောက် နေပြည်တော် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေး အဖွဲ့ကြီးကြပ်ရေး တာဝန်ခံ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့၊ ဗဟိုဌာနချုပ်မှ ဘဏ္ဍာရေးမှူး ဗိုလ်မှူးချုပ် ရဲနိုင်မျိုး (အငြိမ်းစား)က ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁ – ၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် လေးဘာသာ ဂုဏ်ထူးရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကိုလည်းကောင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်စိုးဦးက ၂၀၂၁ – ၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာ ဂုဏ်ထူးရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကိုလည်းကောင်း၊ နေပြည်တော် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်ကြီးဝင်းမြင့် (အငြိမ်းစား) က ၂၀၁၉– ၂၀၂၀ ပညာသင်နှစ်တက္ကသိုလ်ဝင် စာမေးပွဲတွင် သုံးဘာသာ ဂုဏ်ထူးရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကိုလည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ဆက်လက်၍ ပျဉ်းမနား မြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့များမှ တာဝန်ရှိသူများက ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁ – ၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ဂုဏ်ထူးရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။



**သတင်းစဉ်**

❖ *ရွှေဖုံးမှ*

အဓိကအချက်အချာကျတဲ့ လမ်းလည်းဖြစ်ပါတယ်။ နေ့စဉ် ယာဉ်ကြီး၊ ယာဉ်ငယ်တွေ မြို့ကိုအဝင် အထွက်များတဲ့အတွက် ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ဖို့နဲ့ ကုန်စည်တွေကို မြန်မြန်ဆန်ဆန် သယ်ယူပို့ဆောင်နိုင်ရန်အတွက် မူလလမ်း အကျယ် ၂၄ ပေရှိတဲ့ ကတ္တရာလမ်းကို အခုဆိုရင် လမ်းအကျယ် ၃၆ ပေရှိတဲ့ နိုင်လွန်ကတ္တရာလမ်းကို တိုးချဲ့ထားပါတယ်” ဟု မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ထွဋ်က ပြောသည်။



မော်လမြိုင်မြို့ဝင် ဟသ်ာအဝိုင်းတွင်ရှိသည့် ရေမြောင်းပလက်ဖောင်းတည်ဆောက်ခြင်း၊ free Lane များ တည်ဆောက်ခြင်း၊ Land scape များ တည်ဆောက်ခြင်းတို့ကို ယခုဘဏ္ဍာနှစ်တွင် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ မော်လမြိုင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက “တောင်ဝိုင်းလမ်းက မော်လမြိုင်တက္ကသိုလ်ရဲ့ အဓိကလမ်းမကြီးဖြစ်သလို တောင်ညိုတောင်ခြေရိုးမှာရှိတဲ့ ဘုရားစေတီတွေကို သွားတဲ့လမ်းမကြီးလည်းဖြစ်တယ်၊ တက္ကသိုလ်မှာ ပညာသင်ကြားနေတဲ့ ကျောင်းသား ကျောင်းသူတွေနဲ့ ဒေသခံပြည်သူတွေ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ဖို့ ရည်ရွယ်ပြီး မူလလမ်းအကျယ် ၂၄ ပေကနေ အခုဆိုရင် လမ်းအကျယ် ၃၆ ပေထိ တိုးချဲ့ ဆောင်ရွက်ထားပါတယ်” ဟု ပြောသည်။

အဆိုပါ တောင်ဝိုင်းလမ်း အရှည်ပေ ၄၃၅၃ပေ ကို အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီး ဖြစ်သော်လည်း နာဂဝံသချောင်းထိပ်မှ ဈေးချိုဝိုင်းအထိ ကျန်ရှိသည့် လမ်းပိုင်းကို ၂၀၂၃– ၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့တွင်းလမ်းများကဲ့သို့ ကမ်းနားလမ်း ရေပေါ်ညဈေးကိုလည်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်မှု ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကမ်းနားလမ်း ရေပေါ်ညဈေး အဆင့်မြှင့်တင်ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိက “ ယခင်ညဈေးတန်းရဲ့ ကမ်းနားလမ်းပေါ်မှာရှိတဲ့ Slab ဧရိယာပေါ်မှာ Welcome Mawlamyine စာလုံးပုံဖော်ပြီး Green Night ကျောက်အခင်းအလှဆင်မှု၊ ကိုယ်လက်လှုပ်ရှား ကျန်းမာရေးအတွက် အားကစားပစ္စည်းများ တပ်ဆင်မှု၊ Tennis Floor Paint အဆင့်မြှင့်တင်မှု ၊ အလှမီးများ တပ်ဆင်မှုနဲ့ မူလလျှောက်လမ်းမှာရှိတဲ့ ကြမ်းခင်းကို Clay tile တွေနဲ့ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်” ဟု ပြောသည်။

အဆိုပါ ကမ်းနားလမ်း ရေပေါ်ညဈေး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၂၂ ခုနှစ် ဇွန် ၇ ရက်မှ စတင်၍ တည်ဆောက်လျက်ရှိရာ အောက်တိုဘာ ၃၀ ရက်တွင် လုပ်ငန်းများ အားလုံး ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်း**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုများ လာရောက်လုပ်ကိုင်လျက်ရှိသောကြောင့် ပြည်သူများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာ

**ပုသိမ် ဇူလိုင် ၃၀**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ခွင့်ပြုမိန့်၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အတည်ပြုမိန့် ရယူပြီး လုပ်ငန်းဆောင်ရွက်လျက်ရှိသော ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားအား ယမန်နေ့ နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁) ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။ (ယာပုံ)




ထိုသို့ တွေ့ဆုံရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုများ လာရောက်လုပ်ကိုင်လျက်ရှိသောကြောင့် ပြည်သူများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာသည်ကို တွေ့ရှိရပါကြောင်း၊ တိုင်းဒေသကြီးအတွင်း၌ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများတွင် အထည်ချုပ်လုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ဆန်စပါးလုပ်ငန်းများ၊ ငါး၊ ပုစွန်၊ ကဏန်းမွေးမြူရေးလုပ်ငန်းများအပြင် အခြားလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလျက်ရှိပါကြောင်း၊ မိမိတို့တိုင်းဒေသကြီးသည် ရေခံမြေခံကောင်းမွန်ပြီး စိုက်ပျိုးမွေးမြူရေးအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအပြင် ခရီးသွားလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများလည်း ဖွံ့ဖြိုးလာရာ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်လာပါကြောင်းနှင့် မိမိတို့ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း လိုအပ်သည်များကို ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ကုမ္ပဏီများမှ စီးပွားရေးလုပ်ငန်းရှင်များက အထည်ချုပ်လုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ တန်ဖိုးမြှင့်ဆန်ထုတ်လုပ်တင်ပို့ရောင်းချခြင်းလုပ်ငန်း၊ ကဏန်းပျော့ထုတ်လုပ်တင်ပို့ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်မှုများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်အား ရှင်းလင်းတင်ပြခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ထပ်မံတိုးချဲ့မည့်အစီအမံများ၊ မြေအသုံးချမှုခွင့်ပြုချက်ရရှိရေး၊ လျှပ်စစ်မီး ပိုမိုရရှိရေး ဆွေးနွေးချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ပေးခဲ့ပြီး စိုက်ပျိုးမွေးမြူရေးအခြေခံသည့် စက်ရုံအလုပ်ရုံများ ပိုမိုတိုးတက်ရင်းနှီးမြှုပ်နှံလာစေရန်အတွက် အလားအလာကောင်းများကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြောင်းသိရသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပုသိမ်ပြည်သူ့ဆေးရုံ ကိုးထပ် တိုးချဲ့ဆောင် ဆောက်လုပ်နေမှုအခြေအနေများကို သွားရောက်စစ်ဆေးခဲ့ရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်းတင်ပြခဲ့မှုအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းများပြည့်မီရေး၊ လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းစေရေးနှင့် သတ်မှတ်ကာလများအတွင်း အချိန်မီ ပြီးစီးစေရေးတို့အား အလေးထားဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ပြီး ဆေးရုံအတွင်းပတ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ Waste Water Treatment ကန် ပြုလုပ်နေမှု၊ လူနာခန်းရှိToilet တွင်း လက်ကိုင်တန်း တပ်ဆင်ထားမှုနှင့် View Point တွင် Composite ပြားများ တပ်ဆင်ပြီးစီးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ၏ (၁/၂၀၂၂)လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**မုံရွာ ဇူလိုင် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ၏ (၁/၂၀၂၂) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့က တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ အစည်းအဝေးသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(အောက်ပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လူငယ်များသည် နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သည့် ကြီးမားသော လူ့စွမ်းအားအရင်းအမြစ် ဖြစ်ကာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ထူးခြားသောအင်အားစုတစ်ရပ်ဖြစ်ပြီး လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လူငယ်များအနေဖြင့် ပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပိုမိုကျယ်ပြန့်စွာ ပါဝင်ဆောင်ရွက်နိုင်ရေးကို မိမိတို့လုပ်ငန်းကော်မတီအနေဖြင့် အလေးအနက်ထား ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။



လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်ရေးရာလှုပ်ရှားမှု တစ်ရပ်အနေဖြင့် တိုင်းဒေသကြီး အားကစားကွင်းတွင် ဘောလုံး၊ ဖူဆယ်၊ ကရာတေး၊ စားပွဲတင်တင်းနစ်၊ Fitness Dance၊ ပိုက်ကျော်ခြင်း၊ ရိုးရာခြင်းလုံး၊ တင်းနစ်၊ မြန်မာ့သိုင်း၊ ပြေးခုန်ပစ်ပြိုင်ပွဲများကိုလည်း ကျင်းပပေးခဲ့ကြောင်း။

တိုင်းဒေသကြီး လူငယ်ရေးရာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ အပြည့်အဝ အကောင်အထည်ဖော်နိုင်ရေးတွက် နည်းလမ်းများ၊ လိုအပ်ချက်များကို တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးပေးကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်က လူငယ်ရေးရာကော်မတီ ဖွဲ့စည်းထားမှု အခြေအနေများအား လည်းကောင်း၊ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းနှင့် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သန္တာထွေးတို့က လူငယ်ရေးရာကော်မတီ၏ လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသော ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လူငယ်ရေးရာကော်မတီ၏ လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ အသီးသီး ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က လူငယ်ရေးရာကော်မတီ၏ လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ အသီးသီး အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်း ပေါင်းစပ်ဆောင်ရွက်ပေးကာ နိဂုံးချုပ်စကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လယ်ဝေးမြို့နယ်အတွင်း e-ID စနစ်ဖြင့် နိုင်-၄ နှင့်ချိတ်ဆက်၍ ပုံစံ (၆၆/၆) စာရင်းများ ရေးသွင်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**လယ်ဝေး ဇူလိုင် ၃၀**

နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးကျော်သိန်းဆိုင်သည် ယနေ့ နံနက်က လယ်ဝေးမြို့နယ်ဦးစီးမှူးရုံး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာနတွင် e-ID စနစ်ဖြင့် နိုင်-၄ နှင့်ချိတ်ဆက်၍ ပုံစံ (၆၆/၆) အိမ်ထောင်စုလူဦးရေစာရင်းများ ရေးသွင်းနေမှုအား လာရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



ဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင်က မဲစာရင်းများ မှန်ကန်စေရေးနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် နိုင်-၄ နှင့် ပုံစံ(၆၆/၆) အိမ်ထောင်စုဇယားများအား ရေးသွင်းပြုစုရာတွင် မှန်ကန်မြန်ဆန်စေရေး အလေးထားဆောင်ရွက်ရန်၊ အင်တာနက်လိုင်းနှင့် လျှပ်စစ်မီးများ ပြတ်တောက်မှုမရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် စသည်တို့ကိုမှာကြားသည်။

ဆက်လက်၍ လယ်ဝေးခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်သက်၊ မြို့နယ်ဦးစီးမှူး ဦးခင်မောင်ထွေးနှင့် ဝန်ထမ်းများက မိမိတို့တာဝန်ကျဒေသများအလိုက် ခွဲဝေဆောင်ရွက်နေမှုများနှင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီအဖွဲ့ဝင်က လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တရားမှုနှင့် မတရားမှု၊ ဓမ္မနဲ့ အဓမ္မ ခွဲခြားနားလည်ကြဖို့ရာ

ဓမ္မဘက်တော်သား

### ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် အမျိုးသမီးတစ်ဦးကို သုံးပုံးမတီးသည့်ကိစ္စရပ်အပေါ် လူမဆန်စွာဖြင့် ရက်ရက်စက်စက်သတ်ဖြတ်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်နေသူအချို့အား ဖမ်းဆီးရမိ

နေပြည်တော် မတ် ၂၂

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် မတ် ၁၄ ရက်က သုံးပုံးမတီးသည့် ကိစ္စရပ်ကို အကြောင်းပြု၍ အပြစ်မဲ့အမျိုးသမီးတစ်ဦးအား လူ့အုပ်စုဖြင့် ဖမ်းဆီးညှဉ်းပန်းနှိပ်စက်ခြင်း၊ အကြမ်းဖက်လူ့အုပ်စုဖြင့်စစ်ဆေးပြီး နေအိမ်တွင်ချုပ်နှောင်ကာ မတ် ၁၅ ရက် နံနက် ၁၀ နာရီခန့်တွင် ဝက်ကြီးနှင့် ကတုံး ဆိုသူ(၂)ဦးသည် အမျိုးသမီးကို မော်တော်ယာဉ်ဖြင့် လာရောက်ခေါ်ဆောင်ကာ တွံတေးမြို့နယ် ဖျောက်ရိုးကျေးရွာအနီးတွင် ရက်စက်ယုတ်မာစွာ ဓားဒဏ်ရာ (၇)ချက်ဖြင့် သတ်ဖြတ်ခဲ့မှုနှင့် ပြစ်မှုကျူးလွန်သူများမှာ ထွက်ပြေးတိမ်းရှောင်နေကြောင်း သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ရှာဖွေခြင်း၊ ရပ်ကွက်/ ကျေးရွာများအလိုက် ဧည့်စာရင်းစစ်ဆေးခြင်းများကို ဖိဖိစီးစီး ဆောင်ရွက်ခဲ့ရာ တရားခံပြေးဖြစ်သူ လှမျိုးအောင်(ခ)ကိုမျိုး(ခ)ဝက်ကြီး(၄၄)နှစ် (ဘ)ဦးမြလှိုင်၊ (မိ)ဒေါ်လှမြင့်၊ ၁၂/လသယ(နိုင်)၀၃၀၇၆၃၊ ဗမာ/ဗုဒ္ဓ၊ ထမင်းရောင်း၊ အမှတ် ၅၁၆(က)၊ အဆောင် (၅)၊ အောင်တံခွန်လမ်း၊ (၇)ရပ်ကွက်၊ လှိုင်သာယာအရှေ့မြို့နယ်နှင့် ၎င်း၏ဇနီးဖြစ်သူ ကြူကြူသင်း(၃၇)နှစ် (ဘ)ဦးလှစော၊ ၁၂/အစန(နိုင်)၂၀၄၈၄၅ တို့(၂)ဦးအား ဘုရားသုံးဆူကျေးရွာ လှည်းကူးမြို့နယ်တွင် မတ် ၂၂ ရက် ညနေ ၅ နာရီတွင် မျိုးဇော်ဦး(စိစစ်ဆဲ) ၏နေအိမ်တွင် ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိသူ တရားခံ(၂)ဦးနှင့် တရားခံပြေးမှန်းသိပါလျက်နှင့် လက်ခံထားရှိသူ မျိုးဇော်ဦးတို့ကို ဥပဒေအရ ထိထိရောက်ရောက်

လှိုင်သာယာမြို့နယ်မှ အမျိုးသမီးတစ်ဦးအား လူမဆန်စွာဖြင့် ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သူ တရားခံ လှမျိုးအောင်(ခ)ကိုမျိုး(ခ)ဝက်ကြီး အား ဖမ်းဆီးရမိသည့်သတင်း။

**“ဂျပန်နိုင်ငံမှာ လတ်တလော ဇူလိုင်လ ၂၆ ရက်နေ့ကတင် လူခုနစ်ဦးသေဆုံးခဲ့ရတဲ့ ဓားနဲ့တိုက်ခိုက်မှုမှာ ပြစ်မှုထင်ရှားလို့ မသေမချင်းကြိုးကွင်းစွပ် ပြစ်ဒဏ်စီရင်ခံရတဲ့ သေဒဏ်ပေးမှုသတင်းတစ်ခု ဖတ်လိုက်ရပါတယ်။ ဂျပန်သမိုင်းမှာ အဆိုးရွားဆုံး မိုက်မိုက်ကန်းကန်း တိုက်ခိုက်မှုအတွက် ချမှတ်သင့်တဲ့ ပြစ်ဒဏ်စီရင်ချက်တစ်ခုအဖြစ် အတော်များများက လက်သင့်ခံကြတာတွေ့ရသလို လူခုနစ်ဦးသတ်ခဲ့တဲ့ လူသတ်သမားကို သူရဲကောင်းကြီးအဖြစ် ချီးကျူးသူကောင်းပြုတဲ့ မရင့်ကျက်မှုမျိုး ဂျပန်လူ့အဖွဲ့အစည်းမှာ မရှိတာကိုလည်း သတိထားမိပါတယ်”**

အမျိုးသမီးတစ်ယောက်ကို ဓားနဲ့အချက်ပေါင်းများစွာထိုးပြီး ဆွဲကြိုးယူ၊ လက်စွပ်ဖြုတ်၊ လူမဆန်စွာသတ်ဖြတ်ခဲ့ကြတဲ့ ယောကျ်ားရင့်မာကြီးတွေကိုမှ သူရဲကောင်းအာဇာနည်တွေလို့ သတ်မှတ်ခံရတဲ့ နိုင်ငံမှာနေတဲ့ ငါတို့တွေ။ အကြမ်းဖက်သမားတွေ လက်ချက်နဲ့ အသတ်ခံခဲ့ရတဲ့သူတွေရဲ့ ဆွေမျိုးတွေ၊ ညီအစ်ကိုမောင်နှမသားသမီးတွေ၊ မိခင်တွေ၊ ဖခင်တွေ သူတို့ရဲ့မျက်ရည်တွေ မခန်းခြောက်သေးပါဘူး။ သေသူတွေရဲ့ တောင်းပန်ခယသံတွေ၊ ညည်းညူသံတွေ မစဲသေးပါဘူး။ ကျန်ရစ်သူတွေရဲ့ သောကမီးတွေ မငြိမ်းသေးပါဘူး။ ကရုဏာတရား ကိုယ်ချင်းစာထားပြီး အသိတရားရှိရှိနားလည်ပေးစေချင်ပါတယ်။

**လူမဆန်တဲ့ သတ်ဖြတ်မှုဖြစ်စဉ်ဖြစ်ရပ်**

တပ်မတော်က အာဏာထိန်းပြီးစ ၂၀၂၁ ခုနှစ် မတ်လ ၁၅ ရက်နေ့က အဖြစ်အပျက်တစ်ခုပါ။ လှိုင်သာယာမြို့နယ် အောင်မေတ္တာရပ်ကွက်မှာ အိမ်ငှားနေထိုင်ရှာတဲ့ အသက် ၃၁ နှစ်ခန့်ရှိ အမျိုးသမီးတစ်ဦး။ ထိုအမျိုးသမီးက အများနည်းတူ ည ၈ နာရီ သံပုံးမတီးလို့ဆိုပြီး သူလျှို၊ ဒလန်လို့စွပ်စွဲပြီး တရားခံ ဝက်ကြီးနဲ့ကတုံးဆိုသူ နှစ်ယောက်က အခြားဆူပူအကြမ်းဖက် ရပ်ကွက်လူဆိုးလူမိုက် ၂၀ ခန့်နဲ့ သူ့အိမ်ကနေ ကြိုးတုပ်ဖမ်းခေါ်၊ ဘုန်းကြီးကျောင်းနဲ့ ဓမ္မာရုံမှာ နှိပ်စက်ညှဉ်းပန်းစစ်ဆေးပြီး သူ့ကို သူ့အိမ်ပေါ် ပြန်ခေါ်ပြီးနှိပ်စက်၊ သော့ခတ်ချုပ်ထား၊ နောက်နေ့မှာ တရားခံ ဝက်ကြီးနဲ့ ကတုံးတို့က ထိုအမျိုးသမီးကို ကားနဲ့ပြန်ခေါ်ထုတ်၊ တွံတေး-လှိုင်သာယာကားလမ်း ဖျောက်ရိုးကျေးရွာအနီးအရောက်မှာ ကားပေါ်မှာတင် သွေးဆာနေတဲ့ မိစ္ဆာတွေက ပါလာတဲ့ဓားနဲ့ထိုး၊ အမျိုးသမီးကို ကားအောက်ဆွဲချ၊ ဓားနဲ့ထပ်ထိုး၊ စုစုပေါင်း ဓားဒဏ်ရာ ခုနစ်ချက်နဲ့ အမျိုးသမီးဝတ်ဆင်ထားတဲ့ ရွှေဆွဲကြိုး၊ ရွှေလက်စွပ်တွေဖြုတ်ယူ၊ ဝဋ်ကြီးလွန်းလှတဲ့ ထိုအမျိုးသမီးကို မသေမချင်းသတ်ပြီး ချုံပုတ်ထဲမှာ ပစ်ထားခဲ့တဲ့ ရာဇဝတ်မှုပါ။ သေသူအမျိုးသမီးဟာ လက်ဝတ်လက်စားတွေကိုတော့ယူပြီး သူ့ကို အသက်ချမ်းသာပေးဖို့ ခယတောင်းပန်ခဲ့ပါသေးတယ်။ ဒီအမှုတွေကြောင့်ပဲ စစ်ခုံရုံးဖွဲ့ ရာဇသတ်ကြီး ပုဒ်မ ၃၀၂ အရ ပြစ်မှုထင်ရှားတဲ့အတွက် ၂၀၂၁ ခုနှစ် ဧပြီလ ၁၂ ရက်နေ့မှာ တရားခံဝက်ကြီးနဲ့ ကတုံးတို့ကို သေဒဏ်အပြစ်ဒဏ် ချမှတ်ခဲ့တာ ဖြစ်ပါတယ်။

**ဒီမိုကရေစီအရေးလည်းမဟုတ်၊**

**နိုင်ငံအရေးလည်း မဟုတ်**

ဘာကြောင့် ယခုလို အမြင့်ဆုံးအပြစ်ဒဏ် ချမှတ်ခဲ့ရပါသလဲ။ ထင်ရှားလွန်းလှတဲ့ ပြစ်မှုတစ်ခုပါ။ ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းဆိုရင် ဘယ်လိုမှ လက်ခံနားလည်ပေးလို့မရတဲ့ ရာဇဝတ်မှုကြီးပါ။ အဲဒီအမျိုးသမီးဟာ တကယ့်သူလျှို၊ ဒလန်တစ်ဦးလည်း မဟုတ်ခဲ့ပါဘူး။ လူမဆန်တဲ့ သတ်ဖြတ်မှုတွေကို သွေးအေးအေးနဲ့ ကျူးလွန်ခဲ့ကြတာပါ။ ရက်ရက်စက်စက် အကြမ်းဖက်သတ်ဖြတ်ခဲ့သူတွေကို အထိရောက်ဆုံး ပြစ်ဒဏ်ပေးခြင်းဟာ အကြမ်းဖက်လုပ်ရပ်မဟုတ်မှန်း ဦးနှောက်ရှိသူတိုင်း စဉ်းစားတတ်ကြလိမ့်မယ် ထင်ပါတယ်။

ကိုယ်နဲ့အမြင်မတူတိုင်း အကြမ်းဖက်သတ်ဖြတ်ခဲ့ကြတဲ့ အကြမ်းဖက်သမားတွေကို ဘာကြောင့် ဒီမိုကရေစီအရေးနဲ့ လူ့အခွင့်အရေး ခေါင်းစဉ်အောက်မှာ သတ်မှတ်ရမှာလဲ။ သူတို့ကို သေဒဏ်ပေးခဲ့ခြင်းဟာ နိုင်ငံရေးကြောင့်လည်း မဟုတ်ဘူး၊ ပုဂ္ဂိုလ်ရေးကြောင့်လည်း မဟုတ်ပါဘူး။ အပြစ်မဲ့တဲ့လူသားတွေကိုသတ်လို့ ထိုက်ထိုက်တန်တန် စီရင်ခဲ့တာပါ။ ရက်စက်စွာနဲ့ လူမဆန်စွာ သတ်ဖြတ်ခဲ့လို့ အပြင်းထန်ဆုံး အပြစ်ပေးရတာပါ။ ခေါင်းစဉ်ပြောင်းပြီး ပြည်သူကိုချမနင်းပါနဲ့၊ ခုတုံးမလုပ်ပါနဲ့၊ ခေတ်သစ်အပေါအပြောတွေနဲ့ သွေးဆာပြချင်သူတွေအောက်မှာ သွေးမဆာပြကြပါနဲ့လို့ တိုက်တွန်းနှိုးဆော်လိုပါတယ်။

**ဘယ်အချိန်ဘယ်အခါမှန်းမသိလိုက်ရဘဲ**

**သတ်ဖြတ်ခံရမှုတွေ**

လှိုင်သာယာက ရက်စက်တဲ့ လူသတ်မှုကို ကြည့်ရင် ကားပေါ်မှာ ဓားနဲ့ထိုးသတ်တယ်၊ ကားပေါ်ကဆွဲချ မြေပေါ်မှာဓားနဲ့ထပ်ထိုး၊ လမ်းဘေးမှာ လမ်းပေါ်မှာပဲ ဒလန်ခေါင်းစဉ်တပ်ပြီး သေဒဏ်စီရင်တယ်ဆိုပါလား။ အကြမ်းဖက်အုပ်စုတွေဟာ ဒီလိုပဲ သူတို့နဲ့ အမြင်မတူသူတိုင်းကို ခေါင်းစဉ်အမျိုးမျိုးတပ်ပြီး ခုခံချေပခွင့်မပေးဘဲ တရားမရှိ အဓမ္မသတ်ခဲ့ဖြတ်ခဲ့ကြတယ်။ တချို့က ကိုယ့်အိမ်မှာ၊ တချို့က လက်ဖက်ရည်ဆိုင်မှာ၊ တချို့က ဘုန်းကြီးကျောင်းမှာ၊ ဓမ္မာရုံမှာ ဆွမ်းဘုဉ်းရင်း၊ တချို့က ခရီးသွားရင်း၊ ဘုရားဖူးရင်း၊ တချို့က တစ်ဝမ်းတစ်ခါးစျေးရောင်းရင်း၊ တချို့က နိုင်ငံ့တာဝန်ထမ်းဆောင်ရင်း၊ တချို့က လက်နက်ကိုင်အဖွဲ့တွေရဲ့ အကြမ်းဖက်စခန်းများမှာ ဘာမှမသိလိုက်ရဘဲ အသက်ထွက်ခဲ့ကြရတယ်။ တချို့နေရာတွေမှာ တချို့သူတွေဟာ ယောကျ်ား/မိန်းမမခွဲ ပြန်ပြောလို့ မသင့်လောက်အောင် ရှုံ့ရှာစက်ဆုပ်ဖွယ်ကောင်းလောက်အောင် ထူးထူးဆန်းဆန်း သတ်နည်းပေါင်းစုံနဲ့ အသတ်ခံခဲ့ကြရတာ ဖြစ်တယ်။

**ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းကတော့**

**ဓမ္မနဲ့အဓမ္မ ခွဲခြားနားလည်နိုင်သည်သာ**

မြန်မာနိုင်ငံမှာ အကြမ်းဖက်ဖြစ်စဉ်တွေနဲ့ ယှဉ်တွဲပြီး သေဒဏ်ပေးမှုတွေရှိလာနေတာမှာ မြန်မာ့လူ့အဖွဲ့အစည်းမှာ ပြောကြဆိုကြ၊ ဆွေးနွေးသုံးသပ်ကြနဲ့ ငြင်းခုံဝေဖန်သံတွေ သောသောညံသွားခဲ့ကြတယ်။ အတွင်းအပြင် ဝေဖန်သူတွေက သေဒဏ်ပေးခံရတဲ့သူတွေအပေါ် ဒီမိုကရေစီအရေး နိုင်ငံရေးနဲ့ယှဉ်ပြီး ပြစ်တင်ကြတယ်၊ ရှုတ်ချကြတယ်ပေါ့။ ပြည်တွင်းက လစ်ဘရယ်အစွန်းရောက် ကွန်မြူနစ်ဝါဒီတွေကတော့ အမှန်နဲ့အမှား၊ ဓမ္မနဲ့အဓမ္မကို အစွဲတွေနဲ့ ခွဲခြားမမြင်နိုင်ကြတာ သဘာဝကျပါတယ်။ ပြည်ပက ကြိုးဆွဲဆရာကြီးများကတော့ သေဒဏ်ပေးသင့်၊ မပေးသင့် သူတို့ဦးနှောက်တွေနဲ့ စဉ်းစားတတ်ကြသူတွေပါ။ မသိချင် မမြင်ချင်ယောင် ဆောင်နေကြခြင်းသာ ဖြစ်ပါတယ်။ ယဉ်ကျေးဖွံ့ဖြိုးတဲ့ သူတို့လူ့အဖွဲ့အစည်းထဲ ဒီလိုရိုင်းစိုင်းမှုမျိုးတွေ ဘယ်လက်ခံကြပါ့မလဲ၊ သူတို့သိကြပါတယ်။ သူတို့ အကျိုးစီးပွားအတွက် ဝင်ရောက်စွက်ဖက်လိုကြတဲ့အတွက် ဆင်ခြေဆင်လက်ပေးနေကြခြင်းသာ ဖြစ်ပါတယ်။

လူ့ယဉ်ကျေးတို့ ထွန်းကားရာ အာရှက ဖွံ့ဖြိုးတိုးတက်နေတဲ့ ဂျပန်နိုင်ငံကိုပဲ ကြည့်ရအောင်ပါ။ သေဒဏ်ပေးလို့ မြန်မာနိုင်ငံကို ဝေဖန်တဲ့နိုင်ငံတွေမှာ ဂျပန်လည်း ပါပါတယ်။ ဂျပန်နိုင်ငံမှာ လတ်တလော ဇူလိုင်လ ၂၆ ရက်နေ့ကတင် လူခုနစ်ဦးသေဆုံးခဲ့ရတဲ့ ဓားနဲ့တိုက်ခိုက်မှုမှာ ပြစ်မှုထင်ရှားလို့ မသေမချင်းကြိုးကွင်းစွပ် ပြစ်ဒဏ်စီရင်ခံရတဲ့ သေဒဏ်ပေးမှုသတင်းတစ်ခု ဖတ်လိုက်ရပါတယ်။ ဂျပန်သမိုင်းမှာ အဆိုးရွားဆုံး မိုက်မိုက်ကန်းကန်း တိုက်ခိုက်မှုအတွက် ချမှတ်သင့်တဲ့ ပြစ်ဒဏ်စီရင်ချက်တစ်ခုအဖြစ် အတော်များများက လက်သင့်ခံကြတာတွေ့ရသလို လူခုနစ်ဦးသတ်ခဲ့တဲ့ လူသတ်သမားကို သူရဲကောင်းကြီးအဖြစ် ချီးကျူးသူကောင်းပြုတဲ့ မရင့်ကျက်မှုမျိုး ဂျပန်လူ့အဖွဲ့အစည်းမှာ မရှိတာကိုလည်း သတိထားမိပါတယ်။

**မတူတဲ့သဘောထား ချမှတ်ကြတာလည်းတွေ့ရပြန်**

သတ်သူကလည်း သူ့ဘဝသူ့အကြောင်းနဲ့သူ၊ အသတ်ခံရသူတွေကလည်း ဘာအငြိုးအတေးမှ မရှိဘဲ အသတ်ခံရ၊ ပြင်းထန်တဲ့စီရင်ချက်တစ်ခု ဖြစ်ပေမယ့် သူကျူးလွန်ခဲ့တဲ့ပြစ်မှုအပေါ်မှာ နောင်တရခြင်း အလျဉ်းမရှိ၊ အသတ်ခံရသူတွေကို နောင်တရပြီး ပြန်တောင်းပန်တဲ့အထိ တာဝန်ယူ တာဝန်ခံမှုဆိုတဲ့ လူ့ယဉ်ကျေးမှုပုံစံကောင်းတစ်ခုကိုပါ ဂျပန်နိုင်ငံ ဥပမာက ပြသနိုင်ခဲ့တာတွေ့ရပါတယ်။ အတုယူစရာ ရှိပေမယ့်လည်း သေဒဏ်ပေးခြင်းအပေါ် နိုင်ငံတကာရဲ့မှတ်ချက်တွေအပေါ်မှာတော့ လျစ်လျူရှုခဲ့ကြတာပါပဲ။ ဒီလိုနိုင်ငံတကာရဲ့ ဖိအားအပေါ် အာခံခဲ့တဲ့ ဂျပန်နိုင်ငံဟာ မြန်မာနိုင်ငံ သေဒဏ်ပေးတဲ့အခြေအနေကိုတော့ နားလည်မှုမရှိ ဝင်ရောက်စွက်ဖက်နေတာကိုလည်း တွေ့ရပြန်ပါတယ်။ ဒီလိုဂျပန်က မြန်မာအပေါ်ထားတဲ့ ဥပမာလို မတူညီတဲ့သဘောထားမျိုး အများအပြားတွေ့ရတာဟာ မြန်မာနိုင်ငံအတွက်တော့ အထူးအဆန်းမဟုတ် ရိုးအီနေပြီဖြစ်ပါတယ်။

*စာမျက်နှာ ၇ သို့*

**❑ မြန်မာနိုင်ငံမှာ အကြမ်းဖက်ဖြစ်စဉ်တွေနဲ့ ယှဉ်တွဲပြီး သေဒဏ်ပေးမှုတွေရှိလာနေတာမှာ မြန်မာ့လူ့အဖွဲ့အစည်းမှာ ပြောကြဆိုကြ၊ ဆွေးနွေးသုံးသပ်ကြနဲ့ ငြင်းခုံဝေဖန်သံတွေ သောသောညံသွားခဲ့ကြတယ်။ အတွင်းအပြင် ဝေဖန်သူတွေက သေဒဏ်ပေးခံရတဲ့သူတွေအပေါ် ဒီမိုကရေစီအရေး နိုင်ငံရေးနဲ့ယှဉ်ပြီး ပြစ်တင်ကြတယ်၊ ရှုတ်ချကြတယ်ပေါ့။ ပြည်တွင်းက လစ်ဘရယ်အစွန်းရောက် ကွန်မြူနစ်ဝါဒီတွေကတော့ အမှန်နဲ့အမှား၊ ဓမ္မနဲ့အဓမ္မကို အစွဲတွေနဲ့ ခွဲခြားမမြင်နိုင်ကြတာ သဘာဝကျပါတယ်။ ပြည်ပက ကြိုးဆွဲဆရာကြီးများကတော့ သေဒဏ်ပေးသင့်၊ မပေးသင့် သူတို့ဦးနှောက်တွေနဲ့ စဉ်းစားတတ်ကြသူတွေပါ။ မသိချင် မမြင်ချင်ယောင် ဆောင်နေကြခြင်းသာ ဖြစ်ပါတယ်။**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းရေး ဆွေးနွေး



**မုံရွာ ဇူလိုင် ၃၀**
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသတည်ငြိမ်အေးချမ်းရေး အကောင်အထည်ဖော်ဆောင်ရွက်နေသည့်လုပ်ငန်းများ အောင်မြင်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ တက်ရောက်ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌတို့က Video Conferencing စနစ်ဖြင့် တက်ရောက်သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က တိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းရေးအတွက် ခရိုင်နှင့်မြို့နယ်အလိုက် လုပ်ဆောင်ရမည့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေးနှင့် စည်းရုံးရေးဆိုင်ရာလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ကြရန်၊ တိုင်းဒေသကြီးအတွင်းရှိ လမ်းပန်းဆက်သွယ်မှု လမ်းကြောင်းများတွင် အမြဲလုံခြုံစွာ သွားလာနိုင်ရေးအတွက် လုံခြုံရေးတာဝန်ရှိသူများက ဆောင်ရွက်ကြရန် အမှာစကားပြောကြားသည်။ (ယာပုံ)

တိုင်းဒေသကြီးအတွင်းရှိ ကလေးခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်၊ ခန္တီးခရိုင်များမှ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌတို့က Video Conferencing စနစ်ဖြင့် ခရိုင်/မြို့နယ်များ၌ ဒေသတည်ငြိမ်အေးချမ်းရေး အကောင်အထည်ဖော် ဆောင်ရွက်နေသည့်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကာ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးညဏ်မြင့်ကျော်က တိုင်းဒေသကြီးအတွင်း ဒေသတည်ငြိမ်အေးချမ်းရေး ဆောင်ရွက်နေမှုအခြေနေများ၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးက ခရိုင်/မြို့နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများအောင်မြင်ရေးအတွက် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# မော်လမြိုင်မြို့ တိုးချဲ့ကမ်းနားလမ်းရှိ သဲသောင်ပြင်နေရာတွင် ရာမညကစားကွင်း တည်ဆောက်မည်

**မော်လမြိုင် ဇွန် ၃၀**
မော်လမြိုင်မြို့ သာယာလှပရေးနှင့် ဒေသခံပြည်သူများ အပန်းဖြေအနားယူနိုင်ရန် ရည်ရွယ်၍ မော်လမြိုင်မြို့ တိုးချဲ့ကမ်းနားလမ်းရှိ သဲသောင်ပြင်နေရာတွင် အလျားပေ ၅၀၀၊ အနံပေ ၁၁၀ ရှိသည့် ရာမညကစားကွင်းကို တည်ဆောက်မည် ဖြစ်ကြောင်း သိရသည်။




"အခု တည်ဆောက်မယ့် ရာမညကစားကွင်းမှာ စကိတ်ကွင်း၊ ဖျော်ဖြေရေးဇရိယာအတွင်း စတိတ်စင်၊ မြစ်ကမ်းသာလျှောက်လမ်းတစ်လျှောက် လမ်းမီးတွေနဲ့ ကစားကွင်းအတွင်း အလှမီးတိုင်တွေ၊ သပ်ရပ်လှပတဲ့ မြေယာရှုခင်းပေါ်မှာ သစ်ပင်၊ ပန်းပင်၊ ကလေးကစားကွင်းနဲ့ နားနေထိုင်ခုံတွေ ပါရှိမှာ ဖြစ်ပါတယ်။ ဒါ့အပြင် နေဝင်ဆည်းဆာအလှ ကြည့်ရှုဖို့နေရာ၊ မသန်စွမ်းသူတွေ အဆင်ပြေစွာ သွားလာအသုံးပြုနိုင်ဖို့ သီးသန့် သန့်စင်ခန်းအပြင် သာမန်ပြည်သူတွေ အသုံးပြုဖို့ အများသုံး ခေတ်မီသန့်စင်ခန်းနဲ့ ယာဉ်ရပ်နားဖို့နေရာလည်း ပါရှိမှာဖြစ်ပါတယ်။ ဒေသခံပြည်သူတွေအနေနဲ့ ရာမညကစားကွင်းကို အမှီပြုပြီး အလုပ်အကိုင်အခွင့်အလမ်းနဲ့ ဝင်ငွေတွေလည်း တိုးပွားစေမှာပါ" ဟု မော်လမြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ထွန်းက ပြောသည်။

အဆိုပါကစားကွင်း တည်ဆောက်ပြီးစီးပါက မည်သူမဆို အခမဲ့လာရောက်လည်ပတ်ခွင့်ရရှိမည်ဖြစ်ပြီး ကစားကွင်းအတွင်း ကော်ဖီဆိုင်၊ အမှတ်တရလက်ဆောင်ပစ္စည်းဆိုင်၊ အားကစားပစ္စည်းဆိုင်နှင့် စတိုးဆိုင်များလည်း ပါဝင်မည်ဖြစ်သည်။

မော်လမြိုင် ကမ်းနားလမ်းသည် ၃ မိုင် ၇ ဒသမ ၆၃ ဖာလုံ အရှည်ရှိပြီး မြန်မာနိုင်ငံအတွင်းရှိ ကမ်းနားလမ်းများအနက် အရှည်ဆုံးကမ်းနားလမ်းတစ်ခု ဖြစ်ကြောင်း သိရသည်။

**မင်းမင်း**

# ထားဝယ်မြို့၌ ခိုးရာပါဆိုင်ကယ်များ ဖော်ထုတ်သိမ်းဆည်းပြီး ပိုင်ရှင်များထံ ပြန်လည်ပေးအပ်

**ထားဝယ် ဇူလိုင် ၃၀**
တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်း ဖော်ထုတ်သိမ်းဆည်းရမိသော ခိုးရာပါဆိုင်ကယ်များကို ပိုင်ရှင်များထံ ပြန်လည်ပေးအပ်သည့် အခမ်းအနားကို ထားဝယ်မြို့ရှိ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး ရဲဇာနည်ခန်းမ၌ ယမန်နေ့က ပြုလုပ်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီး တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးခင်ကျော်က ရဲတပ်ဖွဲ့၏ လုပ်ငန်းတာဝန်(၆)ရပ်နှင့် မှုခင်းမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားပြီးသော မှုခင်းများကို စုံစမ်းဖော်ထုတ် တရားစွဲတင်နိုင်ရေး စသည့် တာဝန်များ ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး ခရိုင်အတွင်းမှ ဖမ်းဆီးရမိသော ခိုးရာပါ ဆိုင်ကယ် ၁၅ စီးကို ပိုင်ရှင်များထံ ပြန်လည်ပေးအပ်ခဲ့သည်။ **ရွှေပင်လယ်(ထားဝယ်)**



*စာမျက်နှာ ၆ မှ*

**ခမ္မနဲ့အခမ္မလား မှန်မှန်ကန်ကန်နှလုံးသွင်းစေချင်**

ဘယ်လိုအကြောင်းကြောင့်ဖြစ်ဖြစ် လူသေတာ၊ ဒဏ်ရာရတာ ဝမ်းသာစရာ မဟုတ်ပါဘူး။ ကိုယ်နဲ့ အမြင်မတူသူတစ်ဦးဦး ဆင်းရဲဒုက္ခရောက်တာ ဝမ်းသာစရာ သတင်းတစ်ခုမဟုတ်သလို ရာဇဝတ်သားတစ်ယောက်ဟာ သူကျူးလွန်တဲ့အမှု အတိမ်အနက်အလျောက် ထိုက်သင့်တဲ့ပြစ်ဒဏ်စီရင်ခံရတဲ့အခါမှာလည်း ဝမ်းနည်းပူဆွေးခြင်း ဖြစ်စရာမရှိပါဘူး။ ဘယ်ဟာက ခမ္မ၊ ဘယ်ဟာက အခမ္မဆိုတာသိတဲ့ ဆင်ခြင်တုံတရားမျိုးရှိတဲ့သူဆိုရင် ဝမ်းနည်းဝမ်းသာ ဘာကိုမှဖြစ်စရာမရှိဘူးထင်ပါတယ်။ ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ နှလုံးသွင်းမှန်ပြီး မှန်မှန်ကန်ကန်နဲ့ ကံအပေါ်ဉာဏ်ဆင့်နိုင်ကြပြီဆိုရင်တော့ ကုသိုလ်တောင်တိုးပါသေးတယ်။

**နိုင်ငံတကာဗဟုသုတလည်းရှာကြပါ**

နိုင်ငံတကာရေးရာ ဗဟုသုတကိုလည်း လေ့လာကြစေချင်ပါတယ်။ ကမ္ဘာမှာ လူဦးရေအများဆုံးနဲ့ သေဒဏ်ပေးမှုအများဆုံးစာရင်းမှာရှိနေတဲ့ တရုတ်နိုင်ငံကြီးဟာ ဝေဖန်ခံရတာတွေများပေမယ့် ဂုဏ်ယူဖွယ်ရာ ရာဇဝတ်မှုဖြစ်ပွားမှု အနည်းဆုံးနိုင်ငံစာရင်းမှာ ပါဝင်နေတာကိုတော့ ဘယ်သူမှမငြင်းနိုင်ပါဘူး။ တရုတ်နိုင်ငံပြည်သူတွေဟာ အေးအေးချမ်းချမ်း လုပ်ကိုင်နိုင်၊ ရောင်းဝယ်ဖောက်ကားနိုင်ကြပြီး နိုင်ငံကလည်း ဖွံ့ဖြိုးတိုးတက်မှု အမြင့်ဆုံးမှာရှိနေတာ တွေ့ရပါတယ်။ ရာဇဝတ်ကင်းတော့ ဖွံ့ဖြိုးတိုးတက်တာပေါ့။ ယဉ်ကျေးဖွံ့ဖြိုးတဲ့ နိုင်ငံတွေမှာ အကြမ်းဖက်ရာဇဝတ်ပြစ်မှုတွေကို ဘယ်လိုသဘောထားကြပါသလဲ၊ လေ့လာနားစွင့်ဖတ်ရှုကြဖို့ လိုအပ်တာလည်း တွေ့ရပြန်ပါတယ်။

**ခံခဲ့ရသူတွေဘက်ကလည်း ပြန်ပြီးခံစားနားလည် ပေးကြပါ**

သေဒဏ်ပေးတာနဲ့ပတ်သက်ရင် အငြင်းပွားစရာတော့ အမြဲရှိနေတတ်ပါတယ်။ ကျင့်သုံးတဲ့နိုင်ငံတွေရှိသလို ပယ်ဖျက်ပြီး မကျင့်သုံးတော့တဲ့ နိုင်ငံတွေလည်းရှိပါတယ်။ သေဒဏ်ပေးတာကောင်းလားဆိုရင်တော့ ဒီအချက်အပေါ်မှာ အကြီးအကျယ်ထောက်ခံနေတာတော့လည်း မဟုတ်ပါဘူး။ ကာလံ/ဒေသံအပေါ်တော့ မူတည်တာပေါ့။ ယခုမြန်မာနိုင်ငံမှာ ဖြစ်နေတာတွေက အရေးပေါ်ကာလမှာ ဖြစ်ပျက်နေတဲ့အရာတွေ၊ အကြမ်းဖက်ရာဇဝတ်ပြစ်မှုတွေထူပြောပြီး မငြိမ်းချမ်းမအေးချမ်းတဲ့ အခြေအနေအချို့အောက်မှာ ရှိနေတာပါ၊ တည်ငြိမ်အေးချမ်းမှုနဲ့ တရားဥပဒေစိုးမိုးမှုကို လိုလားတောင့်တနေတဲ့ ပြည်သူအများစုကြီးရဲ့ အလိုဆန္ဒဘက်ကလည်း မြင်ကြည့်ခံစားကြည့်ရပါလိမ့်မယ်။ ခံခဲ့ရတဲ့သူတွေ အကြမ်းဖက်တွေရဲ့ အသတ်ခံရတာတောင်မှ မိမိကိုပြန်ပြီး ရန်မူမှာစိုးလို့ ထုတ်မပြောဝံ့၊ ကြိတ်မှိတ်ပူဆွေးခဲ့ရသူတွေ၊ အသတ်ခံခဲ့ရတဲ့ မိသားစု ဆွေမျိုးသားချင်းတွေဘက်ကိုလည်း သူတို့ရဲ့နစ်နာဆုံးရှုံးမှုတွေ၊ ဝမ်းနည်းပူဆွေးမှုတွေ၊ ပေးခဲ့ရတဲ့အသက်တွေအတွက် လူသားချင်းစာနာစိတ်များနဲ့အတူ ပြေးမြင်ခံစားကြည့်ကြဖို့ လိုမယ်ထင်ပါတယ်။

တို့မြန်မာတွေအနေနဲ့ ရင့်ကျက်မှုအတိုင်းအတာကို ပြသင့်နေပါပြီ။ ယခုလို သေဒဏ်စီရင်မှုတွေဟာ မျက်မှောက်ကာလမှာတော့ အတိုင်းအတာတစ်ခုအထိ ဆက်ရှိနေဦးမယ်ထင်ပါတယ်။ အကြမ်းဖက်မှုတွေမချုပ်သိမ်းသေးသမျှ၊ ရာဇဝတ်မှုတွေရှိနေသေးသမျှပေါ့။ ယခင်ကတော့ တော်လှန်ရေးခေါင်းစဉ်အောက်၊ ယခုတော့ အကြမ်းဖက်နာမည်နဲ့ အကြမ်းဖက်ကနေ ဓားပြတိုက် လူသတ်တဲ့အဆင့်တောင် ကူးပြောင်းလာနေပါပြီ။ စားဝတ်နေရေးတင်မက လုံခြုံရေးကိုပါ ဦးစားပေးစဉ်းစားလာနေရတဲ့ အခြေအနေမှာတော့ ပြင်းထန်တဲ့အပြစ်ပေးစီရင်ချက်တွေကို ဆက်ပြီးကြားနေရဦးမယ်ထင်ပါတယ်။ နှလုံးသွင်းရမှာက ဒီမိုကရေစီအတွက် ကျဆုံးတာလား၊ နိုင်ငံရေးလုပ်လို့ သေဒဏ်ပေးခံရတာလား၊ ဘာမှမဆိုင်တဲ့ အပြစ်မဲ့လူ့အသက်တွေကို တန်ဖိုးမထားရက်ရက်စက်စက်သတ်ဖြတ်လို့လား ခွဲခြားနားလည်သိမြင်နိုင်စွမ်းမွေးကြဖို့တော့ လိုအပ်နေပါတယ်။ ဒါကြောင့်လည်း ယခုလို လိုအပ်ချက်တွေနဲ့အတူ...

တရားမျှမျှတတနဲ့မတွေးတတ် မမြင်တတ်သေးသူတွေရှိနေသေးတဲ့၊ ယဉ်ကျေးပါတယ်ဆိုတဲ့ လူ့အဖွဲ့အစည်းကြီးတစ်ခုမှာ ယခုထက်ပိုပြီး အပိုင်းပိုင်း ကွဲပြားမခြားနားသွားစေချင်တဲ့ စေတနာအမှန်နဲ့အတူ ခမ္မနဲ့အခမ္မကို မှန်မှန်ကန်ကန်နဲ့ သိမြင်သုံးသပ်နိုင်ကြပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပါသည်။ ။

# မောင်တောခရိုင် ပြည်သူ့ဆေးရုံ၌ ထားရှိအသုံးပြုမည့် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲခန်းမော်တော်ယာဉ်ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၃၀**

ရခိုင်ပြည်နယ် မောင်တောခရိုင် ပြည်သူ့ဆေးရုံ၌ ထားရှိအသုံးပြုမည့် ကျန်းမာရေးဝန်ကြီးဌာနမှ ပေးပို့သော ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ RT-PCR စနစ်ဖြင့် စစ်ဆေးဓာတ်ခွဲ စမ်းသပ်မည့် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲခန်း မော်တော်ယာဉ်ကို တပ်မတော် ရေယာဉ်ဖြင့် ရန်ကုန်မြို့မှ ဇူလိုင် ၂၄ ရက်တွင် သယ်ဆောင်လာခဲ့ရာ ဇူလိုင် ၂၉ ရက်တွင် စစ်တွေမြို့ အထွေထွေရောဂါကုဆေးရုံကြီး (ခုတင်-၅၀၀) သို့ ရောက်ရှိသည်။

အဆိုပါဓာတ်ခွဲခန်းမော်တော်ယာဉ်ကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများက ဇူလိုင် ၂၉ ရက် ညနေပိုင်းတွင် သွားရောက်ကြည့်ရှုကြရာ စစ်တွေမြို့ အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာ ကြည်လွင်နှင့် တာဝန်ရှိသူများက ယာဉ်ပေါ်တွင် တပ်ဆင်ထားသည့် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် အသုံးပြုသည့် ဓာတ်ခွဲခန်းသုံး ပစ္စည်းကိရိယာများနှင့် ပတ်သက်၍ ရှင်းလင်းပြသကြသည်။

ယင်းနောက်ပြည်နယ်ဝန်ကြီးချုပ်နှင့်တိုင်းမှူးတို့က မောင်တောခရိုင် ပြည်သူ့ဆေးရုံသို့ ဆက်လက်ပို့ဆောင်နိုင်ရေး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဘဏ်များသို့ AML／CFT ဆိုင်ရာ Onsite ကြီးကြပ်စစ်ဆေးရာမှတွေ့ရှိရသည့် အားနည်းချက်များ၊ Feedback Meeting နှင့် လူအများအပြားသေကျေစေသော လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၃၀**

ဘဏ်များသို့ AML/CFT ဆိုင်ရာ Onsite ကြီးကြပ်စစ်ဆေးရာမှ တွေ့ရှိရသည့် အားနည်းချက်များ၊ Feedback Meeting နှင့် လူအများအပြားသေကျေစေသော လက်နက်များ ပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး(WMD)ဆိုင်ရာ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ရန်ကုန်ဘဏ်ခွဲ)၌ ကျင်းပသည်။





အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ညွှန်ကြားရေးမှူးချုပ်များ၊ ငွေကြေးဆိုင်ရာ စုံစမ်း ထောက်လှမ်းရေးအဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ဘဏ်များ၊ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများနှင့် AML/CFT ဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ နယ်ပယ်(၃) အကောင်အထည်ဖော်မှု ကြီးကြပ်ရေးကော်မတီတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အလုပ်ရုံ ဆွေးနွေးပွဲတွင် မဟာဗျူဟာ နယ်ပယ်(၃) အကောင်အထည်ဖော်မှုကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက အမှာစကားပြောကြားသည်။ ယင်းနောက် ဘဏ်များ၏ AML/CFT ဆိုင်ရာ လိုက်နာဆောင်ရွက်မှုကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ Onsite နှင့် Offsite စစ်ဆေးရာတွင် တွေ့ရှိရသည့် အားနည်းချက်များနှင့် ပြင်ဆင်ရန်အချက်များအား မြန်မာနိုင်ငံတော်ဗဟိုဘဏ် တာဝန်ရှိသူများကလည်းကောင်း၊ အရည်အသွေး ပြည့်ဝသော သတင်းပေးပို့ချက်များ ရရှိရေးအတွက် ဘဏ်များ၏ သတိပြုဆောင်ရွက်ရမည့် အချက်များအား ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့က လည်းကောင်း၊ လူအများအပြား သေကျေစေသော လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ ဘဏ်များ လိုက်နာဆောင်ရွက်ရန် အချက်များကို အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနက လည်းကောင်း ဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက ပြန်လည် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဘုတ်ပြင်းခရိုင်အတွင်းရှိ ဆလုံ(မော်ကယ်)တိုင်းရင်းသားများအား ဆန်၊ ဆီများ ထောက်ပံ့ပေးအပ်

**ဘုတ်ပြင်း ဇူလိုင် ၃၀**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင်အတွင်းရှိ ဆလုံ (မော်ကယ်) တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တိုင်းရင်းသားရေးရာဝန်ကြီးက ဆန်၊ ဆီ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်က ဘုတ်ပြင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သပြေခန်းမတွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာက တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စာပေ၊ ယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ တိုင်းရင်းသားများ၏ အခွင့်အရေးများ၊ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကိစ္စရပ်များကို အစဉ်အမြဲအလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တနင်္သာရီတိုင်းဒေကြီးအတွင်းရှိ ဆလုံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ရေးလုပ်ငန်းများကိုတိုင်းဒေသကြီးအစိုးရအဖွဲ့မှ နှစ်စဉ်ပံ့ပိုးပေးလျက်ရှိရာ ယခုနှစ်တွင် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဘုတ်ပြင်းမြို့နယ်နှင့် ကော့သောင်းမြို့နယ်ရှိ (မော်ကယ်)ဆလုံလူမျိုးများအတွက် ဆန်နှင့် ဆီများကို ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၁-၂၀၂၂ ခု ဘဏ္ဍာနှစ်တွင် ဘုတ်ပြင်းမြို့နယ်၌ ကျေးရွာပေါင်း ငါးရွာရှိ ဆလုံလူမျိုးများအတွက် ကဏန်းပိုက် ၄၁၅ ခုနှင့် ဖိုင်ဘာလှေ ၈၃ စင်းကိုလည်းကောင်း၊ ကော့သောင်းမြို့နယ်အတွင်းရှိ ကျေးရွာ ငါးရွာအတွက် ဖိုင်ဘာလှေ အစင်း ၁၀၀ နှင့် ကင်းမွန်များ အခု ၅၀၀ တို့ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဆလုံတိုင်းရင်းသားကလေးသူငယ်များအတွက် ရုပ်ပြ၊ ပုံပြင်စာအုပ်များ၊ စာပေဆရာအဖြစ် မွမ်းမံသင်တန်းနှင့် စာပေပြန့်ပွားရေးသင်တန်းများ ကျင်းပနိုင်ရေးအတွက် ရန်ပုံငွေများ ထောက်ပံ့ပေးအပ်လျက်ရှိပြီး နောက်လာမည့်နှစ်များတွင် ယခုကဲ့သို့ ဆလုံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဆက်လက်ထောက်ပံ့ ပေးအပ်သွားမည်ဖြစ်ကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။




ဆက်လက်၍ တိုင်းရင်းသားရေးရာဝန်ကြီးက ဘုတ်ပြင်းမြို့ အလယ်မန်ကျေးရွာအုပ်စု ကျေးရွာနှစ်ရွာနှင့် ကရသူရီမြို့ မသေကျေးရွာအုပ်စု ကျေးရွာသုံးရွာမှ ဆလုံတိုင်းရင်းသားများ အိမ်ထောင်စု ၉၅ စုရှိ ဆလုံတိုင်းရင်းသားများကို အိမ်ထောင်စုတစ်စုလျှင် ဆန်နှစ်အိတ်၊ ဆီတစ်ပုံးနှုန်းဖြင့် ဆန် ၂၄ ပြည်အိတ် ၁၉၀၊ ဆီငါးပိဿာ ဆီပုံး ၉၅ ပုံးတို့အား ထောက်ပံ့ပေးခဲ့ရာမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး ထိုသို့ထောက်ပံ့မှုအတွက် ဆလုံစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးငွေဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းသားရေးရာဝန်ကြီးသည် တက်ရောက်လာသည့် ဒေသခံများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးပြီး ဒေသခံများ တင်ပြသည့် ဒေသအတွင်း ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိမှုအခြေအနေ တို့ကို ဆွေးနွေးညှိနှိုင်းပေးကာ ကျန်ရှိနေသည့် အချက်အလက်များကို တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ကဏ္ဍအသီးသီးအလိုက် ပြန်လည်တင်ပြသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

**ဘုတ်ပြင်း**

**(ပြန်/ဆက်)**

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ မန္တလေးမြို့ပေါ် ခုနစ်မြို့နယ်ရှိ ဝါဆိုသီတင်းသုံးတော်မူကြသည့် ရဟန်း၊ သာမဏေနှင့် သီလရှင်များအတွက် ဆွမ်းဆန်၊ ဆီ၊ ကုလားပဲ၊ ကြက်သွန်နီ ဆက်ကပ်လှူဒါန်းပွဲကျင်းပ

**မန္တလေး ဇူလိုင် ၃၀**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ မန္တလေးမြို့ ခုနစ်မြို့နယ်အတွင်းရှိ ဝါဆိုသီတင်းသုံးတော်မူကြသည့် ရဟန်း၊ သာမဏေနှင့် သီလရှင်များ ဝါတွင်းကာလ၌ ဆွမ်းအခက်အခဲမရှိစေရန် ဆွမ်းဆန်၊ ဆီ၊ ကုလားပဲ၊ ကြက်သွန်နီများ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပရာ တိုင်းဒေသ ကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး မန္တလေးတိုင်းဒေသကြီး သံဃနာယက အဖွဲ့ဥက္ကဋ္ဌ(ရွှေကျင်) ပတ္တမြားကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဇောတာဘိဝံသထံမှ ငါးပါးသီလခံယူပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လှူဒါန်းရခြင်းအပေါ် လျှောက်ထားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဝါတွင်းကာလ၌ သီတင်းသုံးတော်မူကြသည့် ရဟန်း၊ သာမဏေနှင့် သီလရှင်များအား ဆွမ်းအခက်အခဲမရှိစေရေး စီမံဆောင်ရွက်ရန် လမ်းညွှန်မှာကြားထားပါကြောင်း၊ ဆွမ်းဆန်၊ ဆီ၊ ကြက်သွန်နီ၊ ကုလားပဲတို့ကို ပစ္စယာနုဂ္ဂဟအဖြစ် လှူဒါန်းခြင်းဖြစ်ပါကြောင်း၊ ဆရာဒကာလက်တွဲ၍ ဆရာတော်များ ပရိယတ္တိ၊ ပဋိပတ္တိများကို စိတ်ချမ်းမြေ့စွာ အားထုတ်သင်ကြားနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း လျှောက်ထားခဲ့သည်။

ငှင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌများဖြစ်သည့် (ရွှေကျင်)ပတ္တမြားကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဓမ္မဇောတိကဓဇဘဒ္ဒန္တပညာဇောတာဘိဝံသနှင့် (သုဓမ္မာ) မစိုးရိမ်တိုက်သစ် ဓမ္မဂါရဝကျောင်းဆရာတော် ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသတို့အမှူးပြု၍ သံဃာတော်များအား ဆွမ်းဆန်၊ ဆီ၊ ကြက်သွန်နီ၊ ကုလားပဲများ၊ သင်္ကန်းနှင့် နဝကမ္မဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းရေစက်သွန်းချအမျှပေးဝေကြပြီးနောက် အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုရုပ်သိမ်း၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။



ယနေ့ပြုလုပ်သောလှူဒါန်းမှု၌ မန္တလေးမြို့နယ် ခုနစ်မြို့နယ်ဖြစ်သော အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ ပုသိမ်ကြီး၊ အမရပူရ တို့တွင် ဝါဆို ရဟန်း၊ သာမဏေ ၄၃၅၆၅ ပါးနှင့် သီလရှင် အပါး ၅၃၈၀ စုစုပေါင်း ၄၈၉၄၅ ပါးတို့အတွက် ဆန် ၁၈၃၅၄ တင်း၊ ဆီ ၂၄၄၇၂ ပိဿာ၊ ကြက်သွန်နီ ၂၄၄၇၂ ပိဿာ၊ ကုလားပဲ ၂၄၄၇၂ ပိဿာ (စုစုပေါင်းတန်ဖိုး ငွေကျပ် ၇၂၅၅၄၉၀၀၀)တို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်(၄)မျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၃၀**

တပ်မတော် (ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ် အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင် ကျောင်းများနှင့် ဘာသာရေး ကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းတိုက်၊ ရောဝတီ တိုင်းဒေသကြီး ပုသိမ်မြို့ရှိ မောင်းထောင်ကျောင်း ပရိယတ္တိစာသင်တိုက်နှင့် ဓမ္မသုခကျောင်းတိုက်၊ ရခိုင်ပြည်နယ် အမ်းမြို့ရှိ စွယ်တော် ဘုန်းတော်ကြီးကျောင်း၊ ဘူးသီးတောင်မြို့ရှိ ပုပ္ပာရုံဘုန်းတော်ကြီးကျောင်းနှင့် သာသနာ့အလင်းရောင် ဘုန်းတော်ကြီးကျောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် သဖန်းချိုကျေးရွာဘုန်းတော်ကြီးကျောင်းတို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြပြီး နယ်မြေခံ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် ဇူလိုင် ၃၀**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ မဟာဝိဟာရရန်ကင်းတောရကျောင်းတိုက်သို့လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ မဟာဂန္ဓာရုံတိုက်သစ် ပရိယတ္တိ စာသင်တိုက်သို့ လည်းကောင်း၊ စစ်ကိုင်တိုင်းဒေသကြီး ကသာမြို့နယ်ရှိ မဟာလေးထပ်ကျောင်း တိုက်သို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ နယ်ရှိ ဇေယျာသိဒ္ဓိကမ္မဋ္ဌာန်းကျောင်းတိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် မိုးမိတ်မြို့နယ်ရှိ ရွှေကျောင်း ကျောင်းတိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်း ဒေသကြီး ကျိုက်လတ်မြို့နယ်ရှိ ဟံသာရုံကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော် များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြောင်းမြမြို့၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနား ကျင်းပ

**မြောင်းမြ ဇူလိုင် ၃၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ မြစိမ်းရောင်တောင်တော် သီဟရာဇာကုန်း၌ ခရိုင်သစ်တောဦးစီးဌာနမှ စီစဉ်ဆောင်ရွက်မှုဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေး၊ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးထွန်း၊ ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်ဝင်းတို့က ပျိုးပင်များကို တာဝန်ရှိသူများအား ပေးအပ်ကြပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ကျွန်းပင် ၁၀၀၊ ပျဉ်းကတိုးပင် ၁၀၀၊ မဟော်ဂနီပင် ၁၀၀၊ မန်ကျည်းရှားပင် ၇၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မြောင်းမြခရိုင်(ပြန်/ဆက်)



**အိမ်ပြင်ပဉ္စထွန်းသော**
**မီးများကို နေ့အလင်းရောင်ရှိချိန်တွင်**
**ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# အဂတိလိုက်စားမှုနှင့် နိုင်ငံတော်နစ်နာဆုံးရှုံးမှုသတိပြု

**အဂ္ဂဉာဏ်(ချယ်ရီရိပ်)**

**အရေးယူအပြစ်ပေးမှု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူသည့်ကာလအတွင်း အဂတိလိုက်စားမှုများကို ထိရောက်စွာ ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိရာ ၃၀-၆-၂၀၂၂ ရက်အထိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ ပြစ်မှု ၂၃၁ မှုကို အရေးယူဆောင်ရွက်ခဲ့ပါသည်။ ဖော်ထုတ်ခဲ့သည့်အမှုများ၏ အဂတိလိုက်စားမှုများတွင် ကျူးလွန်ခဲ့သူများမှာ နိုင်ငံရေးအရ ရာထူးတာဝန်ကြီးများ ထမ်းဆောင်ခဲ့ကြသူများနှင့် တာဝန်ထမ်းဆောင်ဆဲ ပုဂ္ဂိုလ်များ ပါဝင်နေကြောင်းကို လေ့လာတွေ့ရှိရပြီး နိုင်ငံတော်အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ထင်ရှားပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့်လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေအခန်း (၂) ပုဒ်မ ၄ (ခ)ပါ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းစေရန်အတွက် ရည်ရွယ်၍ အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေး အရေးယူခြင်းတို့ကို ယုံကြည်ချက်ခိုင်ခိုင်မာမာဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

**ဥပဒေပြဋ္ဌာန်းပြင်ဆင်ခြင်း**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ၂၀၁၃ ခုနှစ် ဩဂုတ် ၇ ရက်က ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-၂၃ အရ ပြဋ္ဌာန်းထားရှိခဲ့ခြင်းဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်တွင် ပထမအကြိမ်အဖြစ် ဥပဒေပါပြဋ္ဌာန်းချက်များကို ပိုမိုပြည့်စုံကောင်းမွန်အောင် ပြင်ဆင်အစားထိုးခဲ့ပါသည်။ ၂၀၁၆ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် တတိယအကြိမ်နှင့် ၂၀၁၈ ခုနှစ်တွင် စတုတ္ထအကြိမ်အဖြစ် လည်းကောင်း လေးကြိမ်တိုင်တိုင် ဖြစ်ပေါ်လာသည့် ခေတ်စနစ်နှင့်အညီ ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းပေးခဲ့ကြပါသည်။ ထိုကဲ့သို့ ပြင်ဆင်ဆောင်ရွက်ခဲ့သည့်အတွက် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ တံစိုးလက်ဆောင်ပေးခြင်း၊ ရယူခြင်း၊ ပေးရန်အားထုတ်ခြင်းနှင့် ရရန်အားထုတ်ခြင်းတို့အပြင် နိုင်ငံ၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်၊ နစ်နာ၊ ပျက်စီးဆုံးရှုံးစေခြင်းတို့ကိုပါ ဖော်ပြအရေးယူနိုင်ခဲ့ပါသည်။

**ဥပဒေ ပုဒ်မ ၃(က)(၂)**

ပြင်ဆင်ဖြည့်စွက်ခဲ့သော ဥပဒေပုဒ်မများ အနက်မှ ပုဒ်မ၃(က)(၂)သည် နိုင်ငံတော်အတွင်း အဂတိလိုက်စားမှုများကို ကာကွယ်တားဆီးရာတွင် ထိရောက်စွာဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းချက်တစ်ရပ်ဖြစ်ပါသည်။ ပုဒ်မ၃(က)(၂)အရ တံစိုးလက်ဆောင် အပေးအယူဆောင်ရွက်သည့် ကိစ္စရပ်များအပြင် လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြုခြင်းဖြင့် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်း၊ တန်ဖိုးနစ်နာဆုံးရှုံးမှုများသည်လည်း အဂတိလိုက်စားမှု ကျူးလွန်ခြင်းဖြစ်ကြောင်း ထင်ရှားစေပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်ရာတွင် ဥပဒေပြဋ္ဌာန်းချက်များဖြင့် ခိုင်မာစေပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေများ ပြဋ္ဌာန်းခြင်း၊ တည်ဆဲဥပဒေများကိုပြင်ဆင်ခြင်း ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြုစုဆောင်ရွက်ခဲ့ပါသည်။

**ကော်မရှင်သုံးဆက်တိုင်ခဲ့ပြီ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ၂၅-၂-၂၀၁၄ တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ ပထမအကြိမ်ကော်မရှင်သက်တမ်းတွင် အဂတိလိုက်စားမှုများအနက် လာဘ်ပေးလာဘ်ယူမှုများကို ထိရောက်စွာ ကာကွယ်တားဆီးအရေးယူနိုင်ခဲ့သည်။ ဒုတိယအကြိမ် ကော်မရှင်သက်တမ်းတွင် ဥပဒေများကို ထိရောက်စွာ ပြင်ဆင်ပြဋ္ဌာန်း ဖြည့်စွက်ခြင်း၊ အဂတိလိုက်စားမှုလျော့နည်းလာစေရန် အသိပညာပေးခြင်း၊ ဥပဒေပါပြဋ္ဌာန်းချက်များကို နားလည်သဘောပေါက်ရှင်းလင်းစေရန် အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်ပေးခြင်းတို့အပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃(က)(၂) အရ နိုင်ငံတော်၏ နစ်နာမှုများကိုပါ ကာကွယ်တားဆီးအရေးယူနိုင်ခဲ့သည်။ တစ်ဖက်တွင် နိုင်ငံတော်အစိုးရကလည်း အဂတိလိုက်စားမှုများကို ထိရောက်စွာကာကွယ်တားဆီးနိုင်ရန် နိုင်ငံတော်သမ္မတရုံး၏ တင်ဒါစည်းမျဉ်း ၁/၂၀၁၇ ကဲ့သို့သော အမိန့်ကြော်ငြာစာများကို ထုတ်ပြန်၍ဆောင်ရွက်ခဲ့ပါသည်။ အဂတိလိုက်စားမှုနည်းပါးမှသာ အစိုးရနှင့် နိုင်ငံ့ဝန်ထမ်းများကို ပြည်သူလူထုက ယုံကြည်အားကိုးမှုရှိမည်ဖြစ်သည့်အပြင် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှုများ တည်ဆောက်နိုင်ရေးလိုအပ်သည့် စည်းမျဉ်းဥပဒေများကို ထိရောက်စွာ ပြဋ္ဌာန်းခဲ့ကြခြင်း ဖြစ်ပါသည်။

ယခု တတိယအကြိမ် ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ၊ နည်းဥပဒေတို့ကို နားလည်စေရန်အတွက် လူမှုကွန်ရက်စာမျက်နှာ၊ နိုင်ငံပိုင်မီဒီယာများနှင့် သတင်းစာတို့မှ အသိပညာပေးခြင်း၊ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၌ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့(Corruption Prevention Unit-CPU) များဖွဲ့စည်း၍ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ် (Public Feedback Programme-PFP)များ ဆောင်ရွက်ကာ အဂတိလိုက်စားမှုများကို တားဆီးကာကွယ်ခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အဂတိလိုက်စားမှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ်၍ ထိရောက်သော အရေးယူမှုများကို ဆောင်ရွက်လျက်ရှိပါသည်။

**ကျောသားရင်သားမခွဲခြား**

နိုင်ငံတော်နစ်နာဆုံးရှုံးမှုများကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူနိုင်ရေးဥပဒေ ပြင်ဆင်ခဲ့သည်မှာ အချိန်ကာလအားဖြင့် လေးနှစ်ကျော်ခန့်ရှိခဲ့ပြီဖြစ်သည်။ ကော်မရှင်အနေဖြင့် အများပြည်သူအတွင်း ပျံ့နှံ့နေသော အဂတိလိုက်စားမှုများကို ကာကွယ်တားဆီးခြင်း၊ အသိပညာပေးခြင်းတို့ကို ထိထိရောက်ရောက် ဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။ တိုင်ကြားသူများရှိလာပါက ကော်မရှင်အနေဖြင့် နစ်နာသူများအတွက် စုံစမ်းဖော်ထုတ်အရေးယူလျက်ရှိရာ ကော်မရှင်သို့ တိုင်ကြားစာပေးပို့လာမှုများအပေါ် စနစ်တကျ စိစစ်ဆောင်ရွက်လျက်ရှိသည်။ တိုင်ကြားစာများကို စုံစမ်းဖော်ထုတ်ချက်အရ နိုင်ငံတော်အဆင့် လုပ်ပိုင်ခွင့်အာဏာရှိသူအချို့တို့၏ နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ကျူးလွန်ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိရသည့်အတွက် အရေးယူ ဆောင်ရွက်ခဲ့ခြင်းဖြင့် ဥပဒေအထက်တွင် မည်သူမျှမရှိကြောင်း ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

**နိုင်ငံတော်နစ်နာမှုများကို မူဝါဒအခြေခံဖော်ထုတ်လျက်ရှိ**

အဂတိလိုက်စားမှုတိုင်စာများကို စိစစ် အရေးယူဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်နစ်နာဆုံးရှုံးမှုများကြောင့် စိစစ်အရေးယူရသည့် အမှုများမှာ အများဆုံးပင်ဖြစ်ပါသည်။ လူညီလျှင် ဉ ကို ကျွဲဖတ်၍ရသည်ဆိုသော မြန်မာစကားပုံကဲ့သို့ပင် လက်သိပ်ထိုး၍ မြေကွက်များ ချထားပေးမှုများ၊ ငွေကျပ်သိန်းပေါင်းများစွာ အကုန်အကျခံ၍ ဆောင်ရွက်ရသော ဝယ်ယူရေးလုပ်ငန်းစဉ်များ၊ လူပုဂ္ဂိုလ်အဖွဲ့အစည်းများထံသို့ ပေါက်ဈေးထက်များစွာ လျှော့နည်း၍ မြေယာရောင်းချခွင့်ပြုပေးခဲ့ခြင်းများ၊ စီမံကိန်းကြီးများကို လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများ ဖောက်ဖျက်ဆောင်ရွက်ခဲ့ခြင်းများအတွက် နိုင်ငံတော်အနေဖြင့် များစွာထိခိုက်နစ်နာ ဆုံးရှုံးခဲ့ရသည်။ နိုင်ငံတော်၏ ထိခိုက်နစ်နာ ဆုံးရှုံးမှုများကို ဖော်ထုတ်ရန် ကော်မရှင်အနေဖြင့် အခြေခံမူ ၆ ချက် ချမှတ်ထားရှိပြီး ဖြောင့်မတ်တည်ကြည်မှုအပြည့်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

**ပြည်သူ့အတွက်ရှေးရှုဆောင်ရွက်လျက်ရှိ**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပါပြဋ္ဌာန်းချက်များကို နိုင်ငံတော်နှင့်ပြည်သူတို့ အကျိုးအတွက် ရှေးရှုပြဋ္ဌာန်းခဲ့ကြခြင်းဖြစ်ပါသည်။ ဥပဒေပြင်ဆင်မှုကိုလည်း လေးကြိမ်ပြင်ဆင်ခဲ့မှုအနက် ဒုတိယအစိုးရသက်တမ်းကာလအတွင်း သုံးကြိမ်တိုင် ပြင်ဆင်ဖြည့်စွက်ခဲ့ခြင်းဖြစ်ပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အနေဖြင့် ကျောသားရင်သား ခွဲခြားမှုမရှိဘဲ အဂတိလိုက်စားမှုကျူးလွန်သူများကို ကော်မရှင်၏ကျင့်ဝတ်နှင့်အညီ ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း ဖော်ထုတ်အရေးယူ ဆောင်ရွက်လျက်ရှိပါသည်။ အမုန်းတရားများကို အခြေခံ၍ ဆောင်ရွက်ခြင်းမရှိဘဲ နိုင်ငံတော်၏ နစ်နာဆုံးရှုံးမှုများကိုသာ ဖော်ထုတ်၍ ကောင်းမွန်သော ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကို ရှေးရှုဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ နိုင်ငံတော်တွင် သန့်ရှင်းသောအစိုးရ(Clean Government)နှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်(Good Governance) ဖြစ်ထွန်းစေရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အနေဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းလိုက်နာရန်၊ မိမိနိုင်ငံ၏ ယဉ်ကျေးမှု အလေ့အထများအရ တစ်ဆင့်ပြီးတစ်ဆင့် ဖယ်ရှားတိုက်ဖျက်နိုင်ရန် ရေတိုရေရှည် စီမံချက်များ ချမှတ်စီမံ ဆောင်ရွက်သွားရပါမည်။ ဆက်လက်၍လည်း နိုင်ငံတော်၏အကျိုးနှင့် ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ရန် ဆောင်ရွက်ကြရာတွင် ပြည်သူများ အနေဖြင့်လည်း ကော်မရှင်နှင့်အတူ အဂတိပယ်ခွာပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။ ။

**※ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် ကျောသားရင်သား ခွဲခြားမှုမရှိဘဲ အဂတိလိုက်စားမှု ကျူးလွန်သူများကို ကော်မရှင်၏ ကျင့်ဝတ်နှင့်အညီ ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း ဖော်ထုတ်အရေးယူ ဆောင်ရွက်လျက်ရှိပါသည်။ အမုန်းတရားများကိုအခြေခံ၍ ဆောင်ရွက်ခြင်းမရှိဘဲ နိုင်ငံတော်၏ နစ်နာဆုံးရှုံးမှုများကိုသာ ဖော်ထုတ်၍ ကောင်းမွန်သော ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ရှေးရှုဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ နိုင်ငံတော်တွင် သန့်ရှင်းသောအစိုးရ (Clean Government)နှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်(Good Governance) ဖြစ်ထွန်းစေရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်**

## မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က တောင်သူများအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိ

**မင်းဘူး ဇူလိုင် ၃၀**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ခရိုင်ဘဏ်ခွဲက မိုးစပါးစိုက်ပျိုးမည့် တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို မေလဆန်းမှ စတင်ထုတ်ချေးပေးလျက်ရှိရာ ဇူလိုင် ၂၉ ရက်က သနပ်ပင်စုကျေးရွာအုပ်စုရှိ တောင်သူ ၅၈ ဦး၏ စပါးဧက ၃၂၀ အတွက် ငွေကျပ်သိန်း ၄၈၀ ကို ထုတ်ချေးပေးခဲ့သည်။

ချေးငွေထုတ်ပေးရာတွင် ယခင်နှစ် ချေးငွေများ အကျေပေးဆပ်သည့် တောင်သူများကိုသာ ဦးစားပေး ထုတ်ချေးပေးလျက်ရှိပြီး စပါးတစ်ဧကလျှင် ကျပ်တစ်သိန်းခွဲနှုန်း၊ နှမ်းမြေပဲနှင့် အခြားသီးနှံ တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းတို့ကို အတိုးနှုန်း ငါးရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးကြောင်း၊ ယနေ့အထိ ကျေးရွာအုပ်စု ၄၄ အုပ်စုမှ တောင်သူပေါင်း ၁၆၂၁ ဦး၏ မိုးစပါး ၅၃၀၃ ဧက၊ အခြားသီးနှံ ၄၄၈၈ ဧကအတွက် ချေးငွေကျပ် ၁၂၄၄ သန်းကျော်ကို တောင်သူများ လက်ဝယ်အရောက် ထုတ်ချေးပေးပြီးဖြစ်ကြောင်းသည်။

မင်းဘူးမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးခရိုင်ဘဏ်ခွဲက ယခုနှစ် မိုးချေးငွေကျပ်သန်း ၄၀၀၀ ထုတ်ချေးပေးရန် လျာထားလျက်ရှိကြောင်း၊ ထုတ်ချေးပေးရန် ကျန်ရှိနေသည့် ကျေးရွာအုပ်စုများမှ တောင်သူများကိုလည်း သတ်မှတ်ချက်များနှင့်အညီ ထုတ်ချေးပေးမည်ဖြစ်ကြောင်း မင်းဘူးမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခရိုင်မန်နေဂျာထံမှ သိရသည်။

**ဇေယျာထက်(မင်းဘူး)**

# PDF အမည်ခံ အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်အကြမ်းဖက်သတ်ဖြတ်မှု အန္တရာယ်မှ တိမ်းရှောင်လာကြသူများအား ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ငွေများ ပေးအပ်

**နေပြည်တော် ဇူလိုင် ၃၀**

ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ PDF အမည်ခံ အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်အကြမ်းဖက်သတ်ဖြတ်မှု အန္တရာယ်မှ တိမ်းရှောင်လာကြသူများအား ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ငွေများပေးအပ်ခြင်းကို ဇူလိုင် ၂၉ ရက် ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ PDF အမည်ခံအကြမ်းဖက်သမားများ၏ ခြိမ်းခြောက်အကြမ်းဖက်သတ်ဖြတ်မှုအန္တရာယ်မှ တိမ်းရှောင်လာကြသူများ တက်ရောက်ကြသည်။

**ညှိနှိုင်းဆောင်ရွက်**

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိခရိုင်အတွင်း၌ လာရောက်တိမ်းရှောင်လာသူ အိမ်ထောင်စု ၁၁၅ စု အတွက် ဆန်၊ ဆီ၊ ကုလားပဲများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ရာ (ယာပုံ) လာရောက်တိမ်းရှောင်သူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက လာရောက်တိမ်းရှောင်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းသို့ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ လာရောက်တိမ်းရှောင်သူ အိမ်ထောင်စု ၁၁၅ စုအတွက် တိုင်းစစ်ဌာနချုပ်မှ အိမ်ထောင်စု



တစ်စုလျှင် ဆန်ရှစ်ပြည်၊ ဆီတစ်ပိဿာ၊ ဆားတစ်ပိဿာနှင့် ကုလားပဲတစ်ပိဿာနှုန်းဖြင့်လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ငွေ တစ်အိမ်ထောင်စုလျှင် ကျပ် ၆၀၀၀ နှုန်းဖြင့်လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိုးရာသီဌာနပေါင်းစုံ အမျိုးသားဘောလုံးအားကစားပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မိုးရာသီဌာနပေါင်းစုံ အမျိုးသားဘောလုံးအားကစားပြိုင်ပွဲ ဆုပေးပွဲကို ယမန်နေ့ ညနေပိုင်းက နေပြည်တော်ဇေယျာသီရိမြို့နယ်ရေဆင်းရှိစိုက်ပျိုးရေးသုတေသနဦးစီးဌာန ဘောလုံးအားကစားကွင်း၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် ဝန်ထမ်းများ၊ ဦးစီးဌာနများနှင့် တက္ကသိုလ်ကိုယ်စားပြု ဘောလုံးအားကစားသမား နိုင်ငံ့ဝန်ထမ်းများ တက်ရောက်ကြသည်။



ရှေးဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ပရိသတ်များက စိုက်ပျိုးရေးဦးစီးဌာနအသင်းနှင့် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအသင်းတို့၏ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များက ဒုတိယဆုရ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနအသင်းနှင့် တတိယဆုရ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအသင်းတို့ကို လည်းကောင်း၊ ဂိုးသွင်း အများဆုံးဆုနှင့် အကောင်းဆုံးအားကစားသမားဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပထမဆုရ စိုက်ပျိုးရေးဦးစီးဌာနအသင်းကို ပထမဆုဖလားနှင့် တစ်ဦးချင်းဆုများကို ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ) သတင်းစဉ်**

■ *ကျောဖုံးမှ*

စစ်ရေးနှင့် မသက်ဆိုင်သည့် နေရာများ၊ အစိုးရရုံး၊ ဌာနများနှင့် အဆောက်အဦများကို ဖောက်ခွဲဖျက်ဆီး နှောင့်ယှက်ခြင်းများ ပြုလုပ်လျက်ရှိသည်။

**ထိခိုက်ဒဏ်ရာရရှိ**

ထိုသို့ ပြုလုပ်လျက်ရှိရာ ယနေ့နံနက် ၁၁ နာရီ ၅ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် (၁)ရပ်ကွက် စည်ပင်လမ်းရှိ မြို့တော်ခန်းမ ဝင်/ထွက်ဂိတ်ပေါက်သို့ အကြမ်းဖက်သမား အမျိုးသား နှစ်ဦးက လက်ပစ်ဗုံး နှစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ကြောင်း၊ လက်ပစ်ဗုံးများပေါက်ကွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့နှင့် စည်ပင်နေ့စားဝန်ထမ်း နှစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ထိခိုက်ဒဏ်ရာရရှိခဲ့သူများကို တပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပြီး ဖြစ်စဉ်တွင် ပါဝင်ပတ်သက်ခဲ့သည့် အကြမ်းဖက်သမားများကို ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၃၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် သံလျက်မှော်အနောက်ရပ်ကွက်နေ ညီညီမင်းခန့်သည် ၎င်းအသုံးပြုသည့် “Nyi Nyi Min Khant” Facebook အကောင့်၊ ကျောက်ဆည်မြို့နယ် ဖောင်ရွာရပ်ကွက်နေ အောင်နိုင်ဝင်းသည် ၎င်းအသုံးပြုသည့် “Aung Naing Win” Facebook အကောင့်၊ မြင်းခြံမြို့ အမှတ် (၁၄) ရပ်ကွက်နေ ဆက်ပိုင်ဦးသည် ၎င်းအသုံးပြုသည့် “Sat Paing Oo” Facebook အကောင့်၊ ရမည်းသင်းမြို့ အောင်မင်္ဂလာရပ်ကွက်နေ မင်းသုခ(ခ) အောင်မင်းခန့်သည် ၎င်းအသုံးပြုသည့် “Min Thukha” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် လက်ဆည်ကန်ကျေးရွာနေ တင်မောင်ဝင်းသည် အသုံးပြုသည့် “Tin Mg Win” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ပသွယ်ကျေးရွာနေ ဇာဇာအောင်သည် ၎င်းအသုံးပြုသည့် “Zar Zar Aung” Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ရေပေါ်ရေလဲကျေးရွာနေ စဝင်းလွင်ဦး(ခ) ရာဇာသည် ၎င်းအသုံးပြုသည့် “Sa Win Lwin Oo” Facebook အကောင့်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ ကန်အောက်ရပ်ကွက်နေ မေသူရိန်သည် ၎င်းအသုံးပြုသည့် “May Thu Rein” Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၁-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၂၀ | ၁၈၆၅ | ၁၈၆၀ | ၁၈၃၀ | ၁၈၆၅ | ၁၉၈၀ | ၁၈၇၅ | ၁၈၅၀ | ၁၉၄၅ | ၁၉၆၀ | ၁၈၆၀ | ၁၈၆၅ | ၁၉၀၀ | ၁၉၀၅ | ၁၉၀၅ | ၂၁၂၅ | ၂၆၂၀ |
| 95 Ron | ၁၈၉၀ | ၁၉၃၅ | ၁၉၃၅ | ၁၈၉၅ | ၁၉၃၅ | ၁၉၅၅ | ၁၉၄၀ | ၁၉၂၀ | ၂၀၁၅ | ၂၀၃၀ | ၁၉၂၅ | ၁၉၄၀ | ၁၉၇၀ | ၁၉၇၀ | ၁၉၇၅ | ၂၁၉၀ | ၂၆၇၅ |
| HSD (500 ppm) | ၂၁၃၅ | ၂၁၈၅ | ၂၁၈၀ | ၂၁၄၅ | ၂၁၈၀ | ၂၂၀၅ | ၂၂၀၀ | ၂၁၇၀ | ၂၂၈၅ | ၂၂၈၀ | ၂၁၇၅ | ၂၁၈၅ | ၂၂၂၀ | ၂၂၂၀ | ၂၂၂၀ | ၂၄၄၀ | ၂၉၆၅ |
| HSD (50 ppm) | ၂၁၉၅ | ၂၂၄၀ | ၂၂၄၀ | ၂၂၀၀ | ၂၂၄၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၅ | ၂၃၄၀ | ၂၃၃၅ | ၂၂၃၀ | ၂၂၄၅ | ၂၂၇၅ | ၂၂၇၅ | ၂၂၈၀ | ၂၄၉၅ | ၂၉၉၅ |
| HSD (10 ppm) | ၂၁၉၅ | ၂၂၄၀ | ၂၂၄၀ | ၂၂၀၀ | ၂၂၄၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၅ | ၂၃၄၀ | ၂၃၃၅ | ၂၂၃၀ | ၂၂၄၅ | ၂၂၇၅ | ၂၂၇၅ | ၂၂၈၀ | ၂၄၉၅ | ၂၉၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၂၈ | ၁၇၉၆ |
| 95 Ron | ၁၇၉၃ | ၁၈၆၂ |
| HSD (500 ppm) | ၂၀၃၅ | ၂၁၀၅ |
| HSD (50 ppm) | ၂၀၉၀ | ၂၁၆၁ |
| HSD (10 ppm) | ၂၀၉၀ | ၂၁၆၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## အာဆီယံ ယူ-၁၆ ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာအသင်း အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၃၀**

၂၀၂၂ အာဆီယံ ယူ-၁၆ ချန်ပီယံရှစ် ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၆ အမျိုးသားအသင်းသည် ဇူလိုင် ၃၀ ရက်က အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာသွားသည်။

ယင်းပြိုင်ပွဲကို ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၁၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စု(က)တွင် အင်ဒိုနီးရှား၊ ဗီယက်နမ်၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ အုပ်စု (ခ) တွင် ထိုင်း၊ တီမော၊ လာအို၊ ဘရူနိုင်း၊ အုပ်စု (ဂ) တွင် ဩစတြေးလျ၊ မြန်မာ၊ မလေးရှားနှင့် ကမ္ဘောဒီးယားတို့ ပါဝင်နေသည်။ မြန်မာ ယူ-၁၆ အသင်းတွင် အုပ်ချုပ်သူ- ဦးညီညီလတ်၊ နည်းပြချုပ်- ဦးအောင်ဇော်မျိုး၊ လက်ထောက်နည်းပြ- ဦးပေါ်ထွန်းကျော်၊ ဦးရောမောင်၊ ဂိုးနည်းပြ- ဦးမျိုးကျော်သူ၊ ကစားသမားများအဖြစ် ဂိုးသမား- စိုင်းသီဟနိုင်၊ ဆလိုင်းအံ့ဘွယ်



မောင် (မန္တလေးအကယ်ဒမီ)၊ မြင့်မြတ်ရန်နောင် (ပုသိမ်အကယ်ဒမီ)၊ နောက်တန်း- လင်းထက်ဦး၊ နေလင်းထက်၊ သူရဇော်၊ လှထွန်း (မန္တလေးအကယ်ဒမီ)၊ သက်နိုင်ဦး၊ ဟန်ထက်ဦး၊ မြတ်ဘုန်းခန့်၊ အောင်ကောင်းခန့်(၂) (ပုသိမ်အကယ်ဒမီ)၊ နေလင်းထွန်း (ISPE လွိုင်ကော်)၊ အလယ်တန်း- ကောင်းခန့်ဇော်၊ ကောင်းထက်၊ ဘရန်းဒွန်းလီ၊ နေမင်းထက်၊ ဟန်ထွန်းဇော် (မန္တလေးအကယ်ဒမီ)၊ ခွန်းချိုထူး (ပုသိမ်အကယ်ဒမီ)၊ ချစ်မြတ်နိုးဦး (ရန်ကုန်တိုင်းဒေသကြီး)၊ အောင်ဇော်မျိုး (ကရင်ပြည်နယ်)၊ ရှေ့တန်း- ဝေလျှံရှိုင်း၊ ပြည့်စုံအောင်၊ အောင်ကောင်းခန့်(၁) (ပုသိမ်အကယ်ဒမီ)၊ စိုင်းဇေယျာကျော် (ရန်ကုန်အကယ်ဒမီ)၊ နိုင်လား၊ ရှိုင်းဝဏ္ဏအောင်၊ ထူးဝေယံ (မန္တလေးအကယ်ဒမီ)၊ စောမျိုးဇော် (ကရင်ပြည်နယ်)တို့ ပါဝင်သည်။

ပြိုင်ပွဲကျင်းပမည့် ပုံစံအရ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးသုံးသင်းနှင့် အုပ်စု(က)နှင့် (ဂ)မှ ဒုတိယနေရာရ အသင်းများအနက် အကောင်းဆုံးတစ်သင်းမှာ ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအသင်းသည် ဩဂုတ် ၂ ရက်တွင် ဩစတြေးလျအသင်း၊ ဩဂုတ် ၅ ရက်တွင် မလေးရှားအသင်း၊ ဩဂုတ် ၈ ရက်တွင် ကမ္ဘောဒီးယား အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ-MFF**

● *ကျောဖုံးမှ*

ဇယားထိပ်ပိုင်းတွင် ရပ်တည်နေသည့် ရှေဝတီအသင်း နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့ပြီး စတုတ္ထမြောက်နိုင်ပွဲနှင့်အတူ ရှမ်းယူနိုက်တက်၊ ရန်ကုန်အသင်းတို့ကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ GFA အသင်းမှာမူ နည်းပြအပြောင်းအလဲ ပြုလုပ်ထားသော်လည်း ရလဒ်ပိုင်းပြောင်းလဲနိုင်ခြင်းမရှိသေးဘဲ ရှုံးပွဲဆက်ခဲ့သည်။

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး GFA အသင်းမှာမူ နိုင်ငံခြားသားကစားသမားနှစ်ဦးကို ပွဲစကတည်းက ထည့်သွင်းအသုံးပြုခဲ့သည်။ ပွဲစကတည်းက နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၂၇ မိနစ်တွင် ရာဇာအောင်က ရှေဝတီအသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရှေဝတီအသင်းက ဆက်လက်ဖိကစားခဲ့ပြီး တိုက်စစ်မှူး ရန်ကျော်ထွေးက ၃၅၊ ၄၅+၂ မိနစ်တွင် ရှေဝတီအတွက် နှစ်ဂိုးသွင်းယူခဲ့သည်။ ၄၁ မိနစ်တွင် သန်းတိုးအောင်က GFA အတွက် ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင်လည်း ရှေဝတီအသင်းက ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး ၅၉ မိနစ်တွင် ရန်ကျော်ထွေးက ဟက်ထရစ်ရစေမည့်ဂိုး သွင်းယူခဲ့သည်။ ၆၃ မိနစ်တွင် မောင်မောင်စိုးက GFAအတွက် ဒုတိယဂိုးသွင်းယူခဲ့သော်လည်း ရှေဝတီအသင်းက အနိုင်ရလဒ်ကို ထိန်းကစားသွားသည်။ ခြောက်ပွဲစီကစားအပြီးတွင် ရှေဝတီအသင်းက လေးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၁၃ မှတ်၊ GFA အသင်းက တစ်ပွဲနိုင်၊ ငါးပွဲရှုံး ရမှတ်သုံးမှတ် ရရှိထားသည်။

ပွဲစဉ် (၆) ဒုတိယနေ့ကို ဇူလိုင် ၃၁ ရက် **(ယနေ့)** ဆက်လက် ကျင်းပမည်ဖြစ်ပြီး အား/ကာသိပ္ပံအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

## အာဆီယံ ယူ - ၁၈ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်၌ ဗီယက်နမ်-မြန်မာ၊ ဩစတြေးလျ-ထိုင်း တွေ့ဆုံ

**ရန်ကုန် ဇူလိုင် ၃၀**

အင်ဒိုနီးရှားနိုင်ငံ၌ ပလန်ဘမ်မြို့၌ ကျင်းပလျက်ရှိသည့် ၂၀၂၂ အာဆီယံ ယူ-၁၈ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ပွဲစဉ်များ ထွက်ပေါ်လာပြီဖြစ်ပြီး ဗီယက်နမ်-မြန်မာ၊ ဩစတြေးလျ-ထိုင်း တွေ့ဆုံခဲ့သည်။

အုပ်စု (က) နောက်ဆုံးနေ့ကို ဇူလိုင် ၃၀ ရက်က ကျင်းပရာ ဗီယက်နမ်က ထိုင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး စင်ကာပူနှင့် ကမ္ဘောဒီးယားအသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။ အုပ်စုပထမနေရာအတွက် အဆုံးအဖြတ်ပွဲတွင် ဗီယက်နမ်က ထိုင်းကိုအနိုင်ကစားခဲ့သဖြင့် ဆီမီးဖိုင်နယ်တွင် မြန်မာအသင်းနှင့် တွေ့ဆုံခြင်းဖြစ်သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၂ ရက်တွင် ကျင်းပမည်ဖြစ်သည်။

အုပ်စုပွဲစဉ်များ အပြီးတွင် အုပ်စု (က)၌ ဗီယက်နမ်အသင်းက လေးပွဲနိုင်၊ ရမှတ် ၁၂ မှတ်ဖြင့် အုပ်စုပထမ၊ ထိုင်းအသင်းက သုံးပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ်ကိုးမှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (ခ) ၌ ဩစတြေးလျအသင်းက သုံးပွဲနိုင် ရမှတ်ကိုးမှတ်ဖြင့် အုပ်စုပထမ၊ မြန်မာအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ်ခြောက်မှတ်ဖြင့် အုပ်စုဒုတိယ ရရှိကာ ဆီမီးဖိုင်နယ် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုပွဲစဉ်များတွင် မလေးရှားနှင့် ဖိလစ်ပိုင်ကို အနိုင်ယူပြီး ဩစတြေးလျကို အရေးနိမ့်ခဲ့သဖြင့် အုပ်စုဒုတိယ ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းမှာမူ ဆီမီးဖိုင်နယ် တက်ရောက်ပြီးဖြစ်သောကြောင့် ဩစတြေးလျနှင့် နောက်ဆုံးပွဲတွင် အမာခံကစားသမားများကို အနားပေးခဲ့ခြင်းဖြစ်သည်။

**ရဲရင့်လွင်**

# စပိန်နှင့် ဘရာဇီးတွင် ပထမဆုံးအကြိမ် မျောက်ကျောက်နှင့်ဆက်စပ်သည့် ရောဂါကြောင့် သေဆုံးမှုအတည်ပြု

မက်ဒရစ် ဇူလိုင် ၃၀

**စပိန်ကျန်းမာရေးဝန်ကြီးဌာနက ပထမဆုံးအကြိမ် မျောက်ကျောက်နှင့်ဆက်စပ်သည့် ရောဂါကြောင့် သေဆုံးမှုကို ဇူလိုင် ၂၉ ရက်တွင် အတည်ပြုလိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။**

အဆိုပါသတင်းသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မျောက်ကျောက်ရောဂါကို နိုင်ငံတကာစိုးရိမ်ဖွယ်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာပြီး တစ်ပတ်အကြာတွင် ထွက်ပေါ်လာခြင်း ဖြစ်သည်။ စပိန်နိုင်ငံ၌ လက်ရှိအချိန်အထိ မျောက်ကျောက်ရောဂါ အတည်ပြုကူးစက်ခံရသူ အရေအတွက် ၄၂၉၈ ဦးရှိပြီး ၁၂၀ ကို ဆေးရုံသို့ တင်ပို့ထားရကြောင်း အမျိုးသားကူးစက်ရောဂါ စောင့်ကြည့်ရေးကွန်ရက် (အာရ်အီးအင်န်အေ ဗွီအီး)၏ စုဆောင်းထားသော အချက်အလက်များအရ သိရသည်။

စပိန်နိုင်ငံ၌ အဆိုပါ ရောဂါကူးစက်မှုခံရသူ အသက်အရွယ်အပိုင်းအခြားသည် ၁၀ လသား အရွယ်မှ အသက် ၈၈ နှစ် အရွယ်အထိဖြစ်ကြောင်း သိရသည်။ မျောက်ကျောက်ရောဂါဖြစ်ပွားမှုသည် စပိန်နိုင်ငံ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသ ၁၇ ခုမှ ဖြစ်ကြောင်း၊ မက်ဒရစ်မှ ၁၆၅၆ ဦးဖြင့် ကူးစက်မှု အများဆုံးဖြစ်ပြီး ၎င်းနောက်တွင် ကက်တာလိုနီယာမှ ၁၄၀၆ ဦးနှင့် တောင်ပိုင်းဒေသ အန်ဒါလူရှားမှ ၄၉၈ ဦးဖြင့် အများဆုံးဖြစ်ကြောင်း သိရသည်။

အခြားသတင်းတစ်ရပ်တွင် ဘရာဇီးနိုင်ငံ၌လည်း ပထမဆုံးအကြိမ် မျောက်ကျောက်နှင့် ဆက်စပ်သည့် ရောဂါကြောင့် သေဆုံးမှုဖြစ်ပေါ်ခဲ့ကြောင်း ဇူလိုင် ၂၉ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ဘရာဇီးနိုင်ငံ၌ ဇူလိုင် ၂၇ ရက်အထိ မျောက်ကျောက်ရောဂါ အတည်ပြုကူးစက်ခံရသူ ၉၇၈ ဦးရှိကြောင်း သိရသည်။




ဆင်ဟွာ

# အီရန်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၅၃ ဦးအထိ ရှိလာ

**တီဟီရန် ဇူလိုင် ၃၀**

မကြာသေးမီက အီရန်နိုင်ငံ ပြည်နယ်အသီးသီးတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှု ဖြစ်ပွားသောကြောင့် သေဆုံးသူ အရေအတွက် ၅၃ ဦးအထိ မြင့်တက်လာကြောင်း ဇူလိုင် ၂၉ ရက်က ကယ်ဆယ်ရေး အကြီးတန်းအရာရှိ တစ်ဦးက ပြောသည်။

အီရန်လခြမ်းနီ အသင်း၏ ကယ်ဆယ်ရေးအဖွဲ့ အကြီးအကဲဖြစ်သူ မဲဒီပယ်လီပူအာက ၁၆ ဦး ပျောက်ဆုံးနေဆဲ ဖြစ်ကြောင်း၊ လက်ရှိအချိန်အထိ လူ ၃၀၀၀ ကို အရေးပေါ်နေရာထိုင်ခင်းအတွက် စီမံပေးထားပြီး နောက်ထပ် ၁၃၀၀ ကို ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးထားပြီး ဖြစ်ကြောင်း ပြောသည်။



တီဟီရန်မြို့ အီမန်ဇာဒက် ဒါဗုဒ်ဒေသတွင် မိုးသည်းထန်စွာရွာသွန်းပြီးနောက် ရှာဖွေရေးနှင့် ကယ်ဆယ်ရေး လုပ်သားများက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

ကယ်ဆယ်ရေးသမား ၃၀၀၀ ဖြင့် ဖွဲ့စည်းထားသော ကယ်ဆယ်ရေးအသင်း ၆၈၇ သင်းဖြင့် ကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိကြောင်း ၎င်းက ထပ်မံပြောကြားသည်။ မာဇန်ဒန်ရန်ပြည်နယ် အကျပ်အတည်းစီမံခန့်ခွဲမှုအဖွဲ့မှ အကြီးအကဲဖြစ်သူ ဟော့စ်ဆိန် အလီမိုဟာမက်ဒီက ရေကြီးမှုကြောင့် အဆောက်အအုံတစ်လုံး တစ်စိတ်တစ်ပိုင်း ပြိုကျပြီး တံတားတစ်စင်း ပျက်စီးခဲ့ကြောင်း၊ မြို့နယ်အချို့တွင် လျှပ်စစ်ဓာတ်အားနှင့် ဆက်သွယ်ရေး ကွန်ရက်များ ယာယီ ပြတ်တောက်ခဲ့ကြောင်း ပြောသည်။

အီရန်နိုင်ငံ၌ ဩဂုတ် ၁ ရက်အထိ မိုးသည်းထန်စွာရွာသွန်းမှု ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း၊ လက်ရှိအချိန်အထိ ပြည်နယ် ၂၀၊ ဒေသပေါင်း ၁၀၀ နှင့် ရွာပေါင်း ၃၀၀ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# စင်ကာပူနိုင်ငံ၌ တစ်ရက်တည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၅၅၈ ဦး စစ်ဆေးတွေ့ရှိ

စင်ကာပူ ဇူလိုင် ၃၀

စင်ကာပူနိုင်ငံ၌ ဇူလိုင် ၃၀ ရက် တစ်ရက်တည်း ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၆၅၅၈ ဦး စစ်ဆေးတွေ့ရှိခဲ့သည့်အတွက် နိုင်ငံတစ်ဝန်း ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၇၀၈၉၅၀ အထိ ရှိလာပြီဖြစ်သည်။ အဆိုပါ ကူးစက်ခံရသူများအနက် ၅၈၆ ဦးသည် ပီစီအာရ်နည်းဖြင့် စစ်ဆေးတွေ့ရှိခြင်းဖြစ်ပြီး ၅၉၇၂ ဦးသည် အေအာရ်တီနည်းဖြင့် စစ်ဆေးတွေ့ရှိခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။




ပီစီအာရ်နည်းဖြင့် စစ်ဆေးတွေ့ရှိသည့် ၅၈၆ ဦးအနက် ၅၅၄ ဦးသည် ပြည်တွင်းကူးစက်မှုဖြစ်ပြီး ကျန် ၃၂ ဦးသည် ပြည်ပပြန် ကူးစက်မှုဖြစ်ကြောင်း သိရသည်။ ထို့ပြင် အေအာရ်တီနည်းဖြင့် စစ်ဆေးတွေ့ရှိသည့် ၅၉၇၂ ဦးအနက် ၅၇၄၃ ဦးသည် ပြည်တွင်းကူးစက်မှုဖြစ်ပြီး ကျန် ၂၂၉ ဦးသည် ပြည်ပပြန် ကူးစက်မှုဖြစ်ကြောင်း သိရသည်။

စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ သုံးဦးရှိသည့်အတွက် အဆိုပါ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၁၄၉၇ ဦး အထိ ရှိလာပြီဖြစ်သည်။

ဆင်ဟွာ

## နိုင်ငံတကာသတင်းတိုများ

### ဂျော်ဂျီယာနိုင်ငံ၌ ရဟတ်ယာဉ်တစ်စင်းပျက်ကျ ရှစ်ဦးသေဆုံး

■ ဂျော်ဂျီယာနယ်ခြားစောင့်ရဲတပ်ဖွဲ့ ရဟတ်ယာဉ်တစ်စင်းသည် ဂျော်ဂျီယာနိုင်ငံမြောက်ပိုင်း လျှိုမြောင်တစ်ခုအတွင်းသို့ ဇူလိုင် ၂၉ ရက်က ပျက်ကျမှုဖြစ်ပွားပြီး ရဟတ်ယာဉ်ပေါ်ပါ ရှစ်ဦး သေဆုံးကြောင်း ဂျော်ဂျီယာပြည်ထဲရေးဝန်ကြီးက ပြောသည်။ ဂျော်ဂျီယာပြည်ထဲရေးဝန်ကြီး ဗက်ခ်တောင် ဂိုမီလာရှူရီက ရဟတ်ယာဉ်ပျက်ကျမှုအတွင်း ရဟတ်ယာဉ်ပေါ်ပါ ရှစ်ဦးစလုံး သေဆုံးကြောင်း ပြောသည်။ ဂျော်ဂျီယာဝန်ကြီးချုပ် အီကာလီ ဂါရီဘာဗီလီသည် ထိုကဲ့သို့ အဖြစ်ဆိုးကြုံတွေ့ရသည့်အတွက် ဇူလိုင် ၃၀ ရက်ကို နိုင်ငံတစ်ဝန်း၌ ဝမ်းနည်းဖွယ်ရာနေ့အဖြစ် ကြေညာခဲ့သည်။ ဆင်ဟွာ

### ဗီယက်နမ်၌ ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူ ၁၆၇၀ တွေ့ရှိ

■ ဗီယက်နမ်နိုင်ငံ၌ ဇူလိုင် ၃၀ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၁၆၇၀ စစ်ဆေးတွေ့ရှိပြီး ဇူလိုင် ၂၉ ရက်က တွေ့ရှိမှုထက် ၁၃၅ ဦး ကျဆင်းလာကြောင်းသိရသည်။ ထို့ကြောင့် ဗီယက်နမ်နိုင်ငံတွင် အဆိုပါ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၀၇၇၈၁၅၄ ဦးအထိ ရှိလာပြီ ဖြစ်သည်။ ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူမရှိကြောင်း သိရသည်။ ဇူလိုင် ၃၀ ရက်အထိ ဗီယက်နမ်နိုင်ငံ၌ ရောဂါပြင်းထန်သောအခြေအနေတွင်ရှိပြီး အသက်ရှူကိရိယာတပ်ဆင်ရန် လိုအပ်သူ ၄၂ ဦးရှိကြောင်း သိရသည်။ ဆင်ဟွာ

### တရုတ်နိုင်ငံ၌ အလတ်တန်းစားနှင့် အသေးစား ရေလှောင်ကန်များ ရေကြီးမှုသတိပေးချက် အဆင့်ထက်ကျော်လွန်

■ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း လောင်နင်းပြည်နယ်တွင် လူပေါင်း ၈၀၀၀၀ နီးပါး ရေဘေးသင့်ခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောသည်။ လောင်နင်းရေကြီးမှုထိန်းချုပ်ရေးနှင့် မိုးခေါင်မှုလျော့ပါးရေးဌာန၏ ထုတ်ပြန်ချက်အရ ရေကြီးရေလျှံမှုကြောင့် ကောက်ပဲသီးနှံ ဟက်တာ ၁၆၀၀ ခန့် ထိ ခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့ပြီး စီးပွားရေးတိုက်ရိုက်ဆုံးရှုံးမှုအနေဖြင့် ယွမ် ၁၂ ဒသမ ၇ သန်း (အမေရိကန်ဒေါ်လာ ၁ ဒသမ ၉သန်းခန့်) ရှိကြောင်း သိရသည်။ ထိုကဲ့သို့ရေကြီးမှုကြောင့် အလတ်တန်းစား ရေလှောင်ကန် ၁၃ ကန်နှင့် အသေးစားရေလှောင်ကန် ၁၇ ခု၏ ရေမျက်နှာပြင်သည် ရေကြီးမှုသတိပေးချက် အဆင့်ထက် ကျော်လွန်နေပြီဖြစ်ကြောင်း သိရသည်။ ဇူလိုင် ၂၈ ရက်မှ ဇူလိုင် ၃၀ ရက်အထိ မိုးသည်းထန်စွာရွာသွန်း ပြီးနောက် ပြည်နယ်တစ်ဝန်းရှိ လူပေါင်း ၇၀၀၀၀ နီးပါးကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ထားပြီးဖြစ်ကြောင်း အာဏာပိုင်များက ပြောသည်။ ဆင်ဟွာ

မြန်မာ့အလင်း



# ကိုဗစ်ကြောင့် သောကပင်လယ်ဝေနေချိန် မျောက်ကျောက်ကို ကျန်းမာရေးအရေးပေါ်အခြေအနေ ကြေညာလိုက်တဲ့အခါ. . .

ဇော်မိုး

ကမ္ဘာပေါ်ရှိ လူသားတွေဟာ သဘာဝဘေးအန္တရာယ်တစ်ခုခုကြောင့် နေ့စဉ်နဲ့အမျှ အသက်သေဆုံးနေကြရတာကို နိုင်ငံတကာ သတင်းစာမျက်နှာတွေမှာ တွေ့နိုင်ပါတယ်။ အဲဒီလို သေဆုံးတဲ့အထဲမှာ အပူလှိုင်း၊ မုန်တိုင်း၊ ငလျင်၊ မိုးခေါင်ရေရှား၊ ကပ်ရောဂါစတဲ့ အရာတွေ အဓိက ပါပါတယ်။ အဲဒီထဲကမှ ၂၀၁၉ ခုနှစ်ကနေ လက်ရှိအချိန်အထိ ကင်းစင်ပပျောက်သွားခြင်းမရှိဘဲ တစ်စတစ်စနဲ့ ကူးစက်မှုတွေ၊ သေဆုံးမှုတွေ ဆက်လက်ရှိနေသေးတာက ကိုဗစ်-၁၉ ကပ်ရောဂါပါ။

### သမ္မတဘိုင်ဒင် ကိုဗစ်ကူးစက်

ကိုဗစ်-၁၉ ကာကွယ်ဆေးနဲ့ ပတ်သက်ပြီး ကမ္ဘာတစ်ဝန်းထုတ်လုပ်မှုတွေ၊ ထိုးနှံမှုတွေ အင်တိုက်အားတိုက်နဲ့ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်နေပေမယ့်လည်း မျိုးရိုးဗီဇပြောင်းဗိုင်းရပ်စ် အိုမီခရွန်မျိုးကွဲတွေကြောင့် ကာကွယ်ဆေးထိုးနှံမှုအခါခါ၊ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှု အထပ်ထပ်ထိုးနှံထားသော်လည်း ကူးစက်မှုတွေ၊ သေဆုံးမှုတွေကတော့ ယခင်ကထက် လျော့နည်းပေမယ့် ဆက်လက်ရှိနေဆဲပါ။ မကြာသေးခင်ကပဲ အမေရိကန်သမ္မတဂျိုးဘိုင်ဒင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရတယ်ဆိုတဲ့သတင်း နိုင်ငံတကာသတင်းရင်းမြစ်တွေမှာ အကျယ်တဝင့် ဖော်ပြထားတာ တွေ့ရတယ်။ တချို့သတင်းတွေမှာ သမ္မတ ဘိုင်ဒင်အနေနဲ့ ကိုဗစ်ကာကွယ်ဆေး လေးကြိမ် လောက်အထိ ထိုးနှံထားတယ်လို့တောင် ဖော်ပြထားတာ တွေ့ရတယ်။ ဒါပေမယ့်လည်း မကြာသေးခင် ရက်ပိုင်းက သတင်းတွေအရ သမ္မတဘိုင်ဒင်အနေနဲ့ ဆေးကုသမှုငါးရက်လောက်ခံယူအပြီးမှာ ပြန်လည်ကောင်းမွန်လာပြီး အိမ်ဖြူတော်မှာ ပထမဆုံးလူကိုယ်တိုင် မိန့်ခွန်းပြောကြားခဲ့တယ်လို့ သိရပါတယ်။

မည်သို့ပင် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံထားစေကာမူ ရောဂါဖြစ်ပွားမှုဟာ ကမ္ဘာတစ်ဝန်းမှာ ဆက်လက်ကူးစက်ဖြစ်ပွားနေဆဲပါ။ တချို့နိုင်ငံတွေမှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပထမလှိုင်း၊ ဒုတိယလှိုင်း၊ တတိယလှိုင်း၊ စတုတ္ထလှိုင်း၊ ပဉ္စမလှိုင်းနဲ့ ဆဋ္ဌမလှိုင်းအထိ ကျော်ဖြတ်ပြီး ဖြစ်ပါတယ်။ ဂျပန်နိုင်ငံဆိုရင် ကိုဗစ်-၁၉ သတ္တမလှိုင်းနဲ့ ရင်ဆိုင်နေရပြီလို့ မကြာသေးမီက ထုတ်ပြန်ကြေညာထားတာ တွေ့ရတယ်။ ဒါပေမယ့်လည်း ကာကွယ်ဆေးထိုးနှံထားတဲ့သူတွေဟာ ကာကွယ်ဆေးမထိုးနှံထားတဲ့ သူတွေထက် ရောဂါပြင်းထန်မှုနဲ့ သေဆုံးနိုင်ခြေ နည်းပါးတယ်လို့ သတင်းရင်းမြစ်တွေမှာ ဖော်ပြထားပါတယ်။

အဲဒီလို လှိုင်းအထပ်ထပ်နဲ့ ကူးစက်မှုကြား၊ သေဆုံးမှုကြားမှာ လူသားတွေ သောကပင်လယ်ဝေနေချိန် မျောက်ကျောက်ရောဂါ ဖြစ်ပွားမှုကို နိုင်ငံတကာစိုးရိမ်ဖွယ်ရာ ပြည်သူ့ကျန်းမာရေးအရေးပေါ် အခြေအနေအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဇူလိုင် ၂၃ ရက်မှာ ထုတ်ပြန်ကြေညာထားတာကြောင့် တစ်ပူပေါ်တစ်ပူဆင့်ဆိုသလို ဖြစ်ကြရတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကို အစီရင်ခံတင်ပြထားတဲ့ အချက်အလက်အရ ယခုနှစ်မှာ အာဖရိက၌ အဆိုပါရောဂါကြောင့် သေဆုံးသူ ငါးဦးရှိကြောင်း၊ လက်ရှိအချိန်အထိ အာဖရိကပြင်ပနိုင်ငံတွေဖြစ်တဲ့ စပိန်နဲ့ ဘရာဇီးမှာလည်း မျောက်ကျောက်ရောဂါနဲ့ ဆက်စပ်တဲ့ သေဆုံးသူရှိလာကြောင်း၊ နိုင်ငံနဲ့ ဒေသပေါင်း ၇၈ ခုမှ မျောက်ကျောက်ရောဂါ ကူးစက်မှု ၁၈၀၀၀ ကျော်ရှိလာကြောင်း သိရပါတယ်။



ကလေးငယ်များကို ကာကွယ်ဆေးထိုးနှံရန် ပြင်ဆင်နေသည့် စင်ကာပူနိုင်ငံ၌ စာသင်ချိန်ပြီးနောက် ကျောင်းသားကလေးငယ်များ အုပ်ထိန်းသူများနှင့်အတူ အိမ်ပြန်လာကြစဉ်။

> “ မျောက်ကျောက်ရောဂါဖြစ်ပွားမှုကို နိုင်ငံတကာစိုးရိမ်ဖွယ်ရာ ပြည်သူ့ကျန်းမာရေးအရေးပေါ် အခြေအနေအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဇူလိုင် ၂၃ ရက်မှာ ထုတ်ပြန်ကြေညာထားတာကြောင့် တစ်ပူပေါ်တစ်ပူဆင့်ဆိုသလို ဖြစ်ကြရတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကို အစီရင်ခံတင်ပြထားတဲ့ အချက်အလက်အရ ယခုနှစ်မှာ အာဖရိက၌ အဆိုပါရောဂါကြောင့် သေဆုံးသူ ငါးဦးရှိကြောင်း၊ လက်ရှိအချိန်အထိ အာဖရိကပြင်ပနိုင်ငံတွေဖြစ်တဲ့ စပိန်နဲ့ ဘရာဇီးမှာလည်း မျောက်ကျောက်ရောဂါနဲ့ ဆက်စပ်တဲ့ သေဆုံးသူရှိလာကြောင်း၊ နိုင်ငံနဲ့ ဒေသပေါင်း ၇၈ ခုမှ မျောက်ကျောက်ရောဂါ ကူးစက်မှု ၁၈၀၀၀ ကျော်ရှိလာကြောင်း သိရ ”

အဲဒီထဲကမှ ရောဂါကူးစက်မှုရဲ့ ၇၀ ရာခိုင်နှုန်းကျော်ဟာ ဥရောပဒေသမှဖြစ်ပြီး ၂၅ ရာခိုင်နှုန်းဟာ အမေရိကမှ ဖြစ်တယ်လို့ နိုင်ငံတကာသတင်းရင်းမြစ်တွေမှာ ဖော်ပြထားပါတယ်။ အဲဒီရောဂါတွေအပြင် ကာလဝမ်းရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါ၊ အိတ်ချ်အိုင်ဗွီနဲ့ ကာလသားရောဂါစတဲ့ ကူးစက်ရောဂါတွေကြောင့်လည်း လူသားတွေ နေ့စဉ်နဲ့အမျှ သေဆုံးနေကြရပါတယ်။ နောက်ဆုံးထွက်ပေါ်လာတဲ့အချက်အလက်အရ အမေရိကန်နိုင်ငံမှာ မျောက်ကျောက်ရောဂါအတည်ပြုကူးစက်ခံရသူ အရေအတွက် ၅၀၀၀ ခန့်ရှိလာပြီး ကနေဒါနိုင်ငံဆိုရင် ဇူလိုင် ၂၉ ရက်အထိ မျောက်ရောဂါအတည်ပြုကူးစက်ခံရသူ အရေအတွက် ၈၀၃ ဦးအထိ ရှိလာပြီလို့ သိရပါတယ်။

### ကလေးငယ်တွေ ကာကွယ်ဆေးထိုးဖို့ပြင်

ကိုဗစ်-၁၉ ရောဂါကူးစက်မှုအနေနဲ့ အရှေ့တောင်အာရှနိုင်ငံတွေကို ကြည့်ရင် မလေးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ထိုင်း၊ စင်ကာပူနိုင်ငံတွေအပြင် အိန္ဒိယ၊ တောင်ကိုရီးယားစတဲ့ နိုင်ငံတွေမှာ နေ့စဉ်ကူးစက်မှုတွေ၊ သေဆုံးမှုတွေ အဆက်မပြတ် ဖြစ်ပွားနေတာ တွေ့ရတယ်။ လွန်ခဲ့တဲ့နှစ်လအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ကလေးငယ်နှစ်ဦးသေဆုံးပြီးနောက် စင်ကာပူနိုင်ငံအနေနဲ့ ယခုနှစ် စတုတ္ထသုံးလပတ်မှာ ခြောက်လမှ လေးနှစ်ကြား ကလေးငယ်တွေကို ကာကွယ်ဆေးထိုးနှံဖို့ ပြင်ဆင်နေတာ တွေ့ရတယ်။

လက်ရှိမှာတော့ သက်ဆိုင်ရာ အာဏာပိုင်တွေဟာ ကာကွယ်ဆေးထိုးနှံဖို့အတွက် လိုအပ်တဲ့ပြင်ဆင်မှုတွေ ပြုလုပ်နေပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးသိပ္ပံအာဏာပိုင်နဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင် ကော်မတီက အသက် ငါးနှစ်အောက်ကလေးငယ်တွေအတွက် ဖော်စပ်ထားတဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးတွေကို ဘေးကင်းမှုနဲ့ ထိရောက်မှုကို လေ့လာနေကြောင်း ပြောပါတယ်။

စင်ကာပူနိုင်ငံမှာ ကိုဗစ်-၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားနေချိန်ကစပြီး ရောဂါကူးစက်ခံရသူ ၁ ဒသမ ၇ သန်းတွင် ၆၄၀၀၀ (၃ ဒသမ ၉ ရာခိုင်နှုန်း) ဟာ အသက်ငါးနှစ်အောက် ကလေးငယ်တွေဖြစ်တယ်လို့ စင်ကာပူကျန်းမာရေးဝန်ကြီးဌာနက ပြောပါတယ်။ စင်ကာပူနိုင်ငံမှာ အသက် လေးနှစ်အထိ ပြင်းထန်တဲ့ ရောဂါဖြစ်ပွားမှုကို ယခင်နှစ်နဲ့ နှိုင်းယှဉ်ကြည့်ရင် ယခင်နှစ် ၂၀၂၁ ခုနှစ်မှာ ၁၀၀၀၀၀ လူနာမှာ ၄၁ ဦးရှိပြီးတော့ ယခုနှစ် ၂၀၂၂ ခုနှစ်မှာ ၁၀၀၀၀၀ မှာ ၁၂ ဦးအထိ လျော့နည်းလာတယ်လို့ ဆိုပါတယ်။

ပြီးခဲ့တဲ့ ဇွန် ၂၇ ရက်က စင်ကာပူနိုင်ငံမှာ အသက် ၁၂ နှစ်အောက် ကလေးငယ်တစ်ဦး ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးခဲ့တယ်လို့ ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ဒါ့အပြင် အသက်တစ်နှစ်ခွဲအရွယ် ကလေးငယ်တစ်ဦးလည်း အဆိုပါရောဂါကြောင့် သေဆုံးခဲ့တယ်လို့ သိရပါတယ်။ စင်ကာပူနိုင်ငံမှာ အမျိုးသားကာကွယ်ဆေးထိုးနှံမှု အစီအစဉ်အရ စင်ကာပူနိုင်ငံရဲ့ လူဦးရေ ၉၆ ရာခိုင်နှုန်းခန့်ဟာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအပြည့် ထိုးနှံထားပြီးဖြစ်ပါတယ်။ စင်ကာပူနိုင်ငံမှာ ဇူလိုင် ၂၈ ရက်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၆၈၅၈၈၉ ဦးအထိရှိပြီး အဲဒီရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၁၄၉၀ အထိ ရှိကြောင်း worldometers ရဲ့ ဖော်ပြချက်အရ သိရပါတယ်။

### ကိုဗစ်-၁၉ ကူးစက်မှု

မလေးရှားနိုင်ငံဆိုရင် ဇူလိုင် ၂၈ရက်မှာ ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူ ၃၉၂၆ ဦး စစ်ဆေးတွေ့ရှိတဲ့အတွက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၄၆၆၈၁၃၉ ဦးအထိ ရှိလာပြီဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ လေးဦးရှိတဲ့အတွက် အဲဒီရောဂါကြောင့် သေဆုံးသူ ၃၅၉၄၆ ဦးရှိအထိ ရှိလာပြီ ဖြစ်ပါတယ်။ မလေးရှားနိုင်ငံမှာ ဇူလိုင် ၂၈ ရက် တစ်ရက်တည်းမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံသူ ၁၆၆၅၀ ရှိတာကြောင့် နိုင်ငံလူဦးရေရဲ့ ၈၆ ရာခိုင်နှုန်းဟာ အနည်းဆုံး ကိုဗစ်ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးဖြစ်ပြီး ၈၄ ရာခိုင်နှုန်းဟာ ကိုဗစ်ကာကွယ်ဆေးအပြည့်ထိုးနှံထားတယ်လို့ သိရပါတယ်။

အလားတူ တောင်ကိုရီးယားနိုင်ငံဆိုရင်လည်း ဇူလိုင် ၂၈ ရက်မှာ ကိုဗစ်-၁၉ ရောဂါထပ်မံ ကူးစက်ခံရသူ ၈၅၃၂၀ စစ်ဆေးတွေ့ရှိတာကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၉၆၂၀၅၁၇ ဦးအထိ ရှိလာပြီဖြစ်ပါတယ်။ အဲဒီရောဂါကြောင့် ထပ်မံသေဆုံးသူ ၃၅ ဦးရှိတဲ့အတွက်လည်း တောင်ကိုရီးယားနိုင်ငံ တစ်ဝန်းမှာ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၂၄၉၉၂ ဦးအထိ ရှိလာပြီဖြစ်ပါတယ်။

ငွေကြေးဖောင်းပွမှုနဲ့ စားသောက်ကုန် ဈေးနှုန်းတွေ တစ်နေ့တခြား တရိပ်ရိပ် မြင့်တက်လာတာကြောင့်လည်း လောကလူသားတွေဟာ နေ့စဉ်နဲ့အမျှ ရတက်ပွေနေကြရပါတယ်။ ကိုဗစ်-၁၉ ရောဂါကို အဆက်ပြတ်အောင် ရွာအလိုက်၊ ရပ်ကွက်အလိုက်၊ မြို့အလိုက်၊ နိုင်ငံအလိုက် ကန့်သတ်ထိန်းချုပ်လို့ ရပေမယ့် အစာအိမ်ကို ကန့်သတ်ထိန်းချုပ်လို့ မရတာကြောင့် မည်သို့ပင် ခက်ခဲပြီး ကျပ်တည်းနေပါစေ လူသားတွေဟာ ဆက်လက်ရုန်းကန်ကြရမည်သာဖြစ်ပါတယ်။

# ဇူလိုင် ၃၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၀ တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၆၄ ရာခိုင်နှုန်းရှိ

**(၃၀-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၉–၇–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၀–၇–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၆,၂၇၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၆၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၅၃၁,၇၀၇) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၄,၀၈၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၀) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၈၈၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၃၀–၇–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၈၄) ခု | (၁၄)ဦး |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၄၆) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၄၇) ခု | (၈)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၈၆) ခု | (၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၆၁၆) ခု | (၁၅)ဦး |
| စုစုပေါင်း | (၆,၂၇၉) ခု | (၄၀)ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသူ/ ကျောင်းသားများကို ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ခြောက်လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန



**မောင်တောမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံပေး**

**မောင်တော ဇူလိုင် ၃၀**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းရှိ ကိုဗစ်–၁၉ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးစီးသော ဦးတည်အုပ်စုတွင် ပါဝင်သူများအား ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက သတ်မှတ်စုရပ်နေရာများတွင် ဆက်လက်ထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးကြပ်ပြီး မြို့နယ်ကုသရေးဦးစီးမှူးဦးဆောင်၍ ကျန်းမာရေး ဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံခြင်းမပြုမီ လာရောက်ထိုးနှံသည့် သူများအား ကိုယ်ပူချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေး ခြင်း၊ သွေးတွင်းအောက်ဆီဂျင် ပမာဏတိုင်းတာခြင်း၊ ကျန်းမာရေး စစ်ဆေးခြင်းများကို ဆောင်ရွက်ပေးသည်။

အဆိုပါ ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး Booster Dose ထိုးနှံပေးခြင်းကို ယမန်နေ့က နိုင်ငံ့ဝန်ထမ်း ၂၆ ဦး၊ ကျန်းမာရေး ဝန်ထမ်းလေးဦး၊ ပညာရေးဝန်ထမ်းတစ်ဦး စုစုပေါင်း ၃၁ ဦးအား ဆက်လက်ထိုးနှံပေးခဲ့ပြီး ဇူလိုင် ၂၉ ရက်နေ့ထိ ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး Booster Dose ထိုးနှံပြီးစီးသူ ၂၉၈၈၀ အား ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ထိုးနှံပေးပြီး ဖြစ်ကြောင်း သိရသည်။ **အောင်ကျော်စိန်၊ သက်လွင်စိုး(ပြန်/ဆက်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇူလိုင် ၃၀**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေး စခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်ငါးနှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်း နှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည် အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေး လျက်ရှိသည်။

### ကာကွယ်ဆေးထိုးနှံပေး

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၄၉၂၅ ဦး၊ ရခိုင်ပြည်နယ် အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်၌ ဒေသခံပြည်သူ ၁၆၀၃ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခု၌ ဒေသခံပြည်သူ ၆၀၄၉ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန် များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၆၆၈ ဦးနှင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်နှစ်မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၆၃၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံ များမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး ခြင်းများ ဆောင်ရွက်ပေးသည်။



ကျောက်တော်မြို့နယ်၌ ကျောင်းသား ကျောင်းသူများအား ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံပေးစဉ်။

### ကြည့်ရှုအားပေး

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီး နှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇူလိုင် ၂၆ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

*(ယမန်နေ့မှအဆက်)*




**Myanmar National Post မှ အယ်ဒီတာချုပ် နောင်တော်လေးက** ယခု ရက်ပိုင်းအတွင်း အစွန်းရောက်အကြမ်းဖက်ပါတီ NLD က ယခုလက်ရှိ တာဝန်ယူဆောင်ရွက်နေသည့် UEC ကို တရားမဝင်ကြောင်း၊ ကျင်းပမည့်ရွေးကောက်ပွဲကိုလည်း ၎င်းတို့အနေဖြင့် လက်မခံနိုင်ဟု ထုတ်ပြန်ထားကြောင်း၊ အဆိုပါထုတ်ပြန်ချက်အပေါ် UEC အနေဖြင့် မည်ကဲ့သို့ သဘောထားမှတ်ချက်ပေးလိုသည်ကို သိလိုကြောင်းနှင့် ၎င်းတို့၏ ပြောဆိုချက်မှာ ဥပဒေနှင့်ညီညွတ်မှု ရှိ/မရှိ ကို သုံးသပ်ပြောကြားပေးစေလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** ယခုရက်ပိုင်းတွင် Social Media အွန်လိုင်း၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဆိုသည့်အမည်ဖြင့် သတင်းထုတ်ပြန်ချက် ထုတ်ပြန်ခဲ့သည်ကို တွေ့ရကြောင်း၊ သို့သော် ယင်းထုတ်ပြန်ချက်မှာ အွန်လိုင်းထုတ်ပြန်ချက်ဖြစ်သဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အတည်ပြုနိုင်ခြင်း မရှိသေးကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လက်ရှိအချိန်တွင် နိုင်ငံရေးပါတီများကို စစ်ဆေးလျက်ရှိကြောင်း၊ ထိုသို့စစ်ဆေးရာတွင် တည်ဆဲ နိုင်ငံရေးပါတီ ၉၂ ပါတီရှိသည့်အနက် ၈၅ ပါတီကို စစ်ဆေးပြီးဖြစ်ကြောင်း၊ နိုင်ငံရေးပါတီ ခုနစ်ပါတီကို စစ်ဆေးရန်ကျန်ရှိနေသေးကြောင်း၊ ထိုနိုင်ငံရေးပါတီ ခုနစ်ပါတီတွင် NLD ပါတီလည်း အပါအဝင်ဖြစ်ကြောင်း၊ NLD ပါတီကို စစ်ဆေးရာတွင် ပါတီတွင် အဓိကတာဝန်ရှိသူများဖြစ်သည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့တွင် ပါဝင်သည့် ပုဂ္ဂိုလ်တချို့သည် ဖမ်းဆီးထိန်းသိမ်းခံနေရကြောင်း၊ တချို့မှာ ထွက်ပြေးနေပြီး တချို့မှာတိမ်းရှောင်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ဆက်သွယ်သော်လည်း ဆက်သွယ်၍မရသေးကြောင်း၊ အဆိုပါပါတီကို စစ်ဆေးရန်အတွက် ဆက်သွယ်ဆောင်ရွက်ဆဲ အနေအထားတွင်သာရှိနေသေးသည်ဟု ပြောလိုကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ပြောလိုသည်မှာ အွန်လိုင်းပေါ်တွင် ထုတ်ပြန်ထားသည့် ထုတ်ပြန်ချက်ကို အတည်ပြု၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တစ်ဖက်သတ် ဆုံးဖြတ်ချက်ချမှတ်၍ ဆောင်ရွက်မည်ဆိုပါက တရားမျှတမှုရှိနိုင်မည်မဟုတ်ကြောင်း၊ သို့ဖြစ်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပါတီကိုစစ်ဆေး၍ အတည်ပြုပြီးမှသာလျှင် ဥပဒေနှင့်အညီ ဆုံးဖြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**One News သတင်းဌာနမှ ထုတ်လုပ်သူ ဦးသွင်ထူးအောင်က** ယခုမေးမြန်းသည့်မေးခွန်းမှာ မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေ အရပ်ရပ်ကို သုံးသပ်၍ မေးမြန်းခြင်းဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် အထွေထွေရွေးကောက်ပွဲကို သေချာပေါက်ကျင်းပနိုင်ခြင်း ရှိ/မရှိ သိလိုကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့်လည်း စုံစုံလင်လင် ပါဝင်ယှဉ်ပြိုင်နိုင်မှု ရှိ/မရှိ သိလိုကြောင်း၊ မည်ကဲ့သို့သော အခက်အခဲများရှိလာနိုင်သည်ကိုသိလိုကြောင်းနှင့် မည်ကဲ့သို့သော စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်ထားသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** သတင်းထောက်ကြီး ယခုမေးမြန်းသည့်မေးခွန်းတွင် အပိုင်း သုံးပိုင်းပါဝင်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင် ပါဝင်သည့် လုပ်ငန်းစဉ်(၁)နှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းစဉ်(၅)တွင် ပါဝင်သည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ တည်ဆဲနိုင်ငံရေးပါတီများကိုလည်း ဥပဒေနှင့်အညီ စစ်ဆေးကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ လေးကြိမ်တွေ့ဆုံခဲ့ကြောင်း၊ ထိုကဲ့သို့ တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံရေးပါတီအများစု တက်ရောက်ခဲ့ကြပြီး ရွေးကောက်ပွဲစနစ် အပါအဝင် အခြားကိစ္စများတွင် ပူးပေါင်းဆောင်ရွက်မှုများ ရှိကြောင်း၊ ထို့အတူ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေအသစ်ပြဋ္ဌာန်းနိုင်ရေးကိုလည်း ဆောင်ရွက်ထားကြောင်း၊ အဆိုပါ ဥပဒေ၊ နည်းဥပဒေအသစ် ပြဋ္ဌာန်းထုတ်ပြန်ပြီးပါက နိုင်ငံရေးပါတီများ ထပ်မံတိုးပွားလာမည့် အနေအထားရှိနိုင်သည်ဟုလည်း သုံးသပ်ထားကြောင်း၊ ထိုအခြေအနေများအပေါ်မူတည်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ယခင်အားနည်းချက်များကို သုံးသပ်၍ ဥပဒေမူဘောင်အရ လိုအပ်သည်များကို ပြင်ဆင်ခြင်း၊ မဲစာရင်းများ အပါအဝင် အခြားလိုအပ်ချက်များကို ပြင်ဆင်ဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ သတ်မှတ်ထားသည့် ရည်မှန်းချက်များအတိုင်း လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် အခက်အခဲများကြုံတွေ့ရပါကလည်း ထိုအခက်အခဲများကို အောင်အောင်မြင်မြင် ကျော်ဖြတ်၍ ရည်မှန်းချက်တာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြည်သူလူထုအပါအဝင် ဌာနဆိုင်ရာအားလုံးနှင့်ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**လူထုရင်ဖွင့်သံ သတင်းဌာနမှ အယ်ဒီတာ ဒေါ်ခိုင်စံပယ်ဦးက** ယခုလက်ရှိကာလကို ရွေးကောက်ပွဲအကြိုကာလအဖြစ်သတ်မှတ်၍ UEC က ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေသည်ဟု ပြောကြားထားကြောင်း၊ အောက်ခြေမှပြည်သူအများစုဖြစ်ကြသည့် အခြေခံလူတန်းစားများက “ရွေးကောက်ပွဲဖြစ်လာမှာမဟုတ်ပါဘူး၊ အာဏာသိမ်းလိုက်ပါလိမ့်မယ်၊ ဒါတွေက ဟန်ပြပြီးလုပ်နေတာဖြစ်တယ်” ဟု ပြောနေကြကြောင်း၊ ထိုကဲ့သို့ပြောဆိုနေမှုများနှင့်ပတ်သက်၍ မည်ကဲ့သို့ရှင်းပြနိုင်မည်ကို သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** သတင်းထောက်ကြီး ယခုမေးမြန်းသည့်မေးခွန်းကိုပြန်လည်ဖြေကြားရမည်ဆိုပါက ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အားလုံးသိကြသည့်အတိုင်း မဲစာရင်းမှားယွင်းမှုပမာဏကြီးမားစွာဖြစ်ပေါ်ခဲ့ကြောင်း၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုဖြစ်စဉ်များကို ယခင်အစိုးရနှင့် ယခင်ရွေးကောက်ပွဲကော်မရှင်က ဖြေရှင်းဆောင်ရွက်နိုင်ခြင်း မရှိသည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ အရ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၈(က) အရ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ လွှဲအပ်ခဲ့ရကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုဖွဲ့စည်း၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရှေ့လုပ်ငန်းစဉ်(၅)ရပ် ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ ထိုလုပ်ငန်းစဉ် (၅)ရပ်တွင်ပါဝင်သည့် လုပ်ငန်းစဉ်(၁)အတိုင်း မိမိတို့ဆောင်ရွက်နေကြောင်း၊ လုပ်ငန်းစဉ်(၅)နှင့်အညီ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပပေးမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို နှစ်ပတ်တစ်ကြိမ်ကျင်းပပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းတင်ပြလျက်ရှိကြောင်း၊ သတင်းထောက်ကြီးမေးမြန်းခဲ့သည့် လူအများစုကပြောသည်ဆိုသည့်ကိစ္စကိုပြောရလျှင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)နှင့်အညီ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက မိမိတို့တာဝန်ယူဆောင်ရွက်ရမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန်အတွက် ရည်မှန်း၍ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar Public Press သတင်းဌာနမှ အယ်ဒီတာ ကိုခန့်က** လာမည့် ၂၀၂၃ ခုနှစ်တွင် ရွေးကောက်ပွဲကို မဖြစ်မနေဆောင်ရွက်သွားမည်ဟု သိရှိရကြောင်း၊ UEC အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ပညာအရည်အချင်းကို သတ်မှတ်သွားမည်ဟု သိရကြောင်း၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် စသည့်လွှတ်တော်သုံးရပ်တွင် ဝင်ရောက်ယှဉ်ပြိုင်ရွေးကောက်ခံမည့် ကိုယ်စားလှယ်လောင်းများ၏ အရည်အချင်းကို မည်ကဲ့သို့သတ်မှတ်ထားသည်ကို သိလိုကြောင်း၊ လွှတ်တော်သုံးရပ်တွင်ဝင်ရောက်ယှဉ်ပြိုင် ရွေးကောက်ခံမည့် ကိုယ်စားလှယ်လောင်းများ၏ ပညာအရည်အချင်းကို UEC က မည်သည့်ပညာ အရည်အချင်းသည် မည်သည့်လွှတ်တော်သို့ ပါဝင်ယှဉ်ပြိုင်ရကြောင်း၊ ဘွဲ့ရဖြစ်ပါကလည်း မည်သည့်ဘွဲ့ဖြစ်ရမည်၊ ပြည်တွင်းဘွဲ့၊ ပြည်ပဘွဲ့ စသည်ဖြင့် သတ်မှတ်ထားသည်ကိုနိုင်ငံရေးပါတီများက၎င်းတို့၏ကိုယ်စားလှယ်လောင်းများ ရွေးချယ်နိုင်ရန်အတွက် ကြိုတင်အကြောင်းကြားရန် အစီအစဉ် ရှိ/မရှိသိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** သတင်းထောက်ကြီး ယခုမေးမြန်းသည့် မေးခွန်းနှင့်ပတ်သက်၍ ယခင်သတင်းစာရှင်းလင်းပွဲများတွင်လည်း မိမိအနေဖြင့် တစ်ကြိမ်ဖြေကြားခဲ့ပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ယခင်ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများနှင့် လွှတ်တော်သက်တမ်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ကိုယ်စားလှယ်လောင်းများ၏ အနေအထားကို ဆန်းစစ်လေ့လာခဲ့ကြောင်း၊ အလားတူ နိုင်ငံရေးပါတီများကို စစ်ဆေးရာတွင် တွေ့ရှိရသည့် စစ်ဆေးတွေ့ရှိချက်များကိုလည်း သုံးသပ်ခဲ့ကြောင်း၊ ထိုကဲ့သို့ သုံးသပ်ပြီးမှသာလျှင် နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူများ၏ အရည်အချင်းကို သတ်မှတ်ခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေများတွင် ကိုယ်စားလှယ်လောင်းများ၏အရည်အချင်း အပါအဝင် လိုအပ်သည်များကို အသစ်ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိသည်ကိုလည်း ယခင်သတင်းစာရှင်းလင်းပွဲများတွင် မိမိအနေဖြင့် ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ကိုယ်စားလှယ်လောင်းတစ်ဦးအနေဖြင့် ရှိသင့်ရှိထိုက်သည့် ပညာအရည်အချင်းကို သတ်မှတ်နိုင်ရန်အတွက် လျာထား၍ ဥပဒေပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ သတင်းထောက်ကြီးမေးမြန်းခဲ့သည့်မေးခွန်းနှင့် ပတ်သက်၍ မိမိပြောလိုသည်မှာ ဒေသများမတူညီသည့်အတွက် တိုင်းရင်းသားဒေသများမှ ကိုယ်စားလှယ်များအတွက်ဆိုပါက ဖြစ်သင့်ဖြစ်ထိုက်သည့်အတိုင်းအတာတစ်ခု သတ်မှတ်မည်ဖြစ်ကြောင်း၊ စဉ်းစားသုံးသပ်၍ ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ အတည်ပြုပြဋ္ဌာန်းနိုင်သည့် အခြေအနေသို့ မရောက်သေးကြောင်း၊ အတည်ပြုပြဋ္ဌာန်းပြီးစီးပါက ထုတ်ပြန်သည့်အချိန်တွင် သက်ဆိုင်ရာ နိုင်ငံရေးပါတီများနှင့် ပြည်သူများအားလုံး သိရှိနိုင်ရန်အတွက် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်အသိပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

**ဘူးလက်နယူးဂျာနယ်မှ ထုတ်ဝေသူ ဦးလှဆွေ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့်ပတ်သက်သည့် မေးခွန်းတစ်ခုမေးမြန်းထားကြောင်း၊ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲ ငါးကြိမ်ပြုလုပ်ခဲ့ပြီး အထွေထွေရွေးကောက်ပွဲ သုံးကြိမ်၊ ကြားဖြတ် ရွေးကောက်ပွဲ နှစ်ကြိမ် ပြုလုပ်ခဲ့ရာ ယင်းရွေးကောက်ပွဲပြုလုပ်သည့်အကြိမ်တိုင်းတွင် ပညာရေးဝန်ကြီးဌာနမှ ဆရာ ဆရာမများသည် မဲရုံမှူးပြုလုပ်ခဲ့ကြောင်း၊ ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် မဲအရေအတွက် ၁၂ သန်းကွာခြားခဲ့ကြောင်း၊ ယင်းမဲကွာခြားချက်များမှာ အဆိုးရွားဆုံး မဲကွာခြားချက်များဖြစ်ပြီး မဲရုံမှူးပြုလုပ်သည့် ဆရာ ဆရာမများလည်း အရေးယူခံခဲ့ရသည်များရှိကြောင်း၊ ၎င်းတို့၏ဘက်လိုက်မှုများ မည်မျှများသွားခဲ့သည်ဆိုလျှင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ နိုင်ငံတော်ကို တာဝန်ယူလိုက်သည့်အချိန်တွင် CDM ပြုလုပ်ခဲ့သည့် ဝန်ကြီးဌာနများတွင် ပညာရေးဝန်ကြီးဌာနမှ ဆရာ ဆရာမများက ရာခိုင်နှုန်းအများဆုံးဖြစ်သည်ကိုတွေ့ရကြောင်း၊ သို့သော် နိုင်ငံတော်အပေါ်သစ္စာရှိစွာ ကျောင်းသူ ကျောင်းသားများအပေါ် သစ္စာရှိစွာ စာသင်သည့် ဆရာ ဆရာမများမှာလည်း Non-CDM လုပ်၍ အသတ်ခံရသူများစွာရှိကြောင်း၊ လာမည့်ရွေးကောက်ပွဲတွင် ၎င်းဆရာ ဆရာမများနှင့် ပညာရေးဝန်ကြီးဌာန တစ်ခုတည်းကိုပင် မဲရုံမှူးဆက်လက်ခန့်အပ်ရန် စီစဉ်ထားခြင်း ရှိ/မရှိ သို့မဟုတ် ဝန်ကြီးဌာနပေါင်းစုံပါဝင်သည့် ဥပမာ လဝကဝန်ကြီးဌာနဆိုလျှင် မဲစာရင်းများပြုစုရာတွင် ထဲထဲဝင်ဝင်လုပ်ဆောင်နေသည့် ဝန်ကြီးဌာနဖြစ်ခြင်းကြောင့် ယင်းဝန်ကြီးဌာနကိုခေါင်းတည်ပြီး အခြားမီးသတ်၊ ကြက်ခြေနီတို့ကဲ့သို့အဖွဲ့များဖြင့် စုပေါင်းဆောင်ရွက်သွားပြီး တစ်ဖွဲ့နှင့် တစ်ဖွဲ့ ထိန်းကျောင်းဆောင်ရွက်သွားမည်ဆိုပါက မဲမသမာမှုများမဖြစ်နိုင်ဟု မိမိအနေဖြင့် ထင်မြင်မိကြောင်း၊ ထို့ကြောင့် လာမည့်ရွေးကောက်ပွဲတွင် ပညာရေးဝန်ကြီးဌာနမှ ဆရာ ဆရာမများကို မဲရုံမှူးများအဖြစ် ခန့်အပ်ထားရှိမည့် အစီအစဉ် ရှိ/မရှိ မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က မဲရုံမှူးများခန့်ရာတွင် သတ်မှတ်ချက်များရှိကြောင်း၊ သို့သော် ကျောင်းဆရာ ဆရာမဆိုသည့် သတ်မှတ်ချက်ဟုသီးသန့်မရှိကြောင်း၊ မဲရုံမှူး၊ ဒုမဲရုံမှူးတာဝန်များကို နိုင်ငံ့ဝန်ထမ်းများကို ခန့်အပ်ရန်၊ ကျန်သည့် မဲရုံအဖွဲ့ဝင်များအား နိုင်ငံ့ဝန်ထမ်းများသာမက သက်ဆိုင်ရာမဲဆန္ဒနယ် မဲစာရင်းများတွင်ပါပြီး အများယုံကြည်၍ လုပ်ကိုင်နိုင်သူများကို ခန့်အပ်နိုင်ကြောင်း၊ သို့သော် ပြီးခဲ့သည့်အတွေ့အကြုံများအရ ဆရာ ဆရာမများသည် လူဦးရေများခြင်း၊ ပျံ့နှံ့မှုအနေဖြင့်လည်း ရပ်ကွက်/ကျေးရွာများအထိ လုပ်ကိုင်ဆောင်ရွက်ရာတွင် ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း ၁၇၀၀၀ ကျော်ရှိပြီး မဲရုံပေါင်း ၄၀၀၀၀ ခန့်ရှိကြောင်း၊ ထိုမဲရုံများအတွက် ဆောင်ရွက်ရာတွင် အင်အားများပြားသည့် ကျောင်းဆရာ ဆရာမများကို အစဉ်အလာအရ မဲရုံမှူးအဖြစ်ခန့်အပ်သည့် အနေအထားဖြစ်နေကြောင်း၊ သို့သော် ပြီးခဲ့သည့် ရွေးကောက်ပွဲတွင်ဖြစ်ပေါ်လာသည့်ဖြစ်စဉ်များအပေါ်သုံးသပ်ရာတွင် အများစုမှာ လုပ်ဆောင်မှုမှန်သော်လည်း တချို့မဲရုံမှူးအပိုင်းတွင် အားနည်းချက်များ၊ ဥပဒေချိုးဖောက်မှုများရှိခဲ့ခြင်းကြောင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှုများရှိကြောင်း၊ ထို့ကြောင့် ယင်းအခြေအနေများကို သုံးသပ်ပြီး နောင်ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲတွင် ကျောင်းဆရာ ဆရာမများသာမက ဥပဒေနှင့်အညီ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် အခြား အကြံပြုထားသည့် ဝန်ထမ်းများအပါအဝင် အားလုံးခြုံငုံသုံးသပ်၍ မဲရုံမှူး/မဲရုံအဖွဲ့ဝင် တာဝန်များကို ပေးအပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**သူရိယနေ့ဝန်းသတင်းဌာနမှ အယ်ဒီတာချုပ် ဦးမိုးဟိန်း**က မေးခွန်းမတိုင်မီ လက်ရှိနိုင်ငံအနေအထားကို အနည်းငယ်ပြောလိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် မီဒီယာကို မီဒီယာနဲ့တိုက်၊ ငွေမျောရင် ငွေနဲ့လိုက်၊ ပြည်ပဝါဒဖြန့်ချက်တွေကို မိမိဝါဒဖြန့်ချက်နှင့် ပြန်တိုက်ဆိုသည့် မူအတိုင်း မိမိအနေဖြင့် ကြွေးကြော်သံတစ်ခုစတင်လိုကြောင်း၊ "ပြည်ထောင်စုမြန်မာနိုင်ငံအလုံးစုံပျက်သုဉ်းရေးကို ကြံစည်နေသည့် NLD အစွန်းရောက်ပါတီ၊ NUG တရားမဝင်အစိုးရ၊ CRPH နှင့်အကြမ်းဖက်သမားများ ကျဆုံးပါစေ၊ မြန်မာ့တပ်မတော်ကြီး အစွန့်ရှည်ပါစေ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစွန့်ရှည်ပါစေ"။

ပြည်ထောင်စုကိုကာကွယ်နေသည့် တပ်မတော်သားများနှင့် ပြည်သူများအား အားပေးစကားပြောကြားချင်ကြောင်း၊ ဂဠုန်ဦးစောအကြောင်း အနည်းငယ်ပြောလိုကြောင်း၊ ဂဠုန်ဦးစောသည် သေဒဏ်စီရင်ချက်ချမှတ်ခံထားရသည့်အချိန်တွင် ၎င်း၏ရှေ့နေမှ ဂဠုန်ဦးစောသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများကို မလုပ်ကြံမီ မြန်မာနိုင်ငံ၏ နန်းရင်းဝန်၊ ဝန်ကြီးချုပ်ဖြစ်ခဲ့ကြောင်း၊ ယင်းမတိုင်မီ ဦးပုအစိုးရ၊ ဒေါက်တာဘမော်အစိုးရတွင် ဝန်ကြီးဖြစ်ခဲ့ပြီး ဆရာစံ သူပုန်ကိစ္စတွင် လယ်သမားများဘက်မှ အခမဲ့ပြည်သူ့ရှေ့နေဖြစ်ခဲ့သည် ဆိုသည့် အချက်ကိုထောက်ထားပြီး သေဒဏ်မှလွတ်ငြိမ်းခွင့်ပေးရန် တောင်းဆိုခဲ့သည်များရှိခဲ့ကြောင်း၊ သို့သော် မည်သို့ပင် နိုင်ငံအကျိုးကိုဆောင်ခဲ့သည်ဖြစ်စေ၊ ဝန်ကြီးချုပ်ဖြစ်ခဲ့စေ၊ ပြည်သူ့ရှေ့နေ ဖြစ်ခဲ့စေ၊ နိုင်ငံတော်အစိုးရအနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများအား လုပ်ကြံသည့်ကိစ္စကြောင့် သေဒဏ်ပြတ်ပြတ်သားသား ပေးခဲ့ကြောင်း၊ ထို့ကြောင့် လက်ရှိလူပြောများနေသည့် အကြမ်းဖက်လှုပ်ရှားမှုများကို ကြိုးကိုင်ပြီး ရန်ကုန်တိုင်းအတွင်းတွင် လူ့အသက်ပေါင်းများစွာကို သေစေခဲ့သည့်အမှုများတွင် တာဝန်ရှိသည့် ဂျင်မီနှင့် ဖြိုးဇေယျာသော် အပါအဝင် လေးဦးကို အကျဉ်းဦးစီးဌာနမှ ၎င်းတို့လုပ်ထုံးလုပ်နည်းအတိုင်း စီရင်ဆောင်ရွက်ပြီးကြောင်းကို နိုင်ငံပိုင်သတင်းစာများမှဖော်ပြထားသည်ကို တွေ့ရကြောင်း၊ မိမိမေးလိုသည့်မေးခွန်းမှာ ယင်းကိစ္စနှင့်ပတ်သက်၍ နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၊ ပြည်ပတွင်ရှိနေသည့် ပြည်ဖျက်မီဒီယာများ၊ မြန်မာနိုင်ငံတွင်ရှိသည့် နိုင်ငံခြားသံရုံးများမှ ထုတ်ပြန်ချက်မျိုးစုံဖြင့် ရှုတ်ချဆန့်ကျင်နေမှုများရှိကြောင်း၊ ယင်းကိစ္စများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင်တစ်ဦးအနေဖြင့် လက်ရှိအစိုးရ၏ သဘောထားကို ကျယ်ကျယ်ပြန့်ပြန့် တုံ့ပြန်ဖြေကြားပေးစေလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က အဆိုပါကိစ္စနှင့်ပတ်သက်၍ ပထမဆုံး ဥပဒေနှင့် ပတ်သက်၍ ပြောလိုကြောင်း၊ ဥပဒေပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်မှာ ပြည်သူအများအကြား တရားမျှတမှုရရှိစေရေးနှင့် ပြည်သူနှင့် နိုင်ငံတော်အကြားတွင် တရားမျှတမှုရှိစေရေးပင်ဖြစ်ကြောင်း၊ အပြစ်မဲ့ပြည်သူများ ဥပဒေမဲ့အကြမ်းဖက် ရက်စက်စွာ သတ်ဖြတ်ခံခဲ့ခြင်းခံခဲ့ရသဖြင့် သေဆုံးခဲ့ရသည့် နစ်နာခဲ့ရသည့် ပြည်သူများကိုယ်စား တရားရုံးအစဉ်အဆက်မှ လုပ်ထုံးလုပ်နည်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အဆိုပါတရားခံများကို ခုခံချေပခွင့်ပေးခဲ့ကြောင်း၊ သက်သေအထောက်အထား အပြည့်အစုံအပေါ် အခြေပြုဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်တွင်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးစီရင်ပြီး ပြစ်ဒဏ်အတည်ပြု ချမှတ်ဆောင်ရွက်ခဲ့သည့်ကိစ္စနှင့် ပတ်သက်ပြီး ဝေဖန်မှုများ၊ ကန့်ကွက်မှုများဖြစ်ပေါ်လာနိုင်သည်ကို မိမိတို့သိကြောင်း၊ သို့သော် ပြည်တွင်းတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးအရ မဖြစ်မနေ ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ၎င်းတို့ စွပ်စွဲနေသည့် ပုဂ္ဂိုလ်ရေးအရ ဆောင်ရွက်ခဲ့ခြင်းမဟုတ်ကြောင်း၊ တရားဥပဒေနှင့်အညီသာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သတင်းထောက်ကြီးပြောသကဲ့သို့ ဦးစောကိစ္စနှင့်ပတ်သက်ပြီး ဖြည့်စွက်ပြောလိုကြောင်း၊ မြန်မာ့နိုင်ငံရေးလောကတွင် နိုင်ငံရေးနှင့်ပတ်သက်ပြီး စာများစွာ ရေးသားခဲ့ဖူးသည့် စာရေးဆရာကြီးတစ်ဦး ပြောခဲ့ဖူးသကဲ့သို့ **"ချစ်ရင် လုံးလုံး၊ မုန်းရင် လျှားလျှား"** ဆိုသလို ချစ်မိရင်လည်း အသည်းအသန်၊ မုန်းမိရင်လည်း လှည့်မကြည့်သည့် ပုံစံမျိုးဖြစ်ကြောင်း။

**"ပြီးခဲ့သည့် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်လာသည့်ဖြစ်စဉ်များအပေါ်သုံးသပ်ရာတွင် အများစုမှာ လုပ်ဆောင်မှုမှန်သော်လည်း တချို့မဲရုံမှူးအပိုင်းတွင် အားနည်းချက်များ၊ ဥပဒေချိုးဖောက်မှုများရှိခဲ့၊ နောင်ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲတွင် ကျောင်းဆရာ ဆရာမများသာမက ဥပဒေနှင့်အညီ သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် အခြား အကြံပြုထားသည့် ဝန်ထမ်းများအပါအဝင် အားလုံးခြုံငုံသုံးသပ်၍ မဲရုံမှူး / မဲရုံအဖွဲ့ဝင် တာဝန်များကို ပေးအပ်ဆောင်ရွက်သွားမည်ဖြစ်"**

ဦးစောနှင့်ပတ်သက်၍ ပြောလိုကြောင်း၊ ဂဠုန်ဦးစောဘက်မှ လိုက်ပြောပေးနေခြင်းမဟုတ်ကြောင်း၊ ဂဠုန်ဦးစောဟု အမည်တွင်ခဲ့ရခြင်းမှာ မြန်မာနိုင်ငံသည် ၁၈၈၅ ခုနှစ်တွင် အင်္ဂလိပ်လက်အောက်သို့ ကျရောက်ခဲ့ပြီး ၁၀ နှစ်တာ မျိုးချစ်စစ်ပွဲဖြစ်ပွားခဲ့ကြောင်း၊ ထိုအချိန်တွင် နိုင်ငံ၏ အနှံ့အပြားတွင် အင်္ဂလိပ်ကို တိုက်ခိုက်ခဲ့ကြကြောင်း၊ ဝန်းသိုနယ်တွင် ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်၊ ချင်းတွင်းကြွမ့်ဘိစ်၊ မြန်မာနိုင်ငံတွင် ပုဂံဗိုလ်ချိုတို့ကဲ့သို့ပုဂ္ဂိုလ်များ၊ ကယားပြည်နယ်တွင် စောလဖော်ကဲ့သို့ ပုဂ္ဂိုလ်များ များစွာသော ပုဂ္ဂိုလ်များက အင်္ဂလိပ်ကို တိုက်ခိုက်ခဲ့ကြကြောင်း၊ အင်္ဂလိပ်က မြန်မာနိုင်ငံတွင် ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ခဲ့စဉ်က တပ်အင်အားအနည်းငယ်ဖြင့်သာ ဆောင်ရွက်ခဲ့သော်လည်း ၁၀ နှစ်လုံးလုံး ဖြစ်ခဲ့သည့် ပွဲတွင် တပ်အင်အား များစွာအသုံးပြု၍ နှိမ်နင်းခဲ့ရကြောင်း၊ ထိုသို့နှိမ်နင်းရာတွင် နှစ်ပေါင်း ၃၀ ကြာခန့်အထိ မြန်မာ့နိုင်ငံရေးလှုပ်ရှားမှုမှာ လုံးဝဆိတ်သုဉ်းသွားကြောင်း၊ ၁၉၂၀ ပြည့်နှစ်တွင် စတင်၍ YMBA ကဲ့သို့ အသင်းများ ပေါ်ပေါက်လာခဲ့ကြောင်း၊ အင်္ဂလိပ်ကို လက်နက်ကိုင်တော်လှန်မည့် ၁၃၀၀ ပြည့် အရေးတော်ပုံအနီး ၁၉၃၀ ပြည့်နှစ်တွင်ဆရာစံ အရေးအခင်း စတင်ဖြစ်ပွားခဲ့ကြောင်း၊ ထိုအချိန်ကာလတွင် အင်္ဂလိပ်တို့၏လွှမ်းမိုးမှုသည် ဘုန်းမီးနေလတောက်ခဲ့ပြီး နေမဝင်အင်ပါယာဖြစ်ခဲ့ကာ ကမ္ဘာတွင် မည်သည့်နိုင်ငံမှ အင်္ဂလိပ်ကို မယှဉ်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ဂဠုန်ဆရာစံ၏ အမှုကို မည်သူမျှ ရှေ့နေမလိုက်ရဲခဲ့ကြောင်း၊ ထိုအမှုကို ဦးစောမှ ရှေ့နေလိုက်ပေးခဲ့သဖြင့် ဂဠုန်ဦးစောဟုအမည်တွင်ခဲ့ကြောင်း၊ ထိုစဉ်က မြန်မာနိုင်ငံတွင် ဥပဒေနှင့် ပတ်သက်၍ ပညာရှင်များစွာရှိသော်လည်း မည်သူတစ်ဦးတစ်ယောက်မျှ ဆရာစံ၏ အမှုအားရှေ့နေမလိုက်ရဲကြောင်း၊ ဦးစောတစ်ဦးသာ လိုက်ရဲကြောင်း။

ထိုအချိန်တွင် ICS၊ ရဲအရာရှိများအတွက် IPS၊ တရားဥပဒေတရားရုံးများအတွက် ITS ဆိုသည့် အသုံးများဖြင့် ရလာသူများ အများအပြားရှိကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းတို့ လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့သည့်အချိန်သည် အချိန်ကောင်းတစ်ခုဖြစ်ကြောင်း၊ အင်္ဂလိပ်ကိုတော်လှန်ဆန့်ကျင်မည့်၊ တစ်နည်းအားဖြင့် ကိုလိုနီဝါဒကို တော်လှန်ဆန့်ကျင်မည့် ဂျပန်ကဲ့သို့ ဖက်ဆစ်နိုင်ငံပေါ်လာကြောင်း၊ အားပေးနိုင်သည့် အင်အားစုတစ်ခုရှိသည့်အချိန် ကိုလိုနီနိုင်ငံများကို အင်္ဂလိပ်တို့ မထိန်းနိုင်သည့် အခြေအနေမျိုးတွင် ပေါ်ပေါက်လာခြင်းရှိကြောင်း၊ ဦးစော ရှေ့နေလိုက်သည့်အချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် အသက် ၁၅/၁၆ နှစ်ခန့်သာရှိသေးကြောင်း၊ ထိုအချိန်ကတည်းက နိုင်ငံရေးလုပ်ကိုင်လာခဲ့ကြောင်း၊ အင်္ဂလန်ကိုသွားရောက်၍ အရေးဆိုရာတွင် ယူဂန်ဒါတွင် သုံးနှစ်ခန့် အဖမ်းခံရကြောင်း၊ ထိုသို့ အဖမ်းခံရခြင်းမှာ ၎င်းသည် ဂျပန်သံရုံးသို့ သွားရောက်ဆက်သွယ်ခြင်းကြောင့် အဖမ်းခံရသည်ဟု ပြောကြောင်း၊ ဂျပန်ကို သွားရောက်အကူအညီတောင်းခြင်းကြောင့် ၎င်းကိုယ်တိုင်က စတင်ပြီး ဂျပန်ကိုအကူအညီတောင်းသည်ဟု ပြော၍ရသည်အထိ မှတ်တမ်းများရှိကြောင်း၊ ဇူလိုင်လမတိုင်မီ တစ်လ နှစ်လခန့်တွင် ဦးစောသည်လည်း သေနတ်ဖြင့် အပစ်ခံခဲ့ရကြောင်း၊ ပြည်သူ့ရဲဘော်ယူနီဖောင်းများဖြင့် သေနတ်ဖြင့်ပစ်ခဲ့ခြင်းကြောင့် ၎င်း၏မျက်လုံးတွင် ဒဏ်ရာရရှိခဲ့ကြောင်း၊ ယင်းကိစ္စများနှင့် ပတ်သက်၍ တချို့မြန်မာ့သမိုင်းများတွင် ပျောက်သွားသည်များလည်းရှိကြောင်း။

မိမိပြောလိုသည်မှာ ၎င်းတို့ စွပ်စွဲနေသည့် ဒီမိုကရေစီအရေးလှုပ်ရှားသူများကို အရေးယူသည်ဟု မဟုတ်မမှန် စွပ်စွဲပြောဆိုခြင်းများရှိကြောင်း၊ ၎င်းတို့ကိုအရေးယူခြင်းသည် ထိုကိစ္စနှင့်သက်ဆိုင်မှုမရှိကြောင်း၊ စောစောကပြသခဲ့သည့် ပြန်ဝင်လာသည့် ငပုတောလွှတ်တော်အမတ်ကို လက်ခံထားရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံထဲတွင် လေးပုံသုံးပုံသော ရွေးချယ်ခံထားရသည့် ကိုယ်စားလှယ်ဟောင်းများ လက်ရှိအနေအထားအတိုင်း အေးဆေးစွာရှိနေကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီအရေး နိုင်ငံရေးအတွက် အရေးယူခြင်းမဟုတ်ကြောင်း၊ အဘယ်ကြောင့် အရေးယူသလဲဆိုလျှင် ဖြိုးဇေယျာသော်ကို စစ်ဆေးချက်အရ အကြမ်းဖက်ကျူးလွန်မှုများတွင် လက်နက်/ခဲယမ်းထောက်ပံ့နေသည့်အချိန်တွင် ဖမ်းမိခဲ့ကြောင်း၊ ၎င်း၏စီစဉ်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ကိုးဦး၊ ပြည်သူ ၁၂ ဦး စုစုပေါင်း ၂၁ ဦး သေခဲ့ရကြောင်း၊ ထိုကိစ္စများနှင့်ပတ်သက်၍ ၎င်း၏ထွက်ဆိုချက်များတွင် အခိုင်အမာရှိပြီးဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူ ၁၄ ဦးရှိကြောင်း၊ ထို့ကြောင့် အကြမ်းဖက်ဥပဒေပုဒ်မ ၄၉(က)၊ ၅၀(ဈ)၊ ၅၀(ည)တို့နှင့် အရေးယူပြီး တရားရုံးအဆင့်ဆင့်မှ ခုခံချေပခွင့်ပေးပြီးမှသာ တရားရုံးက သေဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း။

ကျော်မင်းယု(ခ)ဂျင်မီကို ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်းသည် ဖြိုးဇေယျာသော်နှင့် ပူးပေါင်း၍ မွန်းလိုက်အော်ပရေးရှင်းဆိုသည်ကို လုပ်ခဲ့ကြောင်း၊ ထို့ပြင် ရန်ကုန်တွင် ရှိသည့် စာသင်ကျောင်းများ၊ ဆရာ ဆရာမများအား ပစ်မှတ်ထားပြီး တိုက်ခိုက်ခြင်းနှင့် အုပ်ချုပ်ရေးမှူးများကို ဒလန်ဟုစွပ်စွဲ၍ သတ်ဖြတ်ခဲ့ကြောင်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ပုဂ္ဂလိကဘဏ်များကို တိုက်ခိုက်ခြင်း၊ လက်နက်ငွေကြေးထောက်ပံ့ခြင်းများကြောင့် ၎င်းအား ၄၉(က)၊ ၅၀(ဈ)၊ ၅၀(ည) တို့ဖြင့်တရားစွဲဆို၍ သေဒဏ်အမိန့်အတည်ပြုခဲ့ကြောင်း၊ ကျန်နှစ်ယောက်သည် လှိုင်သာယာတွင်ရှိသည့် အမျိုးသမီးတစ်ဦးကို အိမ်အထဲတွင် ပိတ်လှောင်ခြင်း၊ ထို့နောက် ကားဖြင့် တွံတေးဘက်သို့ခေါ်ဆောင်ပြီး ဆွဲကြိုး၊ လက်စွပ်များယူ၍ ဓားဖြင့် ၂၁ ချက်ခန့် ထိုးသတ်ခဲ့ခြင်းကြောင့် တရားရုံးက သေဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းပြစ်ဒဏ်များကို တရားရုံးမှချမှတ်ပြီး ၎င်းတို့အခွင့်အရေးဖြစ်သည့် အယူခံလွှာတင်ခြင်း၊ အသနားခံစာတင်ခြင်းများ ခွင့်ပြုခဲ့ကြောင်း၊ ထို အယူခံလွှာ၊ အသနားခံစာများကို ပလပ်ခဲ့ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ ကျူးလွန်ခဲ့သည့်ပြစ်မှုများသည် အခြားသေဒဏ်ချမှတ်ခြင်းခံရသည့် ပြစ်မှုများနှင့် နှိုင်းယှဉ်ပါက သေဒဏ်ကို အကြိမ်ကြိမ်ချမှတ်ခံထိုက်သည့် ကျူးလွန်သည့်ပြစ်မှုများ ဖြစ်ခြင်းကြောင့်ဖြစ်ကြောင်း၊ ဦးစီးဦးဆောင်လုပ်ခဲ့သည်၊ လူဦးရေမည်မျှသတ်ခဲ့သည်၊ လက်နက်/ခဲယမ်း မည်မျှထောက်ပံ့သည်ကို ၎င်းတို့ထွက်ဆိုချက်များတွင် ပါပြီးဖြစ်ကြောင်း၊ ယခင်သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ၎င်းကျူးလွန်ခဲ့မှုများနှင့်ပတ်သက်၍ အခိုင်အမာ ရှင်းပြပြီးဖြစ်ကြောင်း။

*စာမျက်နှာ ၁၈ သို့*

# လောက်ကိုင်မြို့ အထက(၂) ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေး ကွင်းဆင်းဆောင်ရွက်




**လောက်ကိုင် ဇူလိုင် ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့၌ ယမန်နေ့က အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ရရှိရေး ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးအောင်ဇော်မင်းနှင့် ဝန်ထမ်းများက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်ဦးနှင့် ဌာနဆိုင်ရာများက ကြည့်ရှုအားပေးပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးတို့က ကျောင်းသား ၆၄ ဦးနှင့် ကျောင်းသူ ၄၅ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ကြောင်း သိရသည်။

**ရွှေစင်ဖြိုး (ပြန်/ဆက်)**

---

*စာမျက်နှာ ၁၇ မှ*

ၾင်းဖမ်းမိစဉ်တွင် ၎င်းကိုယ်တိုင်ရေးထားသည့် မှတ်စုစာအုပ်တွင် ဘယ်နေ့က ဘယ်သူ့ကို ဘယ်လောက်ပေး၍ သတ်ခိုင်းခဲ့သည်၊ ဘယ်နေ့တွင် ဘယ်အဖွဲ့ကို လက်နက်/ခဲယမ်း ဘယ်လောက်ထောက်ပံ့ခဲ့သည်၊ ဘယ်စစ်ဆင်ရေးတော့ အောင်မြင်သည်၊ နောက်နေ့ဘာလုပ်မည်ဆိုသည်များကို ၎င်းကိုယ်တိုင်ရေးထားသည့် မှတ်စုစာအုပ်တွင် ဖော်ပြပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းတို့သည် အခြားသေဒဏ်ချမှတ်ခံရသူများ၏ ပြစ်မှုများနှင့်မတူဘဲ သေဒဏ် အကြိမ်ကြိမ်ကျခံထိုက်သည့် ပြစ်မှုများကို ကျူးလွန်သူများဖြစ်ကြောင်း၊ အပြစ်မဲ့ပြည်သူများအပေါ် ရက်စက်စွာဖြင့် ကြီးမားသည့် ထိခိုက်နစ်နာမှုဖြစ်အောင် ဆောင်ရွက်ခဲ့သူများဖြစ်ကြောင်း၊ အစားထိုးမရသည့် ဆုံးရှုံးမှုများဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးကို ရှေးရှုပြီး ၎င်းတို့၏ ပြင်ဆင်မှုလျှောက်လွှာများ၊ အယူခံများ၊ အသနားခံစာများကိုပလပ်ပြီးပြစ်မှုကို အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ ပြစ်မှုအတည်ပြုပြီးသော်လည်း အကျဉ်းထောင်လက်စွဲ အပိုင်း ၁၄ အတိုင်း သေဒဏ် ချမှတ်ခံရသည့် အကျဉ်းသားများဆိုသည့် အခန်းအတိုင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့၏ရပိုင်ခွင့်များဖြစ်သည့် တွေ့လိုသူများနှင့် Video Conferencing စနစ်ဖြင့် တွေ့ပေးခဲ့ပြီး စီရင်ရမည့်အတိုင်း စီရင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်ပြီး သေဆုံးသူ၏ ရုပ်အလောင်းပြန်ပေးခြင်း၊ မပေးခြင်းနှင့်ပတ်သက်၍ အကျဉ်းထောင်လက်စွဲစာစောင်တွင် ပါရှိပြီးဖြစ်ကြောင်း၊ ထောင်မှူး၊ ထောင်အာဏာပိုင်များ၏ ဆုံးဖြတ်ချက်သာဖြစ်ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ အဓိကရုဏ်းတစ်ခုခုဖြစ်စေ၊ ဆန္ဒပြမှုတစ်ခုခုဖြစ်စေ ဖြစ်ပေါ်လာနိုင်ပါက အကျဉ်းထောင်၏ စီရင်မှုအောက်တွင်သာ သင်္ဂြိုဟ်ခွင့်ရှိကြောင်း၊ ယင်းကိစ္စများနှင့်ပတ်သက်၍ မီဒီယာများကို အကျဉ်းထောင်လက်စွဲ စာမျက်နှာ ၂၄၈ အပိုင်း ၁၄၊ သေဒဏ်ကျခံရသော အကျဉ်းသားများ၏ လုပ်ထုံးလုပ်နည်းများဆိုသည့် အကြောင်းအရာနှင့်ပတ်သက်သည်များကို မီဒီယာများကို ပေးလိုက်မည်ဖြစ်ကြောင်း၊ ယင်းဥပဒေများသည် မိမိတို့ ရေးဆွဲခဲ့ခြင်းမဟုတ်ကြောင်း၊ အင်္ဂလိပ်လက်ထက်က ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း၊ တချို့သော အသုံးအနှုန်းများကိုသာ ပြင်ထားကြောင်း၊ ဥပမာ ဘုရင်ခံဆိုသည်ကို နိုင်ငံတော်အကြီးအကဲဆို၍သာ ပြောင်းလဲကြောင်း၊ ကျန်အကြောင်းအရာများ ပြောင်းလဲမှုမရှိကြောင်း။

မိမိတို့အနေဖြင့် ယင်းကိစ္စများကို ပုဂ္ဂိုလ်ရေးအရ လုပ်ဆောင်ခြင်းမဟုတ်ကြောင်း၊ ဒီမိုကရေစီရေးအရလုပ်ခြင်းမဟုတ်ကြောင်း၊ လူသတ်ရမ်းကားခဲ့သည့် အကြမ်းဖက်သမားများကို ထိုက်သင့်သည့် ပြစ်ဒဏ်ကိုပေးခြင်းဖြစ်ကြောင်း၊ ဥပဒေပြဋ္ဌာန်းရခြင်း ရည်ရွယ်ချက်ဖြစ်သည့် ပြည်သူအများအပြား တရားမျှတမှုရရှိရေးနှင့် ပြည်သူနှင့် နိုင်ငံတော်အကြား တရားမျှတမှုရရှိရေးအတွက် မိမိတို့အနေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ လုပ်ကြံသတ်ဖြတ်ခြင်းခံရသည့် မိသားစုများ၊ ဆွေမျိုးသားချင်းများ၏ စိတ်ခံစားချက်များကို ထည့်တွက်ရန်လိုသည်ဟု မိမိအနေဖြင့်ပြောလိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ICCPR ပရိုတိုကောတွင် သေဒဏ်ချမှတ်ခြင်းနှင့်ပတ်သက်၍ လက်မှတ်ရေးထိုးထားခြင်းမရှိသည်ကို အသိပေးပြောကြားလိုကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် အပြစ်တစ်စုံတစ်ရာမရှိဘဲ လုပ်ကြံသတ်ဖြတ်ခြင်းခံရသည့် ပြည်သူများနှင့် ၎င်းတို့၏ဆွေမျိုးသားချင်းများ၏ မျက်နှာကို ထောက်ရှုပြီး မလွှဲမရှောင်သာ၍ ပြစ်မှုကျူးလွန်သည့်တရားခံများကို ဥပဒေနှင့်အညီ ပြစ်ဒဏ်ချမှတ်ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ပြစ်မှုကျူးလွန်သူများအား သနားညှာတာထောက်ထားနေမည်ဆိုပါက ပြစ်မှုကျူးလွန်ခြင်းခံရသည့် အပြစ်မဲ့ပြည်သူများအပေါ် ကိုယ်ချင်းစာမှုမရှိဘဲ ရက်စက်လွန်းရာကျမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တရားဥပဒေ၏ ဆုံးဖြတ်ချက်အတိုင်းသာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တရားဥပဒေကိုကျော်လွန်၍ လုပ်ဆောင်ခဲ့ခြင်းမရှိကြောင်း ပြန်လည်ဖြေကြားသည်။

**သူရိယနေ့ဝန်းသတင်းဌာနမှ အယ်ဒီတာချုပ် ဦးမိုးဟိန်း**က NLD အစိုးရလက်ထက်တွင် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံခြားသားအကြံပေးတစ်ရာနီးပါးကို ပြည်သူ့ဘဏ္ဍာငွေ ဒေါ်လာသန်းပေါင်းများစွာ သုံးစွဲငှားရမ်းခဲ့ကြောင်း၊ ထိုသို့ နိုင်ငံခြားသားအကြံပေးများ ငှားရမ်းလုပ်ဆောင်ခဲ့ခြင်းကြောင့် နိုင်ငံတော်၏ လျှို့ဝှက်ချက်များပေါက်ကြားခြင်း၊ နိုင်ငံတော်၏ စီးပွားရေးစီမံကိန်းများ ပေါက်ကြားခြင်း၊ အမျိုးသားလုံခြုံရေး ပေါက်ကြားခြင်းများ ဆက်တိုက်ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ပါတီ၏ နိုင်ငံခြားသားအကြံပေးများခေါ်သည့်လုပ်ရပ်ကို ဥပမာပြောရလျှင် **"သိုက်ဆရာကိုမှ လှေပေါ်တင်မိသည်"** ဆိုသည့် မြန်မာစကားရှိကြောင်း၊ ထိုစကားသည် မှားသွားသည်ကို နောင်တရမိ၍ ပြောသည့်စကားဖြစ်သော်လည်း NLD အစိုးရသည် သိုက်ဆရာမှန်းသိပါလျက် လှေပေါ်တင်ခဲ့သူများဖြစ်ကြောင်း၊ ယင်းနိုင်ငံခြားသား တစ်ရာကျော်ကြောင့် မလိုအပ်ဘဲနှင့် နိုင်ငံတော်အတွင်းရေးများ ပေါက်ကြားခဲ့ပြီး မြန်မာနိုင်ငံ၏ အနာဂတ်ကို နိုင်ငံတကာလက်ထဲ ထည့်ခဲ့ခြင်းကြောင့် လက်ရှိဖြစ်နေသည့် တိုင်းပြည်မတည်မငြိမ်မှုများ၊ အလုံးစုံပျက်သုဉ်းမှုများ၊ ထိန်းမနိုင်သိမ်းမရဖြစ်ခြင်းများ၊ NUG၊ PDF၊ CRPH တို့၏ Plan များသည် နိုင်ငံခြားသားတစ်ရာကျော်ကို ငွေပေးပြီး တိုင်းပြည်အနာဂတ်ကို ဖျက်ဆီးရန် ကြိုတင်ကြံစည်ခဲ့သည့် လုပ်ရပ်များဖြစ်ခြင်းကြောင့် ယင်းလုပ်ရပ်သည် နိုင်ငံတော်အပေါ် သစ္စာဖောက်သည့်လုပ်ရပ်ဟု စွပ်စွဲ၍ရကြောင်း၊ ဥပမာ ရခိုင်ပြဿနာသည် ပြည်တွင်းရေး ပြဿနာသာဖြစ်ပြီး ပြည်တွင်းပြဿနာကို ပြည်တွင်းတွင်ရှင်း၍ရသော်လည်း ရှောင်တာနယ်၊ ဂျိုးဖစ်ရှုရှာ စသည်တို့ကြောင့် ၎င်းပြဿနာကို နိုင်ငံတကာပြဿနာအဖြစ် ပြောင်းလဲခဲ့ရကြောင်း၊ မိမိတို့နိုင်ငံ နိုင်ငံတကာအလယ်တွင် တံတွေးခွက်ထဲ ပက်လက်မျောခဲ့ရခြင်းသည် ကိုဖီအာနန်ကော်မရှင်ကိစ္စသည် နိုင်ငံခြားသားတစ်ရာကျော်၏ အကြံပေးချက်ကြောင့်သာ ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံခြားသားအကြံပေးများခေါ်ပြီး တိုင်းပြည်ကို ရောင်းစားပြီး တိုင်းပြည်ကို ဝကွက်အပ်သည့်လုပ်ရပ်များ ထပ်မံမပေါ်ပေါက်အောင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အိမ်စောင့်အစိုးရအနေဖြင့် မည်သို့ဆောင်ရွက်ထားသည်ကို သိလိုကြောင်းနှင့် ရှောင်တာနယ်ကို ဖမ်းဆီးမိသည့်အချိန်တွင် နိုင်ငံတော်၏ လျှို့ဝှက်ချက်များစွာကိုရရှိသည်ဟု မိမိအနေဖြင့်ကြားသိရကြောင်း၊ ဖမ်းဆီးစစ်ဆေးပြီးနောက်ပိုင်းတွင် ထပ်မံသိရှိရသည့် လျှို့ဝှက်ချက်များကို အများပြည်သူများသိရှိစေရန် ထုတ်ပြန်ပေးရန် တောင်းဆိုကြောင်း၊ နောက်တစ်ချက်မှာ ဂျိုးဖစ်ရှုရှာသည် MI-6 က သိပါလျက် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတော်အတိုင်ပင်ခံရုံးတွင် တာဝန်ပေးပြီး နေပြည်တော်-အမေရိကန်-အင်္ဂလန်တို့ကို ချောင်းပေါက်အောင် ဝင်ထွက်ခွင့်ပေးခဲ့ခြင်း၊ ဝလုံးနှင့် ကျော်စိုးဦးတို့ဆိုလျှင် ပြည်ထဲရေးဝန်ကြီးတောင်မသိဘဲ အင်းစိန်ထောင်ပေါက်ဝတွင် ဂျိုးဖစ်ရှုရှာက လာခေါ်ပြီး လေယာဉ်ပျံပေါ်တင်ခေါ်သွားသည့် ဖြစ်စဉ်သည် ပြည်ထဲရေးဝန်ကြီးကိုကျော်လွန်၍ လုပ်ဆောင်ခြင်းဖြစ်ကြောင်း။

နိုင်ငံတကာကိုလှည့်ပြီး ဖြိုလှဲဖျက်ဆီးနေသည့် ပြည်ဖျက်သမားဂျော့ဆိုးရော့၏ တပည့်အရင်းဖြစ်သည့် ဦးသောင်းထွန်းကို နိုင်ငံတကာဆက်ဆံရေးဝန်ကြီးအဖြစ် ဒေါ်အောင်ဆန်းစုကြည် NLD အစိုးရကခန့်အပ်ခဲ့ပြီး ဂျော့ဆိုးရော့အလိုကျ ဝန်ကြီးခန့်ခဲ့ကြောင်း၊ အလားတူ ဦးစိုးဝင်းကိုလည်း အနောက်အုပ်စုအလိုကျ စီမံ/ဘဏ္ဍာဝန်ကြီးအဖြစ် ခန့်အပ်ခဲ့ကြောင်း၊ နိုင်ငံခြားသားတစ်ရာကျော်ဖြင့် တိုင်းပြည်ကို ဖျက်စီးခဲ့သည့်ကိစ္စကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ အသည်းအသန် တိုင်းပြည်ကို ပြန်လည်ထိန်းသိမ်းရာတွင် အခက်အခဲမှာ အဆိုပါနိုင်ငံခြားသား တစ်ရာကျော်ခန့်ခဲ့ပြီး တိုင်းပြည်ဖျက်လုပ်ငန်းများကိုလုပ်ခဲ့သည်ဟု မိမိအနေဖြင့် ယူဆခြင်းကြောင့် ရှောင်တာနယ်လိုလူမျိုးများကို မည်သို့ဆက်လက်ဆောင်ရွက်သွားမည်ကို သိလိုကြောင်းနှင့် ရှောင်တာနယ်ထံမှ သိရှိရသည့် အချက်များသည် နိုင်ငံတော်လုံခြုံရေးနှင့် အမျိုးသားလုံခြုံရေးကို မည်ကဲ့သို့ ထိခိုက်မှုများဖြစ်စေခဲ့ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်လက်ထက်၌ လုပ်ဆောင်ခဲ့သည့် သစ္စာဖောက်လုပ်ရပ်မျိုးများ ထပ်မံမပေါ်ပေါက်အောင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မည်သို့ဆောင်ရွက်ထားသည်ကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းပြပေးစေလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ယခင်အစိုးရလက်ထက်တွင် နိုင်ငံခြားသား အကြံပေးများနှင့်ပတ်သက်၍ အားလုံးသိရှိပြီးဖြစ်မည်ဟု ယူဆကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နေရာမှစပြီး ဝန်ကြီးဌာနအသီးသီးတွင်လည်း ရောက်ရှိနေသည်ကို သိရကြောင်း၊ လွှတ်တော်များတွင်လည်း ထိုကိစ္စနှင့်ပတ်သက်၍ မေးခွန်းမေးမြန်းခြင်းများပြုလုပ်ရာတွင် မေးခွန်းများ မေးခွင့်ရသည်များရှိသလို မေးခွင့်မရသည်များလည်း ရှိကြောင်း၊ မေးခွင့်ရသော်လည်း ကျေကျေနပ်နပ်ရှင်းပြခြင်းများ မရှိကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ မိမိတို့လက်တွေ့ဆောင်ရွက်နေသည်မှာ နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေနှင့် တရားစွဲဆိုထားခြင်းမျိုးရှိကြောင်း၊ ဥပမာ-ရှောင်တာနယ်ကို နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေနှင့် တရားစွဲဆိုထားကြောင်း၊ ၎င်းထံမှ ရရှိသည့် အချက်အလက်များလည်းရှိကြောင်း၊ ဆက်စပ်ပြီး ထပ်မံဖော်ထုတ်ရန်ရှိနေဆဲဖြစ်သည်ဟု ပြောလိုကြောင်း၊ ယင်းကိစ္စများနှင့်ပတ်သက်ပြီး သိသင့်သိထိုက်သည့်အချိန်တွင် သိရသည်များအထဲမှ သိသင့်သည်များကို ထုတ်ပြန်ပေးသွားနိုင်မည်ဟု မျှော်လင့်ကြောင်း။

ထို့ပြင် ဂျော့ဆိုးရော့ကိစ္စများ၊ သတင်းထောက်နှစ်ယောက်ကိစ္စများသည် မိမိတို့နိုင်ငံတွင် အမှန်တကယ်ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များဖြစ်ကြောင်း၊ သက်ဆိုင်ရာလူများတောင် မသိဘဲ ဆောင်ရွက်ခဲ့သည့် ကိစ္စမျိုးများရှိကြောင်း၊ ထိုနိုင်ငံခြားသားအကြံပေးများကြောင့် ရခိုင်ကိစ္စများသည် မကြီးသင့်ဘဲ ကြီးခဲ့ရကြောင်း၊ ယင်းကိစ္စအား မကြာသေးမီရက်ပိုင်းတွင် ICJ သွားရောက်ကြားနာခဲ့ရသည်များရှိခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် အကြံပေးများခန့်အပ်ရာတွင် မိမိနိုင်ငံကို အမှန်တကယ် ချစ်မြတ်နိုးသည့်သူများ၊ ပြည်သူလူထုအကျိုးကို ဆောင်ရွက်နိုင်သူများကိုသာ ခန့်အပ်ထားသည်ကို တွေ့နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ယခင်ကတည်းက နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက် အမုန်းခံပြီးပြောခဲ့သည့် လူအများစုနှင့် ဖွဲ့စည်းထားသည်ကိုလည်း တွေ့ရှိရကြောင်း၊ မိမိတို့လက်ထက်တွင် ဆောင်ရွက်နိုင်သော်လည်း နောင် ရွေးကောက်ပွဲပြီးသွား၍ အစိုးရတစ်ရပ် တက်လာခဲ့လျှင် အပြောင်းအလဲမဖြစ်နိုင်ရေးအတွက် မိမိတို့အနေဖြင့် ယခုအချိန်မှစပြီး အခြေခံအုတ်မြစ်ချထားရမည်ဖြစ်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ယခင်လက်ထက် ၂၀၁၀ မှ ၂၀၁၅ အကြားတွင် နိုင်ငံခြားသားအကြံပေးများ ငှားရမ်းမှုမရှိသလောက်ဖြစ်ခဲ့ပြီး ၂၀၁၅ နောက်ပိုင်းမှာသာ ငှားရမ်းမှုများရှိခဲ့ခြင်းကြောင့် ယင်းအစိုးရနှစ်ရပ်အကြားတွင်လည်း ကွာခြားမှုရှိခဲ့ကြောင်း၊ ထို့ကြောင့် ယခုကတည်းက အခြေခံအုတ်မြစ်ချထားရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ အားလုံးလည်း သိရှိထားပြီးဖြစ်ကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးတွင် မည်သို့ပြုလုပ်ခဲ့ကြသည်ကို သိရှိပြီးဖြစ်ကြောင်း၊ လူမှုရေးအကြောင်းပြပြီး နောက်ကွယ်မှ ထောက်ပံ့မှုများ၊ စီးပွားရေးတွင်လည်း အတွင်းထဲအထိ ဝင်ရောက်ပြီး စီးပွားဖျက်သူလျှိုလုပ်မှုများ၊ နိုင်ငံရေးတွင်လည်း အဓိကတည်မှီပြီး လုပ်ဆောင်နေသည်များလည်း ရှိကြောင်း၊ ယင်းကိစ္စများ ကာကွယ်နိုင်ရန်အတွက် မိမိတို့အနေဖြင့် အခြေခံများကို လုပ်နိုင်သမျှ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# တွံတေးမြို့နယ် ကွဲ့ဒရွတ်ချောင်းအတွင်း ငါးမျိုးစိုက်ထည့်

**ရန်ကုန် ဇူလိုင် ၃၀**

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ငါးမျိုးစိုက်ထည့်ခြင်းကို ဇူလိုင် ၂၇ ရက်က ကွဲ့ဒရွတ်ချောင်း ရေတွင်းကုန်းကျေးရွာအနီး၌ ကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ ရန်ကုန်တိုင်း ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးဌာနမှူး ဦးတင့်လွင်နှင့် တာဝန်ရှိသူများက တွံတေးငါးလုပ်ငန်း စခန်းမှ နှစ်လက်မ အရွယ် ငါးခုံးမကြီးကောင်ရေသုံးသိန်းကို မျိုးစိုက်ထည့်ပေးကြောင်း သိရသည်။ **သတင်းစဉ်**



# နေပြည်တော်ကောင်စီနယ်မြေ၌ ကောင်းမွန်သောရေသတ္တဝါမွေးမြူရေးကျင့်စဉ်သင်တန်းဖွင့်

**နေပြည်တော် ဇူလိုင် ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တိုင်း ငါးလုပ်ငန်းဦးစီးဌာန သင်တန်းခန်းမ၌ ကောင်းမွန်သောရေသတ္တဝါ မွေးမြူရေးကျင့်စဉ် (GAqP) သင်တန်းကို ယမန်နေ့က ဖွင့်လှစ်ရာ တိုင်းဒေသကြီးဦးစီးဌာနမှူး



ဒေါ်ညိုညိုအေး တက်ရောက်အမှာစကား ပြောကြားကာ သင်တန်းကို ဖွင့်လှစ်ပေးသည်။

အဆိုပါသင်တန်းသို့ လယ်ဝေးမြို့နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိသည့် သစ်ခေါက်ခွကျေးရွာ၊ ဆီဆုန်ကုန်းကျေးရွာနှင့် ပေါက်မြိုင်ကျေးရွာတို့မှ တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေးလုပ်ကိုင်သူများ၊ ငါးမွေးမြူရေးကို စိတ်ပါဝင်စားသူများတက်ရောက်ပြီး ရေဆင်းငါးလုပ်ငန်းစခန်းတာဝန်ခံက ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်ဆိုင်ရာ လိုက်နာရမည့် အခြေခံမူလေးရပ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၂ ဦး တက်ရောက်ပြီး ပညာပေးလက်ကမ်းစာဆောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၀-၇-၂၀၂၂

**ရွှေ**

၃၀-၇-၂၀၂၂ ဈေးနှုန်း

| | | | |
|---|---|---|---|
| ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၂၀၆၈၀၀၀ |
| ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၉၄၆၄၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၃၀ ကျပ် | ၂၃၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၉၀ ကျပ် | ၂၂၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၈၁၅ ကျပ် | ၁၈၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၈၈၅ ကျပ် | ၁၉၃၀ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၈၆ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၄၀ . ၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၉၅၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၈၇ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၁၅ . ၆၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၄ . ၅၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၃၂၈ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၂၀၀ | ၇၁၀၀ | ၁၇၀၀ | ၁၂၀၉၃၁၀၀ |
| MTSH | ၂၅၀၀ | ၂၅၀၀ | ၁၄၇၁ | ၃၆၇၅၅၀၀ |
| MCB | ၆၉၀၀ | ၆၉၀၀ | ၂၀ | ၁၃၈၀၀၀ |
| FPB | ၁၇၅၀၀ | ၉၆ | ၁၆၉၃၅၀၀ | ၁၆၉၃၅၀၀ |
| TMH | ၂၄၀၀ | ၂၄၅၀ | ၂၈၁ | ၆၇၆၃၅၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၁-၇-၂၀၂၂ တနင်္ဂနွေနေ့

**MRTV HD**

- **၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ မောရပရိတ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** ဒီမိုကရေစီဆိုရာဝယ်
- **၀၉:၃၀** တရုတ်ကာတွန်း "ပန်းနဂါးမိုးလေတံတား" (အပိုင်း-၂)
- **၁၀:၀၀** သတင်းသမားပြောတဲ့သတင်းစကား
- **၁၀:၃၀** "ချစ်သူဆွဲအား" တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
- **၁၁:၄၅** အသိပညာနှင့်အမှန်တရား
- **၁၂:၃၀** This Week Special Interest
- **၁၃:၃၀** MRTV National News
- **၁၄:၀၀** မြန်မာဇာတ်လမ်းတွဲ "ပြိုဟာလေလားမိုးရဲ့"
- **၁၇:၁၅** ထူးခြားစုံလင်အာရှစီဗီတ်အစီအစဉ်
- **၁၇:၃၅** ရာဇဝင်ထဲကသမိုင်းအနုပညာ
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** သုတဝေဖြာသီရိဂေဟာ
- **၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လျှို့ဝှက်ချက်' (အပိုင်း-၁၁၁)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- **၂၁:၀၀** ဘဝနှင့်အနုပညာ
- **၂၁:၂၀** ဆေးရောင်စုံရုပ်ရှင် 'သူငယ်ချင်းသုံးယောက်ရှိလေသည်'

**mitv**

- **07:02** Evergreen Classic: Metta Inngyin Yagon (Sein Lei Lei)
- **07:11** Great Shwedagon - The Sacred Hair Relics Hailing Pagodas
- **07:39** Myanmar Traditional Snacks: Mounhsi Gyaw
- **07:44** Myanmar Traditional Thatched Roofs: Nipa Palm
- **08:01** Elephant Catching and Scaring Trip Mile Stone 26
- **08:14** Today Myanmar: Myanmar Organic Supersized Fish
- **08:26** Myanmar Handicrafts
- **09:01** News
- **09:26** Global Partnership for Brighter Future: Kenya Pavilion\ at Expo 2020 Dubai
- **09:35** Insight Myanmar: Manuscription (Epi-4) Women Role & Myanmar Literature
- **09:50** Listening Pleasure, Instrumental Music (Banjo) Selection
- **10:01** Tigers, Lions and the Guardians

**MRTV NRC**

- **အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** သဘာဝရဲ့အလှတရားများနဲ့ကျောက်ပုထိုးစေတီတော်
- **အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** ဒေါင်ဒင်အင်းနှင့်စုပေါင်းငါးဖမ်းပွဲတော်
- **ချင်း(လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)** ဆီးချိုရောဂါအတွက်စားပေးသင့်သောသစ်သီးများ
- **ချင်း(ချို) (၀၉:၀၀ မှ ၁၀:၀၀)** မိုးတွင်းညထွက်သား/ငါးရှာဖွေခြင်း
- **မွန် (၁၀:၀၀ မှ ၁၂:၀၀)** ကင်ဆာရောဂါအကြောင်းသိကောင်းစရာ
- **ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)** ပင်လယ်ပျော်တို့နားခိုရာဆီ
- **ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)** ရွှေချမ်းသာဖောင်တော်ဦးဘုရားပွဲ
- **ဝ (၁၆:၀၀ မှ ၁၈:၀၀)** ပိုးမွေးမြူရေးအကြောင်း
- **ကချင် (၁၈:၀၀ မှ ၂၀:၀၀)** ကချင်ခေါင်ရည်(စပီ)ပြုလုပ်ပုံ
- **ကယား (၂၀:၀၀ မှ ၂၂:၀၀)** အမျိုးသားဥယျာဉ်ထဲက ချစ်စရာကယားရိုးရာအိမ်ကလေး
- **စကောကရင် (၂၂:၀၀ မှ ၂၃:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၈)

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၉:၁၅** စိုးရိမ်ဖွယ်အခြေအနေဖြစ်လာသည့် မျောက်ကျောက်ရောဂါ
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**ရာသက်ပန်ပေါင်းဖို့ရည်ရွယ်မှုသာ**'
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၁)
- **၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲရွေးချယ်တင်မြှောက်ပုံစနစ်(ဂျပန်နိုင်ငံ)
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၁)

**MRTV FARMERS'**

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
- **၀၆:၄၅** သုတဝေစည်တောင်သူဆီ
- **၀၇:၁၀** လုပကျန်းမာသောသီးနှံများနှင့်မြို့ထိလာ
- **၀၇:၃၀** မွေးမြူရေးရာအဖြာဖြာ
- **၀၉:၃၀** ဝါ GAP စိုက်ပျိုးနည်းနဲ့ပိုးမွှားကာကွယ်နည်း
- **၀၉:၄၀** လုပဝေစီမြောက်ချောကုန်းနှင်းဆီ
- **၀၉:၅၀** မြေကျောက်သရက်တို့ရှင်သန်ရာမြေ

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ဝါးတန်းဒိုင်သို့ တစ်လလျှင် ရွှေဘိုပေါ်ဆန်း အိတ်သုံးသိန်းခန့် ဝင်ရောက်ပြီး ဆန်ဈေးပြန်ကျနိုင်

ရန်ကုန် ဇူလိုင် ၃၀

**မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဝါးတန်းဒိုင်တွင် တစ်လလျှင် ရွှေဘိုပေါ်ဆန်းအိတ် သုံးသိန်းခန့်ဝင်ရောက်လျက်ရှိကြောင်းနှင့် ဆန်ဈေးပြန်ကျနိုင်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ဇူလိုင် ၂၉ ရက်က ပြောသည်။**



မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ခေတ္တဥက္ကဋ္ဌ ဦးနေလင်း

"ဝါးတန်းဒိုင်မှာ ရွှေဘိုပေါ်ဆန်းက မဝင်ဘူးဆိုတဲ့ လက သုံးသိန်းဝင်ပါတယ်။ ရွှေဘိုပေါ်ဆန်းရဲ့ လိုင်းအကျိုးဆောင်တွေက လူ ၃၀ ရှိပါတယ်။ တစ်ယောက်ကို အနည်းဆုံး အိတ်တစ်သောင်းဝင်လို့ တစ်လကို သုံးသိန်းလောက်ဝင်ပါတယ်။ ရွှေဘိုပေါ်ဆန်းဟာ ဈေးပြန်ကျလာလိမ့်မယ်။ လူတွေကလည်း အကုန်လုံးဝယ်ပြီးသားဖြစ်နေတဲ့အတွက် ဘာမှစိုးရိမ်စရာမရှိပါဘူး။ အခြားဆန်တွေကလည်း ထိုနည်းလည်းကောင်းပါပဲ။အရောင်းအဝယ်အေးပါတယ်။ လက်ရှိအချိန်မှာ ကျွန်တော်တို့ဆီမှာ အလုံအလောက်ရှိပါတယ်။ စားသုံးမှုဖူလုံပါတယ်။ ဒါ အခိုက်အတန့်လေးပဲ ဖြစ်ပါတယ်ဆိုတဲ့အကြောင်း ပြောချင်ပါတယ်"ဟု မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ခေတ္တဥက္ကဋ္ဌ ဦးနေလင်းက ပြောသည်။

"လတ်တလော ဆန်ဈေးက တက်ပြီးတော့ ပြန်တော့ငြိမ်သွားပါတယ်။ အခုလောလောဆယ်မှာ ဝယ်လိုအားကြောင့်တက်တာ မဟုတ်ပါဘူး။ ဈေးကစားသူတွေကြောင့်လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် သော်လည်းကောင်း တစ်ခုခုကြောင့် ဖြစ်သွားတာပါ။ စစ်ကိုင်းတိုင်းဟာ မြန်မာနိုင်ငံရဲ့တတိယစပါးကျီဖြစ်ပါတယ်။ ရွှေဘိုဆိုရင်လည်း စစ်ကိုင်းတိုင်းရဲ့ ပထမစပါးကျီ ဖြစ်ပါတယ်။ ဒီနှစ်၂၀၂၂ ခုနှစ်မှာ ရာသီဥတုအခြေအနေက မိုးရွာသွန်းမှုကလည်းများပြီးတော့ ဆည်ရေကလည်း ကောင်းပါတယ်။ ပြီးတော့ အခုနှစ်မှာ ရွှေဘိုပေါ်ဆန်းချည်းပဲ ၃၅၄၇၈၅ ဧက စိုက်ပါတယ်။ ရေဦး ၂၀၇၃၄၃ ဧကစိုက်ပါတယ်။ ရွှေသွယ်ရင် ၅၈၇၇၇ ဧက စိုက်ပါတယ်။ မနော်ဟရီက ၂၆၈၀၅ ဧက၊ အိုင်အာ ၇၄၇ က ၁၉၆၉၉ ဧက၊ မနောသုခက ၂၅၃၇ ဧကနဲ့ ဆင်းသုခက ၁၈၇ ဧက စိုက်ပျိုးပြီးတော့ စုစုပေါင်းဧကပေါင်း ၆၇၀၁၃၃ ဧက စိုက်ပျိုးထားတာကို တွေ့ရပါတယ်။ ၂၀၂၃ ခုနှစ်အတွက်ဆိုရင်လည်းအားလုံးက စိုက်ပျိုးပြီးသလောက်ဖြစ်ပြီးတော့ ဒီဇင်ဘာလမှာ ရိတ်သိမ်းမှာဖြစ်တယ်"ဟု လက်ရှိ စပါးစိုက်ပျိုးထားမှုအခြေအနေကိုလည်း အသင်းဥက္ကဋ္ဌက ရှင်းပြသည်။

ဆန်စပါးထွက်ရှိမှု အခြေအနေအရလည်း နှစ်အလိုက် စိုက်ပျိုးမှု၊ ထွက်ရှိမှုနှင့် စားသုံးမှုမှာ လုံလောက်မှုရှိကြောင်း သိရသည်။

"မြန်မာနိုင်ငံရဲ့စားသုံးမှုအနေအထားနဲ့ ရန်ကုန်မြို့ကြီးရဲ့ လူဦးရေအနေအထားနဲ့ဆိုရင် လိုအပ်မှုသိပ်ရှိမှာ မဟုတ်ပါဘူး။ အခုဈေးတက်တာက ဝယ်လိုအားများလို့လည်း မဟုတ်ဘူး။ ရောင်းလိုအားကြောင့်လည်း မဟုတ်ဘူး။ လမ်းပန်းဆက်သွယ်ရေးမှာ ဒီဇယ်ဈေးလေးတက်သွားတယ်။ အရင်က စပါးတစ်ရာကို သယ်ယူခ သုံးလေးသောင်းပေးရရင် အခုက ရှစ်သောင်း၊ ကိုးသောင်းပေးရတယ်။ မြေဆီဈေးကြီးလာတယ်။ ကားခကလည်း နှစ်ဆလောက်ပိုပေးရတယ်။ အဘက်ဘက်က နည်းနည်းလေးတက်လာတဲ့အတွက် ခါတိုင်းနှစ်ထက်စာရင်တော့ နည်းနည်းလေးတက်တယ်။ ဆန်ကပုံမှန်ဝင်ပါတယ်။ ကျွန်တော်တို့ဆီမှာ စားသုံးမှုအတွက် ဖူလုံပါတယ်။ ပြည်တွင်းမှာ လက်ကျန်တွေရှိပါတယ်။ ဘာမှ စိုးရိမ်ပူပန်စရာမရှိပါဘူး။ ရန်ကုန်မြို့အတွက်လည်း ပူစရာမရှိပါဘူး"ဟု အသင်းဥက္ကဋ္ဌက ဆက်ပြောသည်။



ဆန်စပါးကုန်သည်များအသင်း ဝါးတန်းဒိုင်မှ ဆန်အိတ်များ။

ဆန်ဈေးနှုန်းပြဿနာကို ဖြေရှင်းနိုင်ရေးအတွက်လည်းမြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်ကုန်များသည်အသင်း၊ မြန်မာနိုင်ငံ ဆန်စက်ပိုင်ရှင်များအသင်းတို့ ပူးပေါင်း၍ တစ်ပြည်လုံးလွှမ်းခြုံပြီး ကုန်စည်ဒိုင်များ၏ ကုန်ဝင်မှုအနေအထား စောင့်ကြည့်ခြင်း၊ ကုန်ဈေးနှုန်းအနေအထား စောင့်ကြည့်ခြင်းများ လုပ်ဆောင်နေကြောင်း သိရသည်။

"တချို့ကျတော့လည်း ဈေးနှုန်းဝင်ကစားတဲ့သူတွေလည်းရှိတယ်။ ဈေးဝင်ဖျက်တာပေါ့။ ဒါကိုလည်း စောင့်ကြည့်နေပါတယ်။ ရွှေဘိုပေါ်ဆန်းက ပြန်ပြီးတော့ အကျဘက်ရောက်သွားပါပြီ။ အင်္ဂါနေ့လောက်ကစပြီး နှစ်ထောင် သုံးထောင်ပြန်ကျသွားပါပြီ။ ကျွန်တော်ထင်တယ်။ ဆက်ကျသွားပါမယ်။ ဘာလို့လဲဆိုတော့ ပစ္စည်းတွေက ရှိပါတယ်။ အထွက်က ၂၉ ရာခိုင်နှုန်းလောက်ရှိတယ်။ ကျွန်တော်တို့ နိုင်ငံခြားပို့တာလည်းမရှိဘူး။ ပြည်တွင်းမှာပဲရှိပါတယ်။ လာမယ့်နှစ်အတွက်လည်း ပူစရာမရှိဘူး။ အားလုံးစိုက်ပျိုးပြီးသွားပြီ။ ဖူလုံပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း စားသုံးသူပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ရန်အတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းက ရွှေ့လျားဈေးကားများဖြင့် ဆန်များလှည့်လည်ရောင်းချပေးခြင်းကိုလည်း ဆောင်ရွက်လျက်ရှိသည်။ **သတင်းဆောင်းပါး-အာကာလင်း**

## ညောင်ဦးမြို့နယ်ရှိ ပြောင်းဖူးစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းပြီး ဈေးနှုန်းအမြင့်ဆုံးရောင်းချနေရ

**ညောင်ဦး ဇူလိုင် ၃၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် လက်ပံခြေပေါ်အုပ်စု ကျေးရွာများနှင့် သစ်ထောင့်ကျွန်းကျေးရွာအုပ်စုရှိ ကျေးရွာများတွင် မြေအောက်ရေသွင်း၍ ပြောင်းဖူးစိုက်ပျိုးကြရာ အောင်မြင်ဖြစ်ထွန်းသလို ယခုလအတွင်း ဈေးနှုန်းအမြင့်ဆုံးဖြင့် ရောင်းချနေရကြောင်း သိရသည်။

အဆိုပါ ကျေးရွာများသည် မြေအောက်ရေဖြင့် သကြားပြောင်းဖူး၊ အစေးပြောင်းဖူးများ စိုက်ပျိုးပြီး အနီးအနားမြို့များသို့သာ ရောင်းချနေရခြင်းကြောင့် ထွက်ရှိသည့်ပြောင်းဖူး များပြားနေပြီး ယခင်က ဈေးကောင်းမရဘဲ ဖြစ်နေရာမှ ဇူလိုင်လအတွင်းမှ ပြောင်းဖူးဈေးနှုန်းများ တက်လာခဲ့ခြင်းဖြစ်ကြောင်း ပြောင်းဖူးစိုက်တောင်သူများက ပြောသည်။

ပြောင်းဖူးစိုက်ပျိုးခြင်းသည် အချိန်နှစ်လခွဲဖြင့် ငွေအမြန်ပေါ်သော်လည်း ကိုဗစ်-၁၉ ကာလတွင် ပြောင်းဖူးစိုက်တောင်သူများ ပြောင်းဖူးရောင်းချချိန် တစ်ဖူးကျပ် ၈၀ ခန့်ဈေးဖြင့်သာရောင်းချခဲ့ရာမှ ယခုဇူလိုင်လတွင် အခြားမြို့ကြီးများမှ ပြောင်းဖူးပွဲစားများ လာရောက်ဝယ်ယူမှု များပြားခဲ့သဖြင့် ယခုလအတွင်း ၁၀ ဖူးကို ငွေကျပ် ၁၆၀၀ နှုန်းအထိ ဈေးနှုန်းအမြင့်ဆုံးဖြင့် ရောင်းချနေရကာ ပြောင်းဖူးစိုက် တောင်သူများ အဆင်ပြေနေကြောင်း သိရသည်။

**ဝင်းထိန်**

**(ပြန်/ဆက်)**





## မင်းဘူး(စကု)မြို့နယ်၌ မေမြို့ပန်းများ တိုးချဲ့စိုက်ပျိုးပြီး နေ့စဉ်ပုံမှန်ဝင်ငွေရ

**မင်းဘူး ဇူလိုင် ၃၀**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ရေတွင်းကုန်းကျေးရွာတွင် မေမြို့ပန်းများ တိုးချဲ့စိုက်ပျိုးကြပြီး အမြဲမပြတ် နုတ်ယူရောင်းချနေရသောကြောင့် နေ့စဉ်ပုံမှန်ဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိကြောင်း ပန်းစိုက်တောင်သူများထံမှ သိရသည်။

မင်းဘူး(စကု)မြို့နယ် ရေတွင်းကုန်းကျေးရွာမှ တောင်သူများ အနေဖြင့် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိကြပြီး မေမြို့ပန်းများလည်း စိုက်ပျိုးအောင်မြင်ကာ ပန်း ၁၀ ပင်စည်း တစ်စည်းလျှင် ငွေကျပ် ၈၀၀ ဖြင့် ဖောက်သည်ပေးရကြောင်း သိရသည်။

ရေတွင်းကုန်းကျေးရွာတွင် မြေအောက်ရေများဖြင့် ဟင်းသီးဟင်းရွက်နှင့် သီးနှံမျိုးစုံ စိုက်ပျိုးကြသည့်အပြင် မေမြို့ပန်း၊ သပြေပန်း၊ ဂန္ဓမာပန်း၊ ဒေလီယာပန်းများနှင့် နှင်းဆီပန်းများလည်း စိုက်ပျိုးကြပြီး မေမြို့ပန်းများ ရောင်းချခြင်းဖြင့် နေ့စဉ်ပုံမှန်ဝင်ငွေကျပ် ၉၀၀၀ မှ ၁၀၀၀၀ ခန့်ရရှိကြောင်း ပန်းစိုက်ပျိုးရေးလုပ်ကိုင်သူတစ်ဦးက ပြောသည်။

**ဇေယျာထက်(မင်းဘူး)**

# ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်နေမှသာလျှင် သန့်ရှင်းသာယာလှပသောမြို့၊ ရွာ Clean city၊ Clean Village များ ဖြစ်လာမည်

**နေပြည်တော် ဇူလိုင် ၂၀**



မိမိတို့၏ နေ့စဉ်လူမှုဘဝ နေထိုင်ဖြတ်သန်းရာတွင် ကျန်းမာရွှင်လန်းသော လူမှုပတ်ဝန်းကျင်ကို ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စိတ်နှလုံး ချမ်းမြေ့ဖွယ်ရာ မျက်စိပသာဒဖြစ်ပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် ပတ်ဝန်းကျင်တစ်ခုရှိရန် အလွန်အရေးကြီးလှပါသည်။ မိမိတို့ တစ်ဦးချင်း နေထိုင်ကြသည့် ပတ်ဝန်းကျင် သန့်ရှင်း သပ်ရပ်နေမှသာလျှင် သန့်ရှင်းသာယာလှပသောမြို့၊ ရွာ Clean city၊ Clean Village များ ဖြစ်လာမည်ဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်မျှတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာ သန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးတာဝန်ရှိသူများက မဖြစ်မနေ ဆောင်ရွက်ကြရမည် ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာ ဒေသများ သန့်ရှင်းသာယာ လှပရေးကို အားတက်သရော ဆောင်ရွက်လျက် ရှိကြသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အပါအဝင် မြို့နယ်ရှစ်မြို့နယ်တို့၌ လည်းကောင်း၊ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်အပါအဝင် မြို့နယ်လေးမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နှင့် ကျောက်မဲမြို့တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းနောင်မြို့ အပါအဝင် မြို့နယ်သုံးမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့ အပါအဝင် မြို့နယ်သုံးမြို့နယ်တို့၌ လည်းကောင်း၊ မွန်ပြည်နယ် သထုံမြို့နယ်အပါအဝင် မြို့နယ်ငါးမြို့နယ်တို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင်ရှိ မြို့နယ် ၁၄ မြို့နယ်၊ အနောက်ပိုင်းခရိုင်ရှိ မြို့နယ် ၁၂ မြို့နယ်၊ တောင်ပိုင်းခရိုင်ရှိ မြို့နယ် ၁၀ မြို့နယ်၊ မြောက်ပိုင်းခရိုင်ရှိ မြို့နယ် ကိုးမြို့နယ်တို့၌ လည်းကောင်း၊ ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့အပါအဝင် မြို့နယ် ၁၃ မြို့နယ်နှင့် ချင်းပြည်နယ် ပလက်ဝမြို့နှင့် မင်းတပ်မြို့တို့၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အပါအဝင် မြို့နယ်ခုနစ်မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်အပါအဝင် မြို့နယ် ၁၁ မြို့နယ်တို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာ အဆောက်အဦများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ပြည်သူ့စစ် တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ခွာနာလျှာနာရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များတွင်ဖြစ်ပွားတတ်သည့် ခွာနာလျှာနာရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး မိမိတို့မွေးမြူထားသော ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များတွင် အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) မိမိတို့မွေးမြူထားသော ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များကို ခွာနာလျှာနာရောဂါ ကာကွယ်ဆေး ပုံမှန်ထိုးနှံရန်၊

(၂) နာမကျန်း ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များကို လွတ်ကျောင်းခြင်း၊ အခြား ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်များနှင့် ရောနှောခြင်းမပြုရန်၊

(၃) မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုရန်နှင့် ပိုးသတ်သန့်စင်ခြင်း ပုံမှန်ဆောင်ရွက်ရန်၊

(၄) ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များ အသစ်ဝယ်ယူမွေးမြူမည်ဆိုပါက ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များကို ဝယ်ယူမွေးမြူရန်၊

(၅) ဝယ်ယူသည့် ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်အသစ်များကို မိမိခြံရှိတိရစ္ဆာန်များနှင့် အတူထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(၆) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း၊ လူ၊ ယာဉ်အဝင် အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၇) ဆေးထိုးအပ်နှင့် ခြံအသုံးအဆောင်ပစ္စည်းများ မျှဝေသုံးစွဲခြင်းမပြုရန်၊

(၈) ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်၊ ဝက်များ ရွှေ့ပြောင်းသယ်ဆောင်ရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်လက်မှတ် (AHD/ PC-3) ရယူရန်၊

(၉) မိမိတို့မွေးမြူထားသော ကျွဲ၊နွား၊ သိုး၊ ဆိတ်နှင့် ဝက်များတွင် ခွာနာလျှာနာရောဂါ ဖြစ်ပွားနေသည်ဟု သံသယရှိပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၁၀) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## ငါးပိဆယ်ရိုးချောင်းအတွင်း ငါးရစ်ငါးသန်ဖမ်းဆီးမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေး

**အင်္ဂပူ ဇူလိုင် ၂၀**

ဧရာဝတီတိုင်း ဒေသကြီး အင်္ဂပူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ယမန်နေ့တွင် ရှမ်းခေါင်းမြဲကျေးရွာအုပ်စု အုတ်ရှစ်ကုန်းကျေးရွာအနီးရှိ ငါးပိဆယ်ရိုးချောင်းအတွင်း ငါးရစ်ငါးသန်ဖမ်းဆီးမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေးကြသည်။



အဆိုပါ ကွင်းဆင်းစစ်ဆေးခြင်းကို မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများက ငါးပိဆယ်ရိုးချောင်းအတွင်း ငါးရစ်ငါးဖမ်း ယကွင်းပိုက်၊ ပိုက်အိတ်များ၊ မြှုံးများကို ပိုင်ရှင်မဲ့ စစ်ဆေးတွေ့ရှိသဖြင့် (အပေါ်ယာပုံ) ဖယ်ရှား ဖျက်ဆီးရှင်းလင်း ဆောင်ရွက်သည်။

အင်္ဂပူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ပြည်သူများအား ငါးရစ်ငါးသန် ကာလအတွင်း ငါးများဖမ်းဆီးမှု မရှိစေရေး အတွက် အသိပညာပေး ဆိုင်းဘုတ်များ စိုက်ထူခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းစသည့် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ထားကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲများကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၀**

360 Sports က စီစဉ်ကျင်းပသည့် 360 Fight Club 2 မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ဇူလိုင် ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ မျိုးဆက်သစ်လက်ဝှေ့ကစားသမားများ၏ လေးချီ အထူးတွဲဆိုင်း အပါအဝင် တွဲဆိုင်း ၁၂ ဆိုင်း ဖြင့် ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား ၄၅-၄၈ ကီလိုတန်းတွင် ကျော်ဇောသွေး (အဖြူရောင်သွေးသစ်) နှင့် ချောလှနိုင် SMART Fight Club (ရွှေဒေါ်ပုံ)၊ အမျိုးသား ၅၀-၅၃ ကီလိုတန်းတွင် ဇင်ကိုထက် Fighting Fight Club နှင့် ကဆောထူး(ရိုးရာကျား)၊ ရှိုင်းထက်အောင် (ဓွဲမြန်မာ) နှင့် ထက်ဦးလူ (အဖြူရောင်သွေးသစ်)၊ ဂျလ (Python) နှင့် စောကဲဒို (Holy Power)၊ ဝူအဲဒို (ရိုးရာကျား) နှင့် လင်းရာဇာ (ဇာတိမာန်)၊ အမျိုးသား ၅၅-၅၈ ကီလိုတန်းတွင် ဝိုင်းခန့်အောင်(STL) နှင့် မျိုးဇော်ဇော်(ဇာတိမာန်)။

ရိုးရာလက်ဝှေ့ပြိုင်ပွဲ အမျိုးသား ၆၀-၆၃ ကီလိုတန်းတွင် ဇင်နိုင်ဝင်း(BBH) နှင့် ထွယ်ရှောင်(Python)၊ ကျော်ကိုကိုဆွေ (Oscar Lethwei Club)နှင့် ရဲလင်းဦး SMART Fight Club(ရွှေဒေါ်ပုံ)၊ အမျိုးသား ၆၅-၆၈ ကီလိုတန်းတွင် စောကဲ (Yangon Fight Club) နှင့် ဇာတိသွေး (Player one Fight Club)၊ အမျိုးသား ၄၈ ကီလိုတန်း လေးချီအထူးစိန်ခေါ်ပွဲများအဖြစ် ကာဝိ (စက်ရုံ) နှင့် ကျောက်ရိုင်း(ဓမ္မဟောဝန်)၊ ၅၁ ကီလိုတန်း ကျော်ဇော (ရွှေဖူး) နှင့် ကိုကို(စက်ရုံ)၊ အမျိုးသား ၆၀-၆၃ ကီလိုတန်း လေးချီအထူးပွဲအဖြစ် စောဂျွန် (နဂါးမာန်) နှင့် နိုင်ဝင်းထွန်း (BBH) တို့ ယှဉ်ပြိုင် ထိုးသတ်ကြမည်ဖြစ်သည်။

အဆိုပါ ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ရန်ကုန်မြို့တွင်းရှိ လက်ဝှေ့ကလပ်များ၊ GYM များမှ ရွက်ပုန်းသီးလက်ဝှေ့ကျော်များအား ဖော်ထုတ်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး လက်ဝှေ့ပြိုင်ပွဲကို 360 Sports Facebook Page နှင့် 360 Sports You Tube Channel၊ Fortune TV တို့မှ တိုက်ရိုက် ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

**အာကာစိုး**

## တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၉ နှစ်အောက် ဘောလုံးပြိုင်ပွဲကွာတားဖိုင်နယ်ယှဉ်ပြိုင်

နေပြည်တော် ဇူလိုင် ၃၀

၂၀၂၂ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၉ နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲကို ယနေ့ နံနက် ၇ နာရီခွဲက နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ်(၁)နှင့် ကွင်းအမှတ်(၃)တို့၌ ဆက်လက်ကျင်းပသည်။

ကွာတားဖိုင်နယ် ပြိုင်ပွဲပွဲစဉ်များအဖြစ် ကွင်းအမှတ်(၁)၌ ကရင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့်နိုင်ပြီး ကွင်းအမှတ် (၃) ၌ မန္တလေးတိုင်း ဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ငါးဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိသည်။



မွန်းလွဲ ၃ နာရီခွဲတွင် ကွာတားဖိုင်နယ် ပွဲစဉ်များအဖြစ် ကွင်းအမှတ်(၁)၌ ကချင်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ငါးဂိုး - တစ်ဂိုးဖြင့် နိုင်ပြီး ကွင်းအမှတ်(၃)၌ မွန်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ဆီမီးဖိုင်နယ် ပွဲစဉ်များအဖြစ် ဩဂုတ် ၁ ရက်တွင် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ နံနက် ၇ နာရီခွဲတွင် ကရင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ မွန်းလွဲ ၃ နာရီခွဲတွင် ကချင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ရာ အခမဲ့ ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

အားကာမောင်

## မူဆယ်(၁၀၅)မိုင်တွင် အဌမအကြိမ်မြောက် ၂၀၂၂ခုနှစ်မိုးရာသီကျေးရွာပေါင်းစုံ တအောင်းအမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲကျင်းပ

မူဆယ် ဇူလိုင် ၃၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ် မိုင်းယု(၁၀၅) မိုင်တွင် အဌမ အကြိမ်မြောက် ၂၀၂၂ ခုနှစ် မိုးရာသီကျေးရွာပေါင်းစုံ တအောင်းအမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲကို ဇူလိုင်လနောက်ဆုံးပတ်၌ ကျင်းပသည်။

မူဆယ်မြို့နယ် မိုင်းယု(၁၀၅) မိုင်ကျေးရွာအုပ်စုတွင် ကျေးရွာပေါင်း ကိုးရွာရှိပြီး ၂၀၂၂ ခုနှစ် အဌမအကြိမ်မြောက် မိုးရာသီ တအောင်းအမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲကို မိုင်းယုကျေးရွာမှ နှစ်သင်း၊ အောက်နမ့်ဟွယ်ကျေးရွာမှ တစ်သင်း၊ လုံခန်ကျေးရွာမှ တစ်သင်း၊ မန်မော်ကျေးရွာမှ တစ်သင်း၊ အထက်နမ့်ဟွယ် ကျေးရွာမှ တစ်သင်း၊ စုစုပေါင်း ခြောက်သင်းယှဉ်ပြိုင်ကစားကြောင်းနှင့် ပြိုင်ပွဲကို ဒေသအတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များနှင့် ကျေးရွာသူကျေးရွာသားများ လာရောက်ကြည့်ရှုအားပေးသည်။

အဆိုပါ မိုးရာသီတအောင်းအမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲတွင် (၁၀၅)မိုင်ကြက်ခြေနီအသင်းမှ တပ်ခွဲမှူး ဦးသန့်ဇင်ဦးဆောင်သည့် ကြက်ခြေနီ စေတနာ့ဝန်ထမ်းများမှ အားကစားသမားများအတွက် ကျန်းမာရေး ကူညီစောင့်ရှောက်ပေးခြင်းနှင့် ဘောလုံးပွဲလာရောက်ကြည့်ရှု အားပေးကြသူများက နာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်း၊ ရေမလိုလက်သန့်စင်ဆေးဖြင့် လက်ဆေးပေးခြင်းစသည်ဖြင့် ကိုဗစ်ရောဂါကာကွယ်ရေးလုပ်ငန်းများကိုလည်း ဆက်လက်လုပ်ကိုင် ဆောင်ရွက်နေကြောင်းနှင့် ဘောလုံးပြိုင်ပွဲကို ဩဂုတ်လအထိ ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

သန့်ဇင်(မူဆယ်)



ကြက်ခြေနီတပ်ဖွဲ့ဝင်များက အားကစားသမားများအား ကျန်းမာရေးပြုစုကုသပေးစဉ်။

## မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိမည်

နေပြည်တော် ဇူလိုင် ၃၀

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိမည်။

မိုး/ဇလ

## ဗယ်လက်ကာနိုအသင်းနဲ့ ဇူလိုင် ၃၁ ရက် ခြေစမ်းပွဲတွင် စီရော်နယ်ဒို ပြန်လည်ပါဝင်လာဖွယ်ရှိ

မန်ယူအသင်းမှ တိုက်စစ်မှူး စီရော်နယ်ဒိုသည် ဇူလိုင် ၃၁ ရက်တွင် အိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားမည့် ဗယ်လက်ကာနို အသင်းနှင့် ခြေစမ်းပွဲတွင် ပါဝင်ကစားဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။



အဆိုပါ အသက် ၃၇ နှစ်အရွယ် ပေါ်တူဂီတိုက်စစ်မှူး စီရော်နယ်ဒိုသည် ၎င်းအတွက် သင့်လျော်သည့်ကမ်းလှမ်းမှု လက်ခံရရှိပါက မန်ယူအသင်းမှ ထွက်ခွာခွင့်ပေးရန် တောင်းဆိုထားသူ ဖြစ်သည်။ ၎င်းသည် ကိုယ်ရေးကိုယ်တာအကြောင်းပြချက်များကြောင့် ရာသီအကြိုခြေစမ်းပွဲအဖြစ် မန်ယူအသင်းယှဉ်ပြိုင်သည့် ထိုင်းနိုင်ငံနှင့် ဩစတြေးလျခရီးစဉ်များတွင် လိုက်ပါနိုင်ခြင်းမရှိပေ။

သို့သော်လည်း ၎င်းသည် အင်စတာဂရမ်၌ ဇူလိုင် ၃၁ ရက်တွင် ဗယ်လက်ကာနိုအသင်းနဲ့ ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်တွင် ပါဝင်ကစားဖွယ်ရှိကြောင်း ရေးသားထားသည်။ နည်းပြသစ် တန်ဟတ်သည် စီရော်နယ်ဒိုနှင့်ပတ်သက်ပြီး ရောင်းချသွားမည် မဟုတ်ကြောင်း၊ ၎င်း၏အစီအစဉ်တွင် ပါဝင်နေကြောင်း ပြောကြားထားသည်။

စီရော်နယ်ဒိုသည် ရီးရဲမက်ဒရစ်အသင်းနှင့် ဂျူဗင်တပ်အသင်း၌ ကစားပြီးနောက် ပြီးခဲ့ရာသီတွင် မန်ယူအသင်းသို့ ပြန်လည်ရောက်ရှိလာသူ ဖြစ်သည်။

## ချယ်ဆီးအတွက် ပထမဆုံးဂိုး စတားလင်း သွင်းယူ

ရာဟင်စတားလင်းသည် မန်စီးတီးအသင်းမှ ချယ်ဆီးအသင်းသို့ ပြောင်းရွှေ့ပြီးနောက် ဇူလိုင် ၃၀ ရက်က အီတလီတွင် အူဒီးနိစ်အသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့သော ပွဲစဉ်၌ အသင်းအတွက် ပထမဆုံးဂိုး သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။ အင်္ဂလန်တိုက်စစ်ကစားသမားသည် စတန်းဖို့ဒ်ဘရစ်ချ်သို့ မန်စီးတီးအသင်းမှ ပေါင်သန်း ၅၀ ဖြင့် ပြောင်းရွှေ့ရောက်ရှိလာသူ ဖြစ်သည်။ ရာဟင်စတားလင်းသည် ပြီးခဲ့ရာသီတွင် မန်စီးတီးအသင်းအတွက် ပြိုင်ပွဲစုံ ၄၇ ပွဲပါဝင်ကစားထားပြီး ၁၇ ဂိုးသွင်းယူပေးထားသည်။ ချယ်ဆီးအသင်းသည် ရာသီအကြိုခြေစမ်းပွဲများ ပြီးဆုံးခဲ့ပြီးနောက် လာမည့်ဩဂုတ် ၆ ရက်တွင် ပရီမီယာလိဂ် အဖွင့်ပွဲစဉ်အဖြစ် အဲဗာတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

### နောက်ဆုံးရအားကစားသတင်းတိုများ

- ဂျူဗင်တပ်အသင်းသည် မန်ယူအသင်းမှ ပြင်သစ်တိုက်စစ်ကစားသမား မာရှယ်ကို အငှားခေါ်ယူရန် စိတ်ဝင်စားနေသည်။ သို့သော်လည်း နည်းပြတန်ဟတ်က အသက် ၂၆ နှစ်အရွယ် အဆိုပါ တိုက်စစ်ကစားသမားကို အိုးထရက်ဖို့ဒ်တွင် ထိန်းထားလိုနေသည်။
- ချယ်ဆီးအသင်းသည် အင်တာမီလန်အသင်းမှ အသက် ၁၉ နှစ်အရွယ် အီတလီ ကွင်းလယ်ကစားသမား ကက်ဆာဒီကို ခေါ်ယူရန် ပထမဆုံးအကြိမ် ကမ်းလှမ်းမှုပြုလုပ်လိုက်ကြောင်း သိရသည်။
- ရင်းနက်စ်အသင်းသည် တစ်ရာသီအငှားစာချုပ်ဖြင့် ဝေးလ်ခံစစ်ကစားသမား ရိုဒွန်ကို ခေါ်ယူရန် စပါးအသင်းနှင့် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း သိရသည်။
- နယူးကာဆယ်အသင်းသည် အဲဗာတန်၊ နော့တင်ဟမ်နှင့် ချယ်ဆီးအသင်းတို့က ခေါ်ယူရန် ပစ်မှတ်ထားနေသည့် ဘန်လေတောင်ပံကစားသမား ကော်နက်ကို ပေါင် ၁၇ ဒသမ ၅ သန်းပေးချေကာ ခေါ်ယူဖွယ်ရှိနေသည်။

## ပိုလန်အိုးပင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် ဂါစီယာကိုရှုံးပြီး နိုင်ပွဲဆက်မှုရပ်တန့်ခဲ့သည့် ဆွီယာတက်ခ်

ကမ္ဘာ့နံပါတ်တစ် ပိုလန်တင်းနစ်မယ် အီဂါဆွီယာတက်ခ်သည် ဇူလိုင် ၂၉ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ပိုလန်အိုးပင်း တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် ပြင်သစ်တင်းနစ်မယ် ဂါစီယာကို ရှုံးနိမ့်ခဲ့ပြီးနောက် ယခုနှစ်ရာသီ မြေစေးကွင်းပြိုင်ပွဲတွင် ၁၈ ပွဲ နိုင်ပွဲဆက်နေမှုကို အဆုံးသတ်ခဲ့ရပြီ ဖြစ်သည်။



အသက် ၂၁ နှစ်အရွယ် တင်းနစ်မယ် ဆွီယာတက်ခ်သည် ကမ္ဘာ့အဆင့် (၄၅) ရှိ ဂါစီယာကို ၁-၆၊ ၆-၁၊ ၆-၄ ဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ယခုပွဲတွင် အနိုင်ရရှိခဲ့သော ဂါစီယာသည် ပိုလန်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် အီတလီတင်းနစ်မယ် ပါအိုလီနီနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ကမ္ဘာ့အဆင့် (၅၈) ရှိသော ပါအိုလီနီသည် အဆိုပါအဆင့်တွင် ပြိုင်ဘက် ဆွစ်ဇာလန်တင်းနစ်မယ်ကို ၁-၆၊ ၆-၂၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းလာခြင်းဖြစ်သည်။

အောင်ဇော် - စုစည်းသည်

# မြင်းမူမြို့နယ်၌ ထန်းသားကို ကျွန်းအစားထိုး ပရိဘောဂများအဖြစ် ပြုလုပ်ရောင်းချလာ



မြင်းမူ ဇူလိုင် ၃၀

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်တွင် ဒေသထွက် သက်တမ်းရင့်ထန်းပင်များကို ခုတ်ယူကာ လိုအပ်သည့် ထန်းသားဆိုက်ကိုခွဲစိတ်ရယူပြီး ကျွန်းအစားထိုး ပရိဘောဂများအဖြစ် ပြုလုပ်ရောင်းချလာသည်။

ယခင်အချိန်များက ဒေသကထွက်ရှိသည့် ထန်းပင်များကို အဆောက်အဦများနှင့် ထင်းအဖြစ်သာ အသုံးပြုခဲ့ကြောင်း၊ ထန်းသားအရင့်မှာ အလွန်မာကျော ကြောင်း၊ ပရိဘောဂပြုလုပ်ရာတွင် ကျွန်းသားကဲ့သို့ လွယ်ကူမှုမရှိကြောင်း၊ ကုန်ကျမှုမှာ ကျွန်းသားလောက် မရှိကြောင်း၊ ကုန်ကြမ်းယူကာ ပစ္စည်းပြုလုပ်ပေးခြင်း များရှိပြီး အော်ဒါမှာယူခြင်းများလည်းရှိကြောင်း၊ ထန်းသားပရိဘောဂများမှာ ယခုအခါ ပြည်တွင်းနှင့် ပြည်ပနိုင်ငံခြားသားများ လာရောက်တည်းခိုကြ သည့် ဟိုတယ်ကြီးများတွင် အသုံးပြုလျက်ရှိကြောင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပနိုင်ငံများမှ လည်း မှာယူသုံးစွဲလျက်ရှိသည့်အတွက် တန်ဖိုးမြင့် ပစ္စည်းများပြုလုပ်ကာ တင်ပို့ရောင်းချနိုင်ကြောင်း မြင်းမူမြို့ တပင်ရွှေထီးရပ်မှ ပရိဘောဂပစ္စည်းပြုလုပ် ရောင်းချသူ ဦးမင်းအောင်ထံမှ သိရသည်။

ယခုလက်ရှိဈေးကွက်အနေဖြင့် လက်ရာသန့်ပြီး သက်တမ်းရင့်ထန်းသားဖြင့် ပြုလုပ်ထားသည့် ဆက်တီ တစ်စုံလျှင် ငွေကျပ်သိန်း ၃၀ နီးပါးရှိသည်ဖြစ်၍ မြန်မာ့ထန်းပင်မှတန်ဖိုးရှိသော အပင်မျိုးဖြစ်ကြောင်း သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**

# မိုင်းရယ်မြို့နယ် နားခိုကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်



မိုင်းရယ် ဇူလိုင် ၃၀

ရှမ်းပြည်နယ် မြောက်ပိုင်း မိုင်းရယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိသည့် နားခိုကျေးရွာအုပ်စု နားခိုကျေးရွာ၌ မြစိမ်းရောင် ကျေးရွာ စီမံကိန်းအတိုးရငွေ၊ ပြည်သူ ထည့်ဝင်ငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက် သည့် ကျေးရွာဘက်စုံသုံး ခန်းမ တည်ဆောက်ပြီးစီးမှု အခြေအနေ များကို ဇူလိုင် ၂၈ ရက် နံနက်ပိုင်း က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် မိုင်းရယ်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာန ဦးစီးမှူး ဦးအောင်ဝင်းခိုင်ဦး နှင့် ဝန်ထမ်းများက ကျေးရွာမှ မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ နားခို ကျေးရွာ ဘက်စုံသုံးခန်းမတည် ဆောက်ပြီးစီးမှု အခြေအနေများ ကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ် စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီ ပြီးစီးနိုင်ရေးဆွေးနွေး မှာကြား သည်။

နားခိုကျေးရွာ၌ ကျေးရွာ ဘက်စုံသုံးခန်းမ အလျားပေ ၅၀၊ အကျယ်ပေ ၃၀၊ အမြင့် ၁၂ ပေ တည်ဆောက်ခြင်း လုပ်ငန်းကို မြစိမ်းရောင်စီမံကိန်း အတိုးရငွေ များအနက်မှ ခွင့်ပြုငွေကျပ် ၁၅ ဒသမ ၆ သန်း၊ ပြည်သူထည့်ဝင် ငွေကျပ် ၄ ဒသမ ၄ သန်း စုစုပေါင်း ငွေကျပ်သန်း ၂၀ ဖြင့် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ် ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော် ဆောင် ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ လုပ်ငန်းအားလုံး၏ ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီ ဖြစ် ကြောင်း မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက ပြောသည်။

အဆိုပါ၌ ကျေးရွာဘက်စုံသုံး ခန်းမ တည်ဆောက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၆၃ အိမ်၊ လူဦးရေ ၂၆၁ ဦးတို့၏ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဘာသာ ရေးတို့အတွက် အကျိုးပြုမည်ဖြစ် ကြောင်း မြို့နယ်ဦးစီးမှူးက ဆက်လက်ပြောသည်။

**ကျော်စိုး**

# တရားမမှုများတွင် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ် ဩဂုတ် ၁ ရက်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်မည်



ဟားခါး ဇူလိုင် ၃၀

တရားမမှုများတွင် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး စနစ်နှင့်စပ်လျဉ်း၍ မိတ်ဆက် ရှင်းလင်းခြင်း အခမ်းအနားကို ယမန်နေ့က ဟားခါးမြို့ ချင်း ပြည်နယ် တရားလွှတ်တော်ရုံး တောင်ဇလပ်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပွဲတွင် ပြည်နယ် တရားလွှတ်တော် တရားသူကြီး ချုပ် ဦးနေစိုးက တရားစီရင်ရေး ဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂)၏ ရည်မှန်းချက် တစ်ခုဖြစ်သော တရားမမှုများတွင် တရားရုံးကဦးဆောင်သည့် စေ့စပ် ဖြေရှင်းရေးစနစ်ကို ၂၀၂၂ ဩဂုတ် ၁ ရက်မှစတင်၍ အကောင်အထည် ဖော် ဆောင်ရွက်မည်ဖြစ်ပြီး စေ့စပ်ဖြေရှင်းရေး ဆောင်ရွက် ခြင်းဖြင့် အမှုသည်များအနေဖြင့် မိမိတို့ အမှန်တကယ် ရယူလိုသည့် အခွင့်အရေးကို ကိုယ်တိုင်ညှိနှိုင်း ရယူနိုင်သည့်အတွက် စိတ် ကျေနပ်မှု မြင့်မားစေနိုင်ခြင်း၊ အချိန်တိုအတွင်း လွယ်ကူစွာ ဆောင်ရွက်နိုင်ခြင်း၊ အများ ပြည်သူ ရှေ့မှောက်တွင် ဆောင်ရွက်ရန် မလိုအပ်သည့် အတွက် မိမိထိန်းသိမ်းလိုသည့် သတင်းအချက်အလက်များကို လုံခြုံစွာ လျှို့ဝှက်ထားနိုင်ခြင်း၊ ကုန်ကျစရိတ် သက်သာစွာဖြင့် လွယ်ကူစွာ ဆောင်ရွက်နိုင်ခြင်း ဆိုသည့် အကျိုးကျေးဇူးများ ရရှိကြမည်ဖြစ်ကြောင်း ပြောကြား သည်။

ထို့နောက် ပြည်နယ်တရား ရေးဦးစီးမှူး ဦးအောင်မြင့်နှင့် ပြည်နယ်တရား လွှတ်တော် စေ့စပ်ဖြေရှင်းရေး အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဝင်းတို့က တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး စနစ်နှင့် စေ့စပ်ဖြေရှင်း ဆောင် ရွက်ချက်လုပ်ငန်းများနှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းဆွေးနွေး ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကာ စေ့စပ်ဖြေရှင်းရေးအရာရှိ ဦးသိန်း ဝင်းက ပြန်လည်ဖြေကြားသည်။

ရှင်းလင်းပွဲသို့ ချင်းပြည်နယ်တရား လွှတ်တော် တရားသူကြီးချုပ်နှင့် တရားလွှတ်တော် တရားသူကြီး များ၊ ပြည်နယ်တရားရေးဦးစီးမှူး၊ ပြည်နယ်ဥပဒေအရာရှိ၊ တရားရေး အရာရှိများနှင့် ခရိုင်၊ မြို့နယ် တရားသူကြီးများ၊ ခရိုင် ၊ မြို့နယ် ဥပဒေအရာရှိများ၊ ဟားခါးမြို့နယ် ရဲတပ်ဖွဲ့မှူး၊ ဟားခါးတက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခနှင့် ကထိက၊ လက်ထောက်ကထိက များ၊တရားလွှတ်တော်ရှေ့နေများ တက်ရောက်ကာ ရှင်းလင်းပွဲတွင် ပြည်ထောင်စု တရားလွှတ်တော် ချုပ်ရုံးက ထုတ်ဝေသည့် လက်ကမ်း စာစောင်များလည်း ဖြန့်ဝေခဲ့ သည်။

**ခရိုင်(ပြန်/ဆက်)**

## မိုင်းယောင်းမြို့နယ်၌ မွေးမြူရေးလုပ်ကိုင်နိုင်ရန် ဒေသဝက်များ ဖြန့်ဖြူးပေးလျက်ရှိ

မိုင်းယု ဇူလိုင် ၃၀

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းယောင်းမြို့နယ် မွေးမြူရေးနှင့်ကုသ ရေးဦးစီးဌာနသည် ဒေသခံပြည်သူများအား အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဘိန်းအစားထိုး မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင် နိုင်ရန်အတွက် ဒေသဝက်ဖြန့်ပေးခြင်းကို ဇူလိုင် ၂၈ ရက်က တာကြန့် ကျေးရွာအုပ်စုရှိ ဝမ်မိုင်မိုင်းလုံးကျေးရွာမှ အိမ်ထောင်စု ၁၀ စုအား ဒေသဝက်များ ဖြန့်ဖြူးပေးအပ်ခဲ့သည်။

အခမ်းအနားတွင် မိုင်းယောင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က အမှာစကားပြောကြားပြီး မိုင်းယောင်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာတင့်တင့်လွင်က ဒေသဝက်များ ဖြန့်ဖြူးပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေ၊ အဖွဲ့ဝင်(၂) ဦးစိုင်းဘွန်းစီ၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာတင့်တင့်လွင်တို့က ဒေသခံပြည်သူ အိမ်ထောင်စု ၁၀ စုအတွက် သုံးလသားခန့်ရှိ ဒေသဝက်သားပေါက် ၁၀ ကောင် ဖြန့်ဖြူးပေးကာ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**အားချာ**

## ချင်းရွှေဟော်မြို့၌ လူကုန်ကူးမှု စိစစ်ဖော်ထုတ်ခြင်း ရက်တိုသင်တန်းဖွင့်

ချင်းရွှေဟော် ဇူလိုင် ၃၀

ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ချင်းရွှေဟော်မြို့ တွင် အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်၊ ချင်းရွှေဟော်မှ ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ခြင်း ရက်တိုသင်တန်းကို ဇူလိုင် ၂၈ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

သင်တန်းတွင် မြို့အုပ်ချုပ်ရေးမှူး ဦးသက်ပိုင်ဦးက သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ် ချင်းရွှေဟော်မှ ဒုတိယ ရဲမှူး အောင်လွင်ဦးက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ၊ နည်း ဥပဒေများ၊ လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်း တာဝန်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ စိတ် ချင်းရွှေဟော်မှ ရဲအုပ်ဇော်ဝင်းမြင့်က ကလေးသူငယ်များ လူကုန် ကူးမှု ကျူးလွန်ခံရခြင်းမရှိစေရေး၊ အဓမ္မခိုင်းစေခြင်း၊ လိင်အမြတ်ထုတ် ခြင်း၊ အဓမ္မပြည့်တန်ဆာပြုခြင်းများ မဖြစ်ပွားစေရေး အသိပညာပေး ဆွေးနွေးခဲ့ပြီး ရဲအုပ် ဟေမာဝင်းက လူကုန်ကူးမှုအမျိုးအစားများနှင့် လူကုန်ကူးခံရသူများအတွက် ကူညီဆောင်ရွက်ရန် လုပ်ငန်းစဉ်များ ကို အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့သည်။

**စည်သူမောင်မောင်**
**(ပြန်/ဆက်)**

# ကမ္ဘာ့စားနပ်ရိက္ခာဖူလုံမှုအတွက် အရေးပါလှသည့် ငါးလုပ်ငန်းကဏ္ဍ

**သီဟစည်သူ**

**ကမ္ဘာတစ်ဝန်းရှိ သဘာဝရေပြင်အတွင်း ငါးသယံဇာတတည်ရှိမှုများ လျော့ကျလာနေသည့်အတွက် ဖမ်းဆီးထုတ်လုပ်ရေးကဏ္ဍမှ ရေရှည်တိုးမြှင့်ထုတ်လုပ်နိုင်ရန် ကန့်သတ်ချက်များရှိလာနေပြီဖြစ်ရာ တိုးတက်လာသည့် ကမ္ဘာ့လူဦးရေအတွက် ငါးရိက္ခာပေါ်များ ဖူလုံစေရေးအတွက် ငါးမွေးမြူရေးကဏ္ဍကို တိုးချဲ့ဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်သည်။**

ငါးလုပ်ငန်းသည် မြန်မာနိုင်ငံ၏ စီးပွားရေးကို အဓိက အထောက်အကူပြုလျက်ရှိရာ ပြီးခဲ့သည့်နှစ်များအတွင်း ငါးလုပ်ငန်းအခန်းကဏ္ဍမှ မြန်မာနိုင်ငံ ဂျီဒီပီ၏ နှစ်ရာခိုင်နှုန်းကျော်ကို အထောက်အကူပြုလျက်ရှိသည့်အပြင် နိုင်ငံအတွင်းရှိ ပြည်သူများ အသားဓာတ်စားသုံးမှု၏ ၅၀ ရာခိုင်နှုန်းနှင့် အလုပ်အကိုင်ပံ့ပိုးနိုင်မှု ခြောက်ရာခိုင်နှုန်းအထိရှိကာ အချို့ကမ်းရိုးတန်းဒေသများတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘဏ္ဍာငွေရရှိမှု၏ ၃၄ ရာခိုင်နှုန်းမှ ၅၆ ရာခိုင်နှုန်းအထိ အထောက်အကူပြုလျက်ရှိသည်။ ယခုအခါ မြန်မာ့ငါးအရင်းအမြစ်များအား အလွန်အကျွံ ဖမ်းဆီးထုတ်ယူမှုများကြောင့် ပင်လယ်ပြင်နှင့် ရေချိုငါးသယံဇာတ အရင်းအမြစ်များကို လျော့နည်းစေလျက်ရှိကြောင်း ကမ္ဘာ့ဘဏ်၏ ၂၀၁၉ ခုနှစ်က ထုတ်ပြန်သည့် မြန်မာနိုင်ငံပတ်ဝန်းကျင်ဆိုင်ရာလေ့လာဆန်းစစ်ချက် အစီရင်ခံစာအရ သိရသည်။

## GDP တိုးတက်ရေး

ရေလုပ်ငန်းကဏ္ဍမှ နိုင်ငံတော် အသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) တိုးတက်ရေးအတွက် ရေချို၊ ရေငန် ငါး၊ ပုစွန်များနှင့် အခြား ရေထွက်ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် အစားအစာ ဘေးကင်းလုံခြုံရေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များကို ပိုမိုထုတ်လုပ်နိုင်ရေးအတွက် နည်းပညာများ ပံ့ပိုးကူညီမှုနှင့် ပြည်တွင်း စားသုံးမှု ဖူလုံရေးအပြင် ပြည်ပတင်ပို့မှု တိုးမြှင့်နိုင်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနက ရေထွက်ကုန်ပစ္စည်းများ တစ်နှစ်ထက်တစ်နှစ် တိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ ငါးကဏ္ဍ ထုတ်လုပ်မှုအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်စာရင်းများအရ မက်ထရစ်တန် ၆၀၁၈ တန် ထုတ်လုပ်နိုင်ခဲ့ပြီး ဖမ်းဆီးရေးမှ မက်ထရစ်တန် ၄၈၀၀ ကျော်နှင့် မွေးမြူရေးမှ မက်ထရစ်တန် ၁၁၀၀ ကျော် ထုတ်လုပ်နိုင်ခဲ့သဖြင့် အဆိုပါ ဘဏ္ဍာနှစ်တွင် ရေလုပ်ငန်းကဏ္ဍမှ ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၈၅၈ ဒသမ ၉၆ သန်းကျော်ရရှိခဲ့ရာ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)တွင် ငါးကဏ္ဍ ထုတ်လုပ်မှုအနေဖြင့် ၄ ဒသမ ၇ ရာခိုင်နှုန်းအထိ တိုးမြှင့်လာခဲ့သည်။ ထို့အတူ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ငါးလုပ်ငန်းမှ နိုင်ငံတော်အတွက် အခွန်ငွေကျပ်ခြောက်ဘီလီယံ(သန်း ၆၀၀၀)ကျော်ရရှိခဲ့ပြီး ပြည်ပတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေ အမေရိကန် ဒေါ်လာ ၇၈၅ သန်းကျော် ရရှိခဲ့သည့်အတွက် ငါးလုပ်ငန်းဖြင့် နေ့စဉ် ပျမ်းမျှနိုင်ငံခြားဝင်ငွေ အမေရိကန် ဒေါ်လာ နှစ်သန်းကျော်ကို ရရှိလျက်ရှိကြောင်း သိရသည်။



မြိတ်ခရိုင်အတွင်းမှ ငါး၊ ပုစွန်ထုတ်လုပ်ရေးလုပ်ငန်းတစ်ခု။

အခြား တစ်ဖက်တွင်လည်း မြစ်ချောင်း အင်းအိုင်များအတွင်း ငါးသယံဇာတ တိုးပွားရေးအတွက် ငါးမျိုးစိုက်ထည့်ခြင်း လုပ်ငန်းကို နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း နှစ်လက်မအရွယ် ငါးသားပေါက် ကောင်ရေ သိန်းပေါင်း ၁၁၀၀ ကျော်ကို သဘာဝမြစ်ချောင်းများအတွင်း မျိုးစိုက်ထည့်ပေးခဲ့ပြီးဖြစ်သည်။ လက်ရှိတွင်လည်း ရေပေါ်လှောင်အိမ်စနစ်ဖြင့် မြစ်၊ ချောင်း၊ ဆည်၊ ကန်နှင့် သဘာဝရေပြင်ကျယ်များတွင် ငါးမွေးမြူခြင်းလုပ်ငန်းများကို ဒေသနေပြည်သူများ လက်တွေ့လုပ်ကိုင်နိုင်ရေးအတွက် နည်းပညာနှင့်အကူအညီများ ဆောင်ရွက်ပေးလျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

## ရေထွက်ကုန်ပစ္စည်း တင်ပို့မှု

ဘဏ္ဍာနှစ်အလိုက် ပင်လယ်ရေကြောင်းနှင့် အပြည်ပြည်ဆိုင်ရာ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်ပစ္စည်း တင်ပို့မှုအနေဖြင့် ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၇၃၂ ဒသမ ၁၅၆ သန်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၈၅၈ ဒသမ ၉၆ သန်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အမေရိကန် ဒေါ်လာ ၇၈၅ ဒသမ ၀၂၁ သန်း၊ ၂၀၂၁-၂၀၂၂ (မတ်လ)အထိ မီနီဘတ်ဂျက်တွင် အမေရိကန်ဒေါ်လာ ၂၆၂ ဒသမ ၆၁၉ သန်းနှင့် ၂၀၂၂-၂၀၂၃ မီနီဘတ်ဂျက် (ဧပြီလ)အထိ အမေရိကန်ဒေါ်လာ ၄၉ ဒသမ ၄၈၇ သန်းအထိ ရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

သို့သော်လည်း သဘာဝအတွင်းမှ ငါးဖမ်းဆီးထုတ်လုပ်နိုင်မှုအနေအထားအားဖြင့် ငါးသယံဇာတများ ထုတ်ယူသုံးစွဲရာတွင် သတိထားလုပ်ဆောင်ရမည့်အခြေအနေသာ ရှိနေသေးသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်အတွင်း ငါး၊ ပုစွန် သယံဇာတတည်ရှိမှုကို နော်ဝေနိုင်ငံမှ သုတေသန ရေယာဉ် Dr. Fridtjof Nansen ၏ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်က သုတေသနပြုတွေ့ရှိချက်များအရ ၁၉၇၉-၁၉၈၀ ခုနှစ်တွင် အမြင့်ဆုံး ငါးဖမ်းဆီးထုတ်လုပ်နိုင်မှု တန်ချိန်ပေါင်း ၁ ဒသမ ၀၅ သန်းရှိခဲ့ရာမှ လက်ရှိတွင် ဖမ်းဆီးခွင့်ပြုနိုင်မှုမှာ တန်ပေါင်း ၀ ဒသမ ၁ သန်းသာရှိတော့ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် Dr. Fridtjof Nansen သုတေသနရေယာဉ်ဖြင့်ပင် ထပ်မံသုတေသနပြု လေ့လာတွေ့ရှိချက်များအရ ရေပေါ်လွှာ ငါးသယံဇာတမှာ ၁၉၇၉-၈၀ ခုနှစ်တွင် တန်ချိန် တစ်သန်းခန့်ရှိရာမှ ၂၀၁၃-၂၀၁၅ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်များ၏ ရေပေါ်လွှာ ငါးထုထည်ပမာဏမှာ တန်ချိန် ၀ ဒသမ ၁၅၅ သန်းသာ ရှိသဖြင့် ၈၀ ရာခိုင်နှုန်းခန့် လျော့နည်းသွားကြောင်း၊ ရေအောက် ငါးသယံဇာတ တည်ရှိမှုမှာလည်း ယခင်က တန်ချိန် ၀ ဒသမ ၇၅ သန်းရှိရာမှ လက်ရှိတွင် တန်ချိန် ၀ ဒသမ ၃၀၆ သန်းသာရှိသဖြင့် ၆၀ ရာခိုင်နှုန်းခန့် လျော့နည်းသွားကြောင်း သိရသည်။

**○ ငါး၊ ပုစွန် မွေးမြူရာတွင် ပြင်ပမျိုးစိတ်များ ဝင်ရောက်လာမှုကြောင့် မူရင်းငါးမျိုးစိတ်များ၏ နေရင်းဒေသများ ပျောက်ဆုံးသွားခြင်းနှင့် ပိုလျှံသည့် အစာအကြွင်းအကျန်များမှ ထွက်ရှိသည့် ဓာတုဓာတ်ကြွင်းများကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းတို့ ဖြစ်လာနိုင်သဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများ သေချာရေးဆွဲချမှတ်သင့်ကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) က သတိပေးထားသည်**

## စားနပ်ရိက္ခာဖူလုံမှုနှင့် ငါးထုတ်လုပ်မှု

ထို့ကြောင့် စားနပ်ရိက္ခာဖူလုံမှုနှင့် ငါးထုတ်လုပ်မှု ပိုမိုတိုးမြှင့်ရေးအတွက် ကုန်းတွင်းနှင့် ရေချို ရေငန် ငါးမွေးမြူရေးလုပ်ငန်း၏ အခန်းကဏ္ဍသည် အဓိက အရေးပါလာသည်။ ငါးမွေးမြူရေး ဆောင်ရွက်ရာတွင်လည်း သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းနှင့် အများရှိနိုင်ကြောင်း လေ့လာသူများက ဆိုသည်။ အဘယ်ကြောင့်ဆိုသော် ငါး၊ ပုစွန် မွေးမြူရာတွင် ပြင်ပမျိုးစိတ်များ ဝင်ရောက်လာမှုကြောင့် မူရင်းငါးမျိုးစိတ်များ၏ နေရင်းဒေသများ ပျောက်ဆုံးသွားခြင်းနှင့် ပိုလျှံသည့် အစာအကြွင်းအကျန်များမှ ထွက်ရှိသည့် ဓာတုဓာတ်ကြွင်းများကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းတို့ ဖြစ်လာနိုင်သဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများ သေချာရေးဆွဲချမှတ်သင့်ကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) က သတိပေးထားသည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ဌာနငါးလုပ်ငန်းစခန်းများတွင် သဘာဝရေမြေနှင့် ကိုက်ညီစွာ မွေးမြူနိုင်သော ငါးမျိုးစိတ်များတင်သွင်းပြီး မျိုးပွားဖြန့်ဖြူးပေးခြင်း၊ စီးပွားဖြစ် မွေးမြူရန် အလားအလာရှိသောဒေသတွင်း ရေချိုငါးမျိုးစိတ်များကို သုတေသနပြုစမ်းသပ်သားဖောက်ခြင်းမှ ဈေးကွက်ဝင် ငါးမျိုးစိတ် ၂၁ မျိုး အောင်မြင်စွာ သားဖောက်ထုတ်လုပ်ပေးနိုင်ခဲ့ခြင်းဖြင့် မွေးမြူရေးကဏ္ဍမှ ပြည်တွင်း ငါးစားသုံးမှုဖူလုံရေးသာမက ပြည်ပပို့ကုန် တိုးမြှင့်ရေးကိုပါ အကျိုးပြုနိုင်ခဲ့ကြောင်း သိရသည်။

ငါးမွေးမြူရေးလုပ်ငန်းသည် ဝင်ငွေတိုးတက်ရရှိစေခြင်းဖြင့် ဆင်းရဲခြင်းနှင့် မညီမျှမှုတို့ကို လျှော့ချရေး၊ အလုပ်အကိုင် အခွင့်အလမ်းကို တိုးပွားစေခြင်းနှင့် ရေရှည်ခိုင်ခံ့သော စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အပံ့ပြုစေခြင်းဖြင့် ရေရှည်ဖွံ့ဖြိုးမှု ပန်းတိုင်များကို ထိရောက်စွာပံ့ပိုးပေးနိုင်ခြင်း၊ လူတိုင်းအလွယ်တကူ စားသုံးနိုင်သော ငါးများကို ထုတ်လုပ်ပေးခြင်းဖြင့် စားနပ်ရိက္ခာတိုးပွားစေပြီး ငတ်မွတ်ခြင်းကို အဆုံးသတ်စေနိုင်ခြင်း၊ ငါးမွေးမြူရေးလုပ်ငန်းတွင် ထုတ်လုပ်ရေးနှင့် တန်ဖိုးကွင်းဆက်များ အဆက်မပြတ် ဖန်တီးပြုလုပ်ပေးခြင်းဖြင့် အမျိုးသမီးများ၏ အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ထုတ်ပေးခြင်းနှင့် ငါး ပိုမိုစားသုံးခြင်းဖြင့် ကျန်းမာရေးကောင်းမွန်စေပြီး လူမှုဘဝကို တိုးတက်စေခြင်းစသည့် အကျိုးရလဒ်များကို ရရှိစေလျက်ရှိသည်။ ။



မြိတ်ကမ်းရိုးတန်းဒေသရှိ ပင်လယ်ကမ်းဝေးငါးဖမ်းစက်လှေများကို တွေ့ရစဉ်။

# ပခုက္ကူမြို့နယ်၌ ရေဝတီမြစ်ရေတိုက်စားမှုကြောင့် လူနေအိမ်တချို့ ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေး

**ပခုက္ကူ ဇူလိုင် ၃၀**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကျတ်တန်းကုန်းကျေးရွာ၌ ရေဝတီမြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းဘေးရှိ လူနေအိမ်တချို့ ဇူလိုင် ၂၀ ရက်ကစတင်ပြီး ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ကြကြောင်းသိရသည်။

ပခုက္ကူမြို့နယ် ကျွန်းညိုကြီးကျေးရွာအုပ်စု ကျတ်တန်းကုန်းကျေးရွာတွင် အိမ်ခြေ ၁၈၀၊ အိမ်ထောင်စု ၁၉၂ စုနှင့် လူဦးရေ ၈၀၀ ရှိကြောင်း၊ ၂၀၂၂ ခုနှစ် ဇွန်လပိုင်းမှစတင်ကာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေဝတီမြစ်ရေတိုက်စားပြီး ကမ်းပါးပြိုကျမှုများကြောင့် ရေဘေးအန္တရာယ်စိုးရိမ်ရသဖြင့် မြစ်ကမ်းဘေးရှိ အိမ်ထောင်စု ကိုးစု၊ မိသားစုဝင် ၃၁ ဦးတို့၏ နေအိမ်များအား ဘေးလွတ်ရာသို့ ဇူလိုင်၂၀ ရက် မွန်းလွဲ ၃ နာရီအချိန်ကစတင်ပြီး ပြောင်းရွှေ့နေထိုင်ရကြောင်း၊ လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်း ကျေးရွာဒေသခံတစ်ဦး၏ပြောကြားချက်အရ သိရသည်။

ထိုသို့ ပြောင်းရွှေ့နေထိုင်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံလူမှုရေးအဖွဲ့အစည်းများ စုပေါင်း၍ ဘေးလွတ်ရာ မြေနေရာအသီးသီးများသို့ ကူညီပြောင်းဆောင်ရွက်ပေးခဲ့ကြပြီး ပြောင်းရွှေ့နေထိုင်ကြသည့် အိမ်ထောင်စုကိုးစုအတွက် ငွေကျပ် ကိုးသိန်းနှင့် ရေဘေးသင့်ပြည်သူတစ်ဦးလျှင် ဆန်ရိက္ခာဖိုး ငွေကျပ် ၂၁၀၀ နှုန်းဖြင့် လူဦးရေ ၃၁ ဦးတို့အတွက် ငွေကျပ် ၆၅၁၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနထံက သိရသည်။





အလားတူ ပခုက္ကူမြို့နယ် ရှားပင်ကျေးရွာအုပ်စု နုံးပို့ကျေးရွာတွင် အိမ်ခြေ ၃၉ အိမ်ရှိသည့်အနက် ရေဝတီမြစ်ရေ တိုက်စားမှုတို့ကြောင့် မြစ်ကမ်းဘေးရှိ လူနေအိမ် ၁၃ လုံးကို ဘေးလွတ်ရာသို့အရေးပေါ် ရွှေ့ပြောင်းနေထိုင်ကြကြောင်း ကျေးရွာအတွင်း မြစ်ရေဝင်ရောက်မှုများရှိပြီး မြစ်ရေပိုမိုမြင့်တက်လာနိုင်သောကြောင့် မြစ်ကမ်းပါးနှင့် အလှမ်းဝေးကွာသည့် လူနေအိမ်များကိုလည်း ရွှေ့ပြောင်းပေးနိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများနှင့်လူမှုရေးအဖွဲ့အစည်းများက ဝိုင်းဝန်းကြိုးပမ်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်**

**(ပြန်/ဆက်)**

# သိန္နီမြို့နယ်၌ ငွေကျပ် သိန်း ၃၂၀၀ ကျော်တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း အမိုနီယမ်နိုက်ထရိတ် ၃၅ ဒသမ ၉၅ တန် ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၃၀

**ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သိန္နီမြို့နယ်၌ ငွေကျပ် သိန်း ၃၂၀၀ ကျော်တန်ဖိုးရှိ တရားမဝင်သယ်ဆောင်လာသည့် ထိန်းချုပ်ဓာတုပစ္စည်း အမိုနီယမ်နိုက်ထရိတ် ၃၅ ဒသမ ၉၅ တန် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။**



**အောင်ကိုမင်းနှင့် ဟိန်းမင်းဇော်တို့အား သိမ်းဆည်းရမိသည့် အမိုနီယမ်နိုက်ထရိတ်များနှင့် အတူ တွေ့ရစဉ်။**

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၆ ရက် ည ၇ နာရီတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန္နီမြို့နယ် ချောင်းဆာကျေးရွာ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် မူဆယ်မှ လားရှိုးဘက်သို့ အောင်ကိုမင်း မောင်းနှင်ပြီး ဟိန်းမင်းဇော် လိုက်ပါလာသည့် NISSAN ၂၂ ဘီးတွဲကားမော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၃၂၀၀ ကျော်တန်ဖိုးရှိ တရားမဝင်သယ်ဆောင်လာသည့် ထိန်းချုပ်ဓာတုပစ္စည်း အမိုနီယမ်နိုက်ထရိတ် ၃၅ ဒသမ ၉၅ တန် သိမ်းဆည်းရမိကြောင်း၊ စစ်ဆေး ဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အမိုနီယမ်နိုက်ထရိတ်များကို ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ချမ်းမြသာစည် သမအသင်း အမှုဆောင်ရွေးချယ်

**မန္တလေး ဇူလိုင် ၃၀**

မန္တလေး ချမ်းမြသာစည်မြို့နယ် မြို့နယ်သမဝါယမ အသင်းစု၏ ၂၀၂၀/၂၀၂၁ - ၂၀၂၁/၂၀၂၂ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အစားထိုးအမှုဆောင်ရွေးချယ်ပွဲကို ဇူလိုင် ၂၉ ရက်က အသင်းစုရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ အသင်းစုဥက္ကဋ္ဌ ဦးချစ်ခင်၊ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဝင်းအောင်တို့က အမှာစကားပြောကြားပြီး လစ်လပ်သွားသော အမှုဆောင်နေရာ၌ ဦးကျောက်ခဲကို ရွေးချယ်သည်။


**ထွဏ်းလှအောင် (မန္တလေး)**

# တရားမဝင် လူသုံးကုန်၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၃၀**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီးရှိ မြန်မာစက်မှု ဆိပ်ကမ်းကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ တာဝန်ကျအဖွဲ့စုံဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိသော အဝတ်အထည်များနှင့် အထွေထွေလူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၇၉၄၃၈၂၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပဲခူးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူး ဦးဆောင်သော ပူးပေါင်းအဖွဲ့က ဘုရားကြီးတိုးဂိတ်အနီး၌ ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်နေစဉ် မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသောခရီးသည်တင် မော်တော်ယာဉ်တစ်စီးပေါ်မှ စာရွက်စာတမ်းတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ဆန်စက်အပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၇၀၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော Yuto-ng Express အမျိုးအစား ခရီးသည်တင် မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၄၇၀၅၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။






ထို့အတူ ဇူလိုင် ၂၉ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး)စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ကုန်တင်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော ကြမ်းခင်းကော်ဇောများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ကုန်တင်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော လက်ကိုင်အိတ်မျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၆၁၂၅၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော Mitsubishi Fuso အမျိုးအစား ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၅၆၁၂၅၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ကန့်ဘလူမြို့နယ် ကာဘိုးကျေးရွာ တံတားထိပ်စစ်ဆေးရေးဂိတ်အနီး၌ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လိုင်စင်မဲ့ CANDA 125 အမျိုးအစား ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၂၈ ရက်နှင့် ၂၉ ရက်များတွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ခုနစ်မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၃၇၅၅၇၀) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**




## နိုင်ငံရေးပါတီများအပေါ် လေ့လာခြင်း စာအုပ်ထုတ်ဝေ

- မြန်မာပြည်နာရီတွေကများ အချိန်မှန်ပါသလား?
- မြန်မာပြည် ပါတီတွေကများ အလုပ်ဖြစ်ပါသလား?

လေ့လာရမည့် စာအုပ်ကောင်းတစ်အုပ်

- မြန်မာ့နိုင်ငံရေးနှင့်ပါတီများသမိုင်း ပါတီများနှင့် ရွေးကောက်ပွဲများအကြောင်း တစေ့တစောင်း
- ပါတီစုံဒီမိုကရေစီကိုသွားမည်ဆို ပါတီတွေက ဘယ်လိုလဲ?
- အစိုးရကောင်းလိုချင်ရင် ပါတီကောင်းကို ရွေးကြ

"နိုင်ငံရေးပါတီများအပေါ်လေ့လာခြင်း" စာအုပ်မှာ သင့်အတွက် အဆင်သင့်ဖတ်ရှုရန် စုစည်းထုတ်ဝေလိုက်ပါပြီ။

## ပခုက္ကူစာပေဆုရစာအုပ်နှင့် စာပေဗိမာန် စာမူဆုရစာအုပ်များ ဖြန့်ချိရောင်းချ

နေပြည်တော် ဇူလိုင် ၃၀

**ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ပခုက္ကူစာပေဆု ဝတ္ထုရှည် ပထမဆုရရှိသည့် စာရေးဆရာ တင်တော်၏ "အလင်းမီးတိုင် နေလ ပြိုင်၍ ထွန်းလင်းပြလိုက်ချင်" စာအုပ်နှင့် စာပေဗိမာန်စာမူဆု ဝတ္ထုရှည်ဒုတိယဆုရရှိသည့် စာရေးဆရာ ကံမြင့်မော်၏ "မေတ္တာရှိရင်းစွဲမို့ လွဲနိုင်ပါဘူးရှင်" စာအုပ်များကို ဖြန့်ချိရောင်းချလျက်ရှိသည်။**

**အလင်းမီးတိုင် နေလ ပြိုင်၍ ထွန်းလင်းပြလိုက်ချင်**

အလင်းမီးတိုင် နေလပြိုင်၍ ထွန်းလင်းပြလိုက်ချင် စာအုပ်တွင် ရည်မှန်းချက်ကိုယ်စီဖြင့် ပညာကြိုးစားခဲ့ရာမှ ဘဝခရီးတစ်ဆစ်ချိုးတွင် အမှတ်မထင်ကြုံတွေ့ခဲ့ရသော ကံကြမ္မာ၏ လှည့်စားမှုကြောင့် လမ်းခွဲခဲ့ရသော ချစ်သူနှစ်ဦး၏ ရင်နင့်ကြေကွဲဖွယ်ဖြစ်ရပ်ကို မိဘ၊ ဆရာ၊ ကျောင်းသား အပြန်အလှန်လေးစားလိုက်နာ စောင့်ထိန်းအပ်သော ပညာရေးလောက နောက်ခံထားကာ ရေးဖွဲ့ထားပြီး လူ့တန်ဖိုးဆိုသည်မှာ ဆင်းရဲခြင်း၊ ချမ်းသာခြင်း၊ ရာထူးဂုဏ်ရှိန်ရှိခြင်းတို့မဟုတ်ဘဲ ရိုးသားခြင်း၊ သစ္စာရှိခြင်း၊ ကတိတည်ခြင်း၊ စိတ်နှလုံး ပြည့်ဝခြင်းတို့ကသာ လူ၏ တန်ဖိုးဖြစ်ကြောင်းကို သမိုင်းအကိုးအကား၊ ဒေသန္တရ အထောက်အထားများနှင့်တကွ ရေးဖွဲ့တင်ပြထားသည့်အတွက် စာဖတ်သူများအား သုတရော ရသပါ ပေးစွမ်းနိုင်မည့် ဝတ္ထုရှည် စာအုပ်ကောင်းတစ်အုပ်ဖြစ်ကာ ရောင်းဈေးကျပ် ၁၅၀၀ ဖြစ်သည်။

**မေတ္တာရှိရင်းစွဲမို့ လွဲနိုင်ပါဘူးရှင်**

မေတ္တာရှိရင်းစွဲမို့ လွဲနိုင်ပါဘူးရှင် စာအုပ်သည် အရွယ်မရောက်ခင် ပန်းကောင်းအညွန့်ချိုးခံလိုက်ရသော အသက် ၁၃ နှစ်အရွယ် မိန်းကလေးတစ်ဦး၊ စိတ်ခါတ်ယုတ်နိမ့်သူတစ်ဦး၏ ကျူးလွန်မှုကြောင့် ရရှိလာသည့် ရင်သွေးငယ်ကို မပစ်ရက်ဘဲ ကိုယ်တိုင်ပြုစုပျိုးထောင်ရင်း နှစ်ပေါင်းများစွာ ဒုက္ခအမျိုးမျိုးနှင့် စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်ကျော်ဖြတ်ခဲ့ပုံ၊ မေတ္တာ၊ စေတနာ အရင်းခံစိတ်ဖြင့် မြတ်နိုးခဲ့သည့် ငယ်ချစ်နှင့် ပြန်လည်ဆုံစည်းခဲ့ရပုံတို့ကို အဖွဲ့အနွဲ့ ကောင်းကောင်းဖြင့် ရေးဖွဲ့ထားသည့် ဝတ္ထုရှည်စာအုပ်ကောင်း တစ်အုပ်ဖြစ်ပြီး ရောင်းဈေး ကျပ် ၂၀၀၀ ဖြစ်သည်။

အဆိုပါစာအုပ်များကို အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ- ၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်း ကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈) တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




## ရတနာပုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ (အမျိုးသား)ပိုက်ကျော်ခြင်း ဗိုလ်လုပွဲနှင့် အားကစားပြိုင်ပွဲများအလိုက် ဆုချီးမြှင့်ပွဲကျင်းပ

**မန္တလေး ဇူလိုင် ၃၀**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် ရတနာပုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်း ဗိုလ်လုပွဲနှင့် အားကစားပြိုင်ပွဲများအလိုက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက အဆိုပါတက္ကသိုလ်ရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များဖြစ်ကြသည့် ဒေါက်တာဦးခင်မြို့၊ ဒေါက်တာမြင့်မြင့်ဦး၊ ဒေါက်တာ ခင်မော်မော်စိုး၊ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)မှ ကျောင်းအုပ်ကြီး ဦးနိုင်လင်းအောင်၊ ဒုတိယကျောင်းအုပ်ကြီး ဦးကျော်ကျော်၊ အမရပူရခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ထွန်း၊ အားကစားဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ၊ ဆရာမများ၊ စီမံရေးရာဌာနများမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်အားပေးကြသည်။

အခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာက ဂုဏ်ပြုအမှာစကားပြောကြားပြီး ပိုက်ကျော်ခြင်း အမျိုးသား ပြိုင်ပွဲဗိုလ်လုပွဲစဉ်ကို ဓာတုဗေဒအသင်း ကဘူမိဗေဒအသင်းကို နှစ်ပွဲကျင်းပရာ တစ်ပွဲဖြင့် အနိုင်ရရှိပြီးနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယပါမောက္ခချုပ်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)မှ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ အမရပူရခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အားကစား ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ (ဌာနမှူး)များက ဘာသာရပ်ပေါင်းစုံ (အမျိုးသား အမျိုးသမီး) ဘောလုံးပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး ကြက်တောင်ပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး ရေကူးပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး စစ်တုရင်ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်း အမျိုးသားပြိုင်ပွဲများတွင် ဆုရရှိသည့် ပြိုင်ပွဲဝင်အားကစားသမားများအား တစ်ဦးချင်းဆုများ၊ ငွေသားဆုများနှင့် အကောင်းဆုံးအားကစားသမား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမဆုရ ဓာတုဗေဒအသင်းအား တစ်ဦးချင်းဆု၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုများကို ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

၀၄၀

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**

## ဒလမြို့နယ်တွင် တစ်ပိဿာ ကျပ် ၃၈၀၀ နှုန်းဖြင့် စားသုံးဆီများ လာရောက်ရောင်းချ

**ရန်ကုန် ဇူလိုင် ၃၀**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် အံ့ကြီးအရှေ့ရပ်ကွက် ကနောင်လမ်းမကြီးတွင် ဇူလိုင် ၃၀ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်း၏ အစီအစဉ်ဖြင့် Grand Unity Co.,Ltd မှ လူတစ်ဦးလျှင် စားအုန်းဆီတစ်ပိဿာ ကျပ် ၃၈၀၀ နှုန်းဖြင့် ၅၀ ကျပ်သား တစ်ဘူးနှုန်း လာရောက်ရောင်းချပေးသည်။

အဆိုပါစားသုံးဆီများအား သက်သာသော ဈေးနှုန်းဖြင့် လွန်ခဲ့သည့် ရက်သတ္တပတ်က ဒလမြို့နယ်အတွင်း သပြေကုန်းကျေးရွာမှ စတင်ကာ ရပ်ကွက်ကျေးရွာများသို့ လှည့်လည်ရောင်းချပေးခဲ့ခြင်းဖြစ်ပြီး လာရောက်ဝယ်ယူသူ အနည်းအများအပေါ်မူတည်၍ ၅၀ ကျပ်သားမှ တစ်ပိဿာအထိ ရောင်းချပေးကြောင်း သိရသည်။

ယခုကဲ့သို့ သက်သာသောဈေးနှုန်းဖြင့် လာရောက်ရောင်းချပေးရန် စီစဉ်ပေးသည့် သက်ဆိုင်ရာတာဝန်ရှိသူကို ကျေးဇူးတင်ရှိကြောင်းနှင့် အခြေခံလူတန်းစား အများစုနေထိုင်ကြသည့် အရပ်ဒေသများတွင် မကြာခဏလာရောက်ရောင်းချပေးပါရန် ဒေသခံများ၏ အကြံပြုစကားသံများကိုလည်း ကြားသိခဲ့ရသည်။

**မောင်ယဉ်ဦး**

## ဝါးတန်း-ဒလ(ယာဉ်ကူးတို့ ) ဩဂုတ် ၁ ရက်မှစတင်၍ ယာဉ်အမျိုးအစားအလိုက်နှုန်းထားများအား တိုးမြှင့်ကောက်ခံသွားမည်

**ရန်ကုန် ဇူလိုင် ၃၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမြစ်ဝကျွန်းပေါ်ဌာနခွဲရှိဝါးတန်း-ဒလ(ယာဉ်ကူးတို့) လမ်းတွင် ဩဂုတ် ၁ ရက်မှစတင်၍ ယာဉ်အမျိုးအစားအလိုက်နှုန်းထားများအား တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

"ဆီဈေးက မြင့်သွားတယ်။ ဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်နဲ့ တိုးမြှင့်ကောက်ခံတာဖြစ်ပါတယ်။ ဝါးတန်းကနေ နံနက် ၇ နာရီကနေ တစ်နာရီ တစ်ခေါက်ဆွဲပါတယ်။ ညနေ ၆ နာရီ ကျော်အထိ ယာဉ်ပေါ်မူတည်ပြီး ပြေးဆွဲပေးပါတယ်"ဟု ဝါးတန်း-ဒလယာဉ်ကူးတို့မှ တာဝန်ရှိသူ ဦးကျော်နိုင်ဦးက ပြောသည်။

"ကျွန်တော်တို့ မိသားစုက ကွမ်းခြံကုန်းက ဆွေမျိုးဆီသွားမလို့ပါ။ ဒလဘက်ကသွားရင် တစ်နာရီလောက် အချိန်စောတယ်။ လှိုင်သာယာဘက်က ဆိုရင် တစ်နာရီလောက် နောက်ကျတယ်။ နောက်ဆိုရင် ကားကူးတို့ တိုးမြှင့် ကောက်ခံတော့လည်း သွားရမှာပေ့ါ။ အခိက သွားလာရေးအဆင်ပြေဖို့ပါ။ နှုန်းထား တက်တာကြည့်နေလို့ မရပါဘူး" ဟု တောင်ဒဂုံမှ ဦးမြင့်အောင်က ပြောသည်။

ဝါးတန်း - ဒလ (ယာဉ်ကူးတို့) လမ်းကို ဩဂုတ် ၁ ရက်မှ စတင်၍ ခရီးသည်လက်မှတ် ယခင်ကောက်ခံလျက်ရှိသည့် ငွေကျပ် ၁၀၀ မှ ငွေကျပ် ၂၀၀ သို့ တိုးမြှင့်ကောက်ခံပြီး၊ ၁ တန်အောက် အိမ်စီးကားများကို ယခင်ကောက်ခံလျက်ရှိသည့် ငွေကျပ် ၂၅၀၀ မှ ၃၇၅၀၊ ၁ တန်နှင့် ၂ တန်ကြားယာဉ်များကို ယခင်ကောက်ခံလျက်ရှိသည့် ငွေကျပ် ၃၀၀၀ မှ ၄၅၀၀၊ ၂ တန်နှင့် ၃ တန်ကြားယာဉ်များကို ယခင်ကောက်ခံလျက်ရှိသည့် ငွေကျပ် ၄၀၀၀ မှ ငွေကျပ် ၆၀၀၀၊ ၃ တန်နှင့် ၆ တန်ကြားယာဉ်များကို ယခင်ကောက်ခံလျက်ရှိသည့် ငွေကျပ် ၅၀၀၀ မှ ငွေကျပ် ၇၅၀၀၊ ၆တန်နှင့် ၁၂ တန်ကြားယာဉ်များကို ယခင် ကောက်ခံလျက်ရှိသည့် ငွေကျပ် ၆၀၀၀ မှ ငွေကျပ် ၉၀၀၀၊ စက်ဘီးငွေကျပ် ၁၀၀၊ ဆိုက်ကား ငွေကျပ် ၂၀၀၊ မော်တော်ဆိုင်ကယ် ငွေကျပ် ၈၀၀၊ နောက်တွဲယာဉ်သုံးဘီး ငွေကျပ် ၁၀၀၀၊ နောက်တွဲယာဉ်လေးဘီး ငွေကျပ်၂၀၀၀ တို့ကို မူလအတိုင်း ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ဝါးတန်း-ဒလ (ယာဉ်ကူးတို့) သည် နေ့စဉ်ခေါက်ရေ ၁၂ ခေါက်ခွဲ ပြေးဆွဲလျက်ရှိပြီး ယာဉ်စီးရေ နေ့စဉ် ၄၀၀ ခန့် ပို့ဆောင်ပေးလျက်ရှိသည်။

**အာကာလင်း**

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥဏ္ဏတ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၃၃ ဆူ | ၃၈၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၆ တိုင် | ၁၄ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၂၂ တိုင် | ၅၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၄ ခု | ၅၄၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၈ ကျင်း | ၂၀၈၁. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၈ ကျင်း | ၂၀၀. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၅ ကျင်း | ၅၈၉၅. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၂ ကျင်း | ၁၆၁၄. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
## (ရက် စွဲ၊ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

၁။ ၂၀၂၂ခုနှစ်၊ ဩဂုတ်လ(၁)ရက်နေ့တွင် ကျင်းပမည့် (၄၁) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို **“က”အက္ခရာမှ အစဉ်လိုက်“ည”အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၁၀) လုံးတွင် ထီစာအုပ် (၃၂၅၆၀၀) အုပ်ရောင်းချခဲ့ပါသည်။

၂။ ထီလက်မှတ်များရောင်းချရငွေမှာ ကျပ်သန်း (၃၂၅၆.၀၀၀) ဖြစ်သဖြင့် ၇၀ % ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း (၂၂၇၉.၂၀၀) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၂၉.၃၅၀) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

| | | | | | |
|---|---|---|---|---|---|
| (က) | **အထူးဆုကြီး** | | | | |
| | (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| | (၂) | ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |
| (ခ) | **ဆုတစ်ဆုချင်း** | | | | |
| | (၁) | ကျပ်သိန်းငါးရာ | = | (၂) | ဆု |
| | (၂) | ကျပ်သိန်းနှစ်ရာ | = | (၆) | ဆု |
| | (၃) | ကျပ်သိန်းတစ်ရာ | = | (၇) | ဆု |
| | (၄) | ကျပ်သိန်းငါးဆယ် | = | (၁၁) | ဆု |
| | (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၄) | ဆု |
| | (၆) | ကျပ်တစ်ဆယ်သိန်း | = | (၁၁) | ဆု |
| (ဂ) | **ဝေဝေဆာဆာပဒေသာဆု** | | | | |
| | (၁) | ကျပ်သုံးသိန်း | = | (၅၀) | ဆု |
| | (၂) | ကျပ်နှစ်သိန်း | = | (၄၀၀) | ဆု |
| | (၃) | ကျပ်တစ်သိန်း | = | (၁၂၀၀၀) | ဆု |
| (ဃ) | **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း(၂၉.၃၅၀)မှ ချီးမြှင့်သည့်ဆု** | | | | |
| | (၁) | ကျပ် တစ်ဆယ်သိန်း | = | (၆) | ဆု |
| | (၂) | ကျပ်သုံးသိန်း | = | (၁၀) | ဆု |
| | (၃) | ကျပ်နှစ်သိန်း | = | (၁၀၀) | ဆု |

၄။ ဖော်ပြပါခွဲဝေထားသောဆုမဲအရေအတွက်မှာ ရောင်းရငွေ၏ ၇၀% အပေါ်အခြေခံ၍ ခွဲဝေထားခြင်းဖြစ်ပြီး ထီဖွင့်ပွဲတွင် ဝေဝေဆာဆာပဒေသာဆုမဲစနစ်မှ ရောင်းမကုန်ထီလက်မှတ်နံပါတ်များထွက်ပေါ်လာပါက အဆိုပါဆုမဲ တန်ဖိုးစုစုပေါင်းအား အခြားသင့်လျော်သောဆုမဲများအဖြစ် ဆုတစ်ဆုချင်းစနစ်နှင့် ဝေဝေဆာဆာပဒေသာ ကျပ်ငါးသောင်း ဆုမဲများ ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်သဖြင့် ခွဲဝေထားသောဆုမဲအရေအတွက် အပြောင်းအလဲရှိနိုင်ပါသည်။ ဆုမဲတန်ဖိုးငွေစုစုပေါင်းမှာ ပြောင်းလဲမှုမရှိပါ။

၅။ (၄၁)ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို (၁-၈-၂၀၂၂) ရက်နေ့ (တနင်္လာနေ့)၊ နံနက်(၈)နာရီအချိန်တွင် အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့်(၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေ သိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ကျန်းမာရေးဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန
### ခုတင်-၃၀၀ဆံ့သင်ကြားရေးဆေးရုံကြီး-မန္တလေးမြို့
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၂၂-၂၀၂၃ခုနှစ် ဘဏ္ဍာရေးနှစ်တွင် မန္တလေးမြို့ ခုတင်(၃၀၀)ဆံ့ သင်ကြားရေးဆေးရုံကြီးတွင် ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှု ငှားရမ်းလုပ်ကိုင်ခွင့် လုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၁။ **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁-၈-၂၀၂၂ ရက်၊ (တနင်္လာနေ့)

၂။ **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁၅-၈-၂၀၂၂ ရက်၊ တနင်္လာနေ့ ညနေ(၄:၀၀)နာရီ

၃။ အိတ်ဖွင့်တင်ဒါကို သတ်မှတ်ပုံစံဖြင့် လျှောက်ထားရပါမည်။ လျှောက်လွှာပုံစံကို ဆေးရုံအုပ်ကြီးရုံးခန်း၌ ဝယ်ယူရပါမည်။

အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးခန်း၊ ခုတင်(၃၀၀)ဆံ့သင်ကြားရေးဆေးရုံကြီးသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**ခုတင်(၃၀၀)ဆံ့သင်ကြားရေးဆေးရုံကြီး၊ မန္တလေးမြို့**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၂၈-ရပ်ကွက်၊ အောင်ရိပ်သာ(၄)လမ်း၊ အမှတ်(၃၇၀)၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊ မြေရိယာ ဝ ဒသမ ၀၅၆ ဧက၊ (၄၁ပေx၆၀ပေ)ရှိ နှစ်(၆၀)ဂရန် မြေကွက်ကြီးအနက်မှ မခွဲမစိတ်ရသေးသော(၂၁ပေx၆၀ပေ)ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ဦးအက်စနာဒါရာဂျန် ၁၂/ဒဂမ(နိုင်)၀၂၆၇၆၅၊ DGN ၀၀၄၆၂၈ အမည်ပေါက်ပိုင်ဆိုင်ပါသည်။၎င်းထံမှယခုရောင်းချသူ ဒေါ်သန်းအေး ၁၂/ကမရ(နိုင်)၀၀၄၅၇၂ က အရောင်းအဝယ်အရပ်စာချုပ် တရားဝင်ဝယ်ယူပိုင်ဆိုင်ပါသည်။ ၎င်းထံမှ ကျွန်ုပ်မိတ်ဆွေက တရားဝင်အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေနှင့်နေအိမ်တို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ယခုကြေညာပါပြီးသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင်ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေ ရန်ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှလှခိုင်**
**အထက်တန်းရှေ့နေ**
**အမှတ်(၃၉)၊ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၀၄၉၃၇၆ ၊ ၀၉-၅၁၄၉၇၆၃**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၁၊ သီဟသူ(၃)လမ်း၊ မြေကွက်အမှတ် ၅၄၉/ခ၊ မြေအကျယ် (အလျား ၆၀ ပေ၊အနံ ၄၀ ပေ)၊ ဧရိယာ ၀ ဒသမ ၀၂၇၅ ဧက၊ ၁၂၀၀ စတုရန်းပေရှိ ဒေါ်စန်းစန်းရီ ၁၂/ဥကတ(နိုင်)၀၁၄၅၁၁ အမည်ပေါက် မြေငှားဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေပေါ် ဆောက်လုပ်ထားသော နေအိမ်(၁)လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးခင်မောင်အေး ၁၂/ဗဟန(နိုင်)၀၀၄၇၃၀ ထံမှ ဝယ်ယူရန်အတွက် ငွေကြေးတစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏ မိတ်ဆွေမှ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤ ကြော်ငြာပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အရောင်း အဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးလှိုင်ဘွား(LL.B)** | **ဒေါ်မေသိင်္ဂီလှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **စဉ်-၈၁၃၀** | **စဉ်-၁၅၇၃၄** |
| **ဖုန်း-၀၉-၈၉၂၇၅၅၀၁၂** | **ဖုန်း-၀၉-၇၉၆၈၃၄၇၃၄** |

**အမှတ်၄၇၅၊ ပထမထပ်(ယာ)၊ သုမနလမ်း၊ (၁၆/၂)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင် မြို့တော်အိမ်ရာဝင်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့် ဇုန်-ဘီ၊ တိုက်အမှတ် (ဘီ-၃)၊ အခန်းအမှတ် (၃၁၂)၊ Type (C1a), Area(၆၄၂)Sqftရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးကျော်ကျော် ၁၂/လမတ(နိုင်)၀၀၂၀၀၄နှင့် ဒေါ်သင်းသင်းခိုင် ၁၂/လမတ(နိုင်)၀၂၉၅၈၈ တို့ထံမှ အပြီးအပြတ် ဝယ်ယူရန် ငွေပေးချေပြီးဖြစ်ပါသည်။ယခုအခါ သန်လျင်ကြယ်စင်အိမ်ရာတွင် အမည်ပြောင်း ကိစ္စပြုလုပ်ရန် ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ ကျော်လွန်၍ ကန့်ကွက် မည့်သူမရှိပါက သန်လျင်ကြယ်စင်အိမ်ရာတွင်အမည်ပြောင်းမည့်ကိစ္စအား ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မီမီစိုး ၁၂/ပဇတ(နိုင်)၀၀၂၇၁၇**
**ဖုန်း-၀၉-၅၁၇၄၈၇၇၊ ၀၉-၇၉၅၁၇၄၈၇၇**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4I/7679 TOYOTA VI TZ KS 90 H/B(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးတင်ထွဋ်အောင် ၁၂/လမတ(နိုင်)၀၃၃၆၄၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ် ၅/ပဒေသာ၊ ဦးပိုင်အမှတ်(၄၃))၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ မြေကွက်အားမြေငှားဂရန် (ဂရန်သစ်) လျှောက်ထားနိုင်ရေး ဦးနေဝင်း ၈/ရနခ(နိုင်)၀၁၁၀၅၇ မှ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါ သည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/တောင်)၊ မြေကွက် အမှတ်(၆၇၀/ခ)၊ဧရိယာ၂၀'x၆၀'၊မြေကွက်တည်နေရာအမှတ်-၆၇၀/ခ၊ ပြည်တော်ညွှန့်လမ်း၊ (၄/တောင်)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်မာန်တာခ်ဘေဂွန်(HGU-၁၂၀၀၂၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အား အမည်ပေါက် ဒေါ်မာန်တာခ်ဘေဂွန်အား တရားပြိုင်ထားကာ ဦးတင်မောင်ဝင်းမှ တရားလိုပြုလုပ်၍ သာကေတမြို့နယ် တရားရုံး တရားမကြီးမှုအမှတ် ၅၆/၂၀၂၀ ဖြင့် ပဋိညာဉ်စာချုပ်ပါအတိုင်း မြေနှင့်အိမ် အရောင်းအဝယ် စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ ၂၅-၁-၂၀၂၁ ရက်စွဲပါ စီရင်ချက်ဒီကရီ သာကေတမြို့နယ်တရားရုံး တရားမဇာရီမှုအမှတ် ၈/ ၂၀၂၁ ဖြင့် ဘိလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် ၁၁-၂-၂၀၂၂ရက်စွဲပါ တရားရုံး နေ့စဉ်မှတ်တမ်းတာဝန်ခံမိတ္တူမှန်၊ သာကေတမြို့နယ်တရားရုံး၏ ၁၈-၁-၂၀၂၂ ရက်စွဲပါ စာအမှတ် ၄၇/ဇာရီ-၂၂/၂၀၂၂ ဘိလစ်ခန့်စာ၊ တရားမဇာရီမှုအမှတ် ၈/၂၀၂၁ တို့အရ တရားရှုံး ကိုယ်စား ဘိလစ် ဒေါ်မိုးပပမျိုး ၁၂/ဥကတ(နိုင်)၁၄၈၈၅၇ မှ ဂရန်မူရင်း၊ ဘိလစ်ခန့်စာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထား လာရာ ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါ ကြောင်းအသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၂)ရပ်ကွက်၊ အနောက် အောင်မေတ္တာလမ်း၊ တိုက်အမှတ်-၁၃၈(က)/၁၃၉၊ ဒါဘာအခန်း(မြေရင်း)၊ အကျယ် (၁၀ပေx၄၀ပေ) ရှိ တိုက်ခန်း နှင့် ရေမီးအပြည့်အစုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးအောင်မောင်း ၁၂/ဥကမ(နိုင်) ၀၇၅၇၆၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းထွန်းနွယ် ၁၂/မရက(နိုင်)၁၀၅၂၂၅က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်အထောက်အထား၊ စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို တရားဝင် အပြီးတိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မေကျော်စိုး LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၇၅၉/၂၀၁၀)**
**အမှတ် (၁၄၃)၊ (၆)လွှာ၊ ၃၇လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း ၀၉-၂၅၉၉၆၃၃၄၄**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2D/4125 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါ သည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8I/6242 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါ သည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### အမည်ပြောင်း

ဦးတင်ထွန်းအောင် ၁၂/စခန(နိုင်)၀၄၆၂၈၅၏သမီး မခင်ယဉ်မင်းအေး ၁၂/ကမန(နိုင်)၁၀၇၄၁၁အား ယနေ့မှစ၍ မနွယ်ရတီကိုဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မနွယ်ရတီကို**

### အမည်ပြောင်း

ပြင်ဦးလွင်မြို့၊ အထက(၄)၊ Grade-7(B)မှ (ဘ)ဦးအောင်ထွေး ၉/ပဥလ(နိုင်)၀၂၄၉၈၇၏ သမီးဖြစ်သူ မအေးသန္တာလှိုင် အားယနေ့မှစ၍ မအေးမြဇင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မအေးမြဇင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/8755ယာဉ်လက်ဝယ်ရှိသူ ဦးရဲထက်အောင် ၁၄/မမက(နိုင်)၂၉၄၉၁၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1P/9509 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝေဝေမြင့် ၉/ခမစ(နိုင်)၀၄၄၂၁၂က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၇-၂၀၂၂ ရက်ထုတ် စာမျက်နှာ (၃၁)တွင်ပါသော ကန့်ကွက်ကြော်ငြာတွင် မြေကွက်အမှတ် (ပ-၃၇၆၅၂) အစား (ပ-၃၄၆၅၂)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၃၀-၇-၂၀၂၂ရက်ထုတ် စာမျက်နှာ (၂၅)တွင်ပါသော ကန့်ကွက်ကြော်ငြာတွင် ဒေါ်တင်တင်ရီ (ဘ)ဦးထွန်းမြင့် ၉/ပမန(နိုင်)၁၅၆၉၀၈ အစား ဒေါ်တင်တင်ရီ (ဘ)ဦးထွန်းမြ ၉/ပမန(နိုင်)၁၅၆၉၀၈ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် EE/7091 Toyota Corolla Feelder NE121 S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဖြိုးအောင်ဆန်း ၁၂/သကတ(နိုင်)၁၇၃၀၃၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5B/5126 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5P/7164 Suzuki Carry Pickup (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျင်ဟန် ၇/ဝမန(နိုင်)၀၅၀၃၃၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1D/4205 Toyota Granvia Kch10 Mini Van (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဥမ္မာလွင် ၁၀/ပမန(နိုင်)၀၁၁၆၆၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star Cityအိမ်ရာ၊ ကြယ်စင်အိမ်ရာ စီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာ စီမံကိန်းအဆင့် zone(B)၊ တိုက်အမှတ်(B-4)၊ အခန်းအမှတ်(214)၊ Area (651) sqftရှိ တိုက်ခန်းနှင့်၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးသန်းထိုက်အောင် ၁၂/သကတ(နိုင်)၁၈၁၄၈၇ နှင့် ဒေါ်ခင်သန်းထိုက် ၉/ကမတ(နိုင်)၁၇၂၇၁၂ တို့ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်၊ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ဇင်မာအောင် ၈/အလန(နိုင်)၁၃၇၉၆၆**
**ဖုန်း-၀၉-၈၇၉၃၇၃၇၇၃၊ ၀၉-၈၇၉၀၇၉၃၀၆၊ ၀၉-၇၇၄၃၂၁၇၁၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၇/အနောက်ရပ်ကွက်၊ ပတ္တမြား(၃)လမ်း၊ အခန်းအမှတ်(၁၁၁၃)၊ (၂)ခန်းတွဲ RC(၆)ထပ်၊တိုက်ကိုမျက်နှာမူလျှင် (ယာ)၊ အဆောက်အအုံ၏ ပထမထပ်(၂)လွှာ၊ ဧရိယာ(၇၅၆)စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုသူဖြစ်သော ဦးလွင်မိုးဦး ၁၂/သကတ(နိုင်)၂၁၁၁၉၃ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဒေါ်အေးသန္တာထွေး ၁၃/တကန(နိုင်)၁၅၁၇၅၄ ကအပြီးအပြတ်ဝယ်ယူရန် ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးသန္တာထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နန္ဒာ**
**အထက်တန်းရှေ့နေ**
**(စဉ်-၄၇၆၂၂)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်အိမ်ရာ၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၉ရပ်ကွက်၊ ကျော်သူ(၁၉)လမ်းအထက်၊ အမှတ်(၈၇၈/ခ)၊ (၁)ခန်းတည်း၊ RC(၆)ထပ်တိုက်အဆောက်အအုံ၏ ဒုတိယထပ်(၃)လွှာ၊ ဧရိယာ(၉၉၀)စတုရန်းပေရှိ တိုက်ခန်းနှင့် တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော စံစံမောင်သန်း ၁၀/မလမ(နိုင်)၁၉၂၇၁၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ထက်ထက်အိ ၁၂/လမန(နိုင်)၁၃၇၃၉၂ က အပြီးအပြတ်ဝယ်ယူရန် ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ထက်ထက်အိ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နန္ဒာ**
**အထက်တန်းရှေ့နေ (စဉ်-၄၇၆၂၂)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်အိမ်ရာ၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်မြို့**

## May Myat Noe Services Co., Ltd.
## ပြည်ပအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၉)ရပ်ကွက်၊ လမ်း ၄၀ တွင် May Myat Noe Services Co.,Ltd. ကို တရားဝင်ဖွင့်လှစ်ကာ ပြည်ပအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းလိုင်စင်ဖြင့် ဝန်ဆောင်ပေးသူ ဒေါ်စုသင်းလဲ့လွင် ၇/ပခန(နိုင်)၂၀၉၂၆၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်းကြေညာသတိပေးအပ်ပါသည်-

May Myat Noe Services Co., Ltd. သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် (ယခင်) အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ (ယခု) အလုပ်သမားဝန်ကြီးဌာနမှ တရားဝင်ထုတ်ပေးသော လုပ်ငန်းလိုင်စင်ဖြင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းကို ၂၀၀၈ ခုနှစ်မှ စတင်ကာ သတ်မှတ်ကာလအတိုင်း လုပ်ငန်းလိုင်စင်သက်တမ်းတိုး၍ ကောင်းသောဂုဏ်သတင်းဖြင့် အစဉ်တစိုက်ဝန်ဆောင်မှုပြုလျက်ရှိပါသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် မည်သည့်နေရာတွင်မျှ လုပ်ငန်းခွဲဖြစ်စေ၊ တစ်ဦးတစ်ယောက်ကို လုပ်ငန်းခွဲဝေဆောင်ရွက်စေခြင်းဖြစ်စေ ခွင့်ပြုထားခြင်း လုံးဝမရှိခဲ့ပါ။

ယခုအခါ မသမာသူအချို့မှ ဒေါ်စုသင်းလဲ့လွင်၏ တရားဝင်ခွင့်ပြုချက်မရှိဘဲ May Myat Noe Services Co., Ltd. ၏ အမည်ကို တိုက်ရိုက်သုံးစွဲ၍ ပြည်ပအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း လိုင်စင်ပါစည်းမျဉ်းစည်းကမ်းများနှင့် မညီသည့်ဝန်ဆောင်မှုပြုနေခြင်းသည် ဒေါ်စုသင်းလဲ့လွင် တည်ထောင်ထားသော May Myat Noe Services Co., Ltd. နှင့် လုံးဝသက်ဆိုင်ခြင်း မရှိပါကြောင်း အများပြည်သူအား အသိပေး ကြေညာပါသည်။

ဒေါ်စုသင်းလဲ့လွင်၏ စာဖြင့် တရားဝင်ခွင့်ပြုချက်မရှိဘဲ May Myat Noe Services Co., Ltd. အမည်ဖြင့် ပြည်ပအလုပ်အကိုင် ရှာဖွေရေးလုပ်ငန်း ဝန်ဆောင်မှုလုပ်ကိုင်နေသူများမှ မိမိတို့သိက္ခာကိုစောင့်စည်းပါက ချက်ချင်းရပ်တန့်ပါရန် သတိပေးတားမြစ်ပါသည်။

လိုက်နာခြင်းမရှိဘဲ ဆက်လက်လုပ်ကိုင်နေပါက May Myat Noe Services Co., Ltd, ပြည်ပအလုပ်အကိုင်ရှာဖွေရေး ဝန်ဆောင်မှုလုပ်ငန်း၏ ဂုဏ်သိက္ခာထိခိုက်နစ်နာမှု၊ ဆုံးရှုံးမှုများအတွက် သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ထိရောက်စွာ တရားစွဲဆိုမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| ဒေါ်စုသင်းလဲ့လွင် | ဦးမျိုးအောင် B.A, H.G.P, R.L |
| ၇/ပခန(နိုင်)၂၀၉၂၆၅ | တရားလွှတ်တော်ရှေ့နေ (စဉ်-၃၃၉၆/၈၅) |
| | အမှတ် (၁၁၀)၊ ၃၉-လမ်း၊ ကျောက်တံတားမြို့နယ်၊ |
| | ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၈၆၈၂၂ |

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**
လှည်းကူးမြို့၊ ကျွန်းကလေးဈေးနီး၊ ခြံမြေ
လျှပ်စစ်မီးရရှိပြီး၊ ကွန်ကရစ်လမ်းဘေး၊
(40'x60') = ၈၅သိန်း၊ (20'x60') = ၄၈သိန်း
ph: 09-796797258, 09-673888795

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ဘုရားလမ်း၊ ထီးလှိုင်ရှင်အိမ်ရာ၊ အိမ်အမှတ်(A/182)နေ ဒေါ်မိမိခိုင် ၉/မကန(နိုင်)၀၇၃၀၂၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ကုလားကုန်းကျေးရွာ၊ မြောင်းတကာစက်မှုဇုန်ရှိ ကွင်းအမှတ်(၆၃၈)၊ ကွင်းအမည်-ကြီးပင်ကွင်း၊ ဦးပိုင်အမှတ်(N/6)၊ ဧရိယာ၁ ဒသမ ၁၈ဧက ၊ အကွက်အမှတ် (၆၉၊ ၇၈၊ ၇၉၊ ၈၀) အကျယ်အဝန်းတစ်ကွက်လျှင် (၆၀x၈၀)ပေ မြေကွက်(၄)ကွက်။

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ကုလားကုန်းကျေးရွာ၊ မြောင်းတကာစက်မှုဇုန်ရှိကွင်းအမှတ်(၆၃၈)၊ ကွင်းအမည်-ကြီးပင်ကွင်း၊ ဦးပိုင်အမှတ်(N/36)၊ ဧရိယာ ၀ ဒသမ ၆၆ဧက ၊ အကွက်အမှတ်(၆၈၊ ၇၇) အကျယ်အဝန်း တစ်ကွက်လျှင် (၆၀ x ၈၀)ပေ၊ မြေကွက်(၂)ကွက်။

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ကုလားကုန်းကျေးရွာ၊ မြောင်းတကာစက်မှုဇုန်ရှိကွင်းအမှတ်(၆၃၈)၊ ကွင်းအမည်-ကြီးပင်ကွင်း၊ ဦးပိုင်အမှတ်(N/36)၊ ဧရိယာ၀ဒသမ၁၄ဧက၊အကွက်အမှတ်(၅၄)၊အကျယ်အဝန်းတစ်ကွက်လျှင်(၆၀x၈၀)ပေမြေကွက်(၁)ကွက်။

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ကုလားကုန်းကျေးရွာ၊ မြောင်းတကာစက်မှုဇုန်ရှိ ကွင်းအမှတ်(၆၃၈)၊ ကွင်းအမည်-ကြီးပင်ကွင်း၊ ဦးပိုင်အမှတ်(N/64)၊ ဧရိယာ ၀ ဒသမ ၂၂ဧက၊ အကွက်အမှတ်(၅၅၊ ၆၆)အကျယ်အဝန်း တစ်ကွက်လျှင် (၆၀ x ၈၀)ပေ မြေကွက်(၂)ကွက်။

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် မြောင်းတကာ သံမဏိစက်မှုဇုန်၊ မြေကွက်အမှတ်(၁၁၃)၊ ဧရိယာ ၂ဒသမ ၃၅၂ဧကရှိ မြေကွက်(၁)ကွက်နှင့်ပတ်သက်၍ အထက်ဖော်ပြပါ မြေကွက်များအားလုံးသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မိမိခိုင် ၉/မကန(နိုင်)၀၇၃၀၂၁ အမည်ဖြင့် နာမည်ခံ၍ ဝယ်ယူပေးခြင်းသာဖြစ်ကြောင်း၊ ယင်းမြေကွက်များနှင့်ပတ်သက်သည့်ကောင်းကျိုးဆိုးကျိုးကိစ္စအဝဝသည် ဒေါ်မိမိခိုင် ၉/မကန(နိုင်)၀၇၃၀၂၁ နှင့် လုံးဝပတ်သက်ခြင်းမရှိပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မိမိခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမင်းမင်းဟိန်း**
**အထက်တန်းရှေ့နေ**
**စဉ်-၅၁၂၆၂ (၂၈-၇-၂၀၁၉)**
**ရှေ့နေများရုံးခန်း၊ မှော်ဘီတရားရုံးဝင်း၊ မှော်ဘီမြို့**
**ဖုန်း-၀၉-၇၉၈၃၈၀၁၁၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၅၊ မြေကွက်အမှတ် ၆၇၃၊ မြေကွက်တည်နေရာအမှတ်(၆၇၃)၊ ဇော်ဂျီလမ်း၊ ၄၅ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးစောအောင် AB-057965 အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအားမြေအမည်ပေါက် (ခင်ပွန်း) ဦးစောအောင်ကွယ်လွန်သဖြင့် (ဇနီး)ဒေါ်မေရီ ၁၂/မရက(နိုင်)၀၄၇၄၀၆ မှ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်းနှင့် ၎င်းသာလျှင် အမွေဆက်ခံပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဦးစောအောင်သေဆုံးခြင်းနှင့်ပတ်သက်၍ သေစာရင်းမိတ္တူမှန်ထုတ်ပေးနိုင်ခြင်းမပြုကြောင်း ၂၀-၄-၂၀၂၂ ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏အကြောင်းပြန်ကြားစာ၊ ဦးစောအောင်သေဆုံးသည်မှာ မှန်ကန်ကြောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၄၅)ရပ်ကွက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ ၃၀-၃-၂၀၂၂ရက်စွဲပါ ထောက်ခံစာ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)၏ ၃၁-၅-၂၀၂၂ ရက်စွဲပါ ထောက်ခံချက်၊ အိမ်ထောင်စုစာရင်းနှင့်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၄၆)၊ မြေကွက်အမှတ်(၁၃၇၉)လမ်းမရှိ အကျယ်အဝန်းပေ(၄၀x၆၀)ရှိ ဦးမြင့်တင် အမည်ပေါက်ပါမစ်မြေအမျိုးအစား မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ယခုရောင်းချသူ ဒေါက်တာဒေါ်ဝင်းသီတာ ၁၂/မရက(နိုင်)၀၂၇၇၈၁ မှ တရားဝင်လက်ဝယ်ရရှိပိုင်ဆိုင်ကြောင်းဝန်ခံ၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန်အတွက် မြေကွက်တန်ဖိုး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဦးအောင်ကျော်မြင့် (LL.B) | ဒေါ်တင်ဇာခိုင် (LL.B) |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၁၈၃) | အထက်တန်းရှေ့နေ (စဉ်-၄၄၁၁၇) |
| အမှတ်(၄၇၈)၊ ဓမ္မာရုံလမ်း၊ (၄၇)ရပ်ကွက်၊ | အမှတ်(၅၄/က)၊ ရောဝဏ်(၁)လမ်း၊ |
| ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ | (၁)အနော်မာရပ်ကွက်၊ |
| ရန်ကုန်မြို့ | သာကေတမြို့နယ်၊ ရန်ကုန်မြို့ |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၀၊ မြေကွက်အမှတ်-၁၄၃၂၊ မြေကွက်တည်နေရာအမှတ် (၁၄၃၂)၊ (၁၃၀)ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ဒေါ်အုန်းကြည် ၁၂/ဒဂန(နိုင်)၀၀၈၁၆၂ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်အုန်းကြည် ၁၂/ဒဂန(နိုင်)၀၀၈၁၆၂ ထံမှ SP အမှတ် ၂၅၀၈/၄-၃-၂၀၁၆ ဖြင့်ရရှိသူ ဦးရန်နောင်ထွေး ၁၂/ဒဂရ(နိုင်)၀၀၉၈၄၅ က နှစ်(၆၀)မြေငှား စာချုပ်ဂရန်၊ ပါဝါ၊ ပါဝါကျမ်းကျိန်နှင့် နိုင်/ကတ်တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်၌ ၂၀၁၅ အရောင်းမြေပုံကူးမှတ်ချက်နှင့်ပတ်သက်၍ ရှင်းလင်းရန် အကြောင်းကြားခဲ့ရာ ဝင်စာအမှတ်-၄၁၉၆/၁၆-၅-၂၀၂၂ ဖြင့် ၂၀၁၅-ခုနှစ်၊ အရောင်းမြေပုံမှာ ပျောက်ဆုံးနေသဖြင့် ဌာနမှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းအတိုင်းလိုက်နာမည်ဟု ဝန်ခံကတိပြုပြီး အရောင်းမြေပုံလျှောက်ထားလာခြင်းအား ဆက်လက်ဆောင်ရွက်ပေးပါရန်နှင့် ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း တင်ပြလာပါသည်။ သို့ဖြစ်ပါ၍ ဦးရန်နောင်ထွေးမှ နှစ်(၆၀) ဂရန် အရောင်းမြေပုံလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်ဖြင့်ဆောင်ရွက်မည့် မွန်ပြည်နယ်၊ သထုံစက်ရုံမှ သုဝဏ္ဏဝတီသို့ 66 KV Single Circuit Line ၁၄ ဒသမ ၃၆ မိုင်နှင့် 66 KV Double Circuit Line ၅ ဒသမ ၆၅ မိုင် တည်ဆောက်ခြင်း လုပ်ငန်းအတွက် Turnkey စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်းအား မြန်မာကျပ်ငွေ (Kyat) ဖြင့် လုပ်ငန်းအပ်နှံလိုပါသည်-

| | | |
|---|---|---|
| **တင်ဒါပိတ်မည့်ရက်** | - | ၁၆-၈-၂၀၂၂ ရက် |
| **တင်ဒါပိတ်မည့်အချိန်** | - | မွန်းတည့် (၁၂:၀၀) နာရီ |

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကို သတ်မှတ်နှုန်းထားအတိုင်း ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၈၁၀၄၂၄၄၊ ၀၆၇-၈၁၀၄၂၄၅၊ Fax ၀၆၇-၈၁၀၄၂၄၆ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန တနင်္သာရီမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်း (၄)ခုအား ပဏာမစူးစမ်းလေ့လာမှုများဆောင်ရွက်၍ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်းလုပ်ငန်း (Re- Tender) ဆောင်ရွက်ရန် ပြည်တွင်းတိုင်းရင်းသားကုမ္ပဏီများသို့ လုပ်ငန်းအပ်နှံလိုပါသည်-

(က) တနင်္သာရီမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်း (၄) ခုကို ပဏာမစူးစမ်းလေ့လာမှုများဆောင်ရွက်၍ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်းလုပ်ငန်း
(Tender No. 13/ DHPI (P&W)/2022-2023) (Re-Tender)

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ်(၁)ဦးသာ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အကာအကွယ်(Mask နှင့် Face Shield)များ ဝတ်ဆင်၍ လာရောက်ဝယ်ယူပေးပါရန် မေတ္တာရပ်ခံပါသည်-

| | | |
|---|---|---|
| **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** | - | ၁-၈-၂၀၂၂ ရက်မှ ၁၅-၈-၂၀၂၂ရက်အထိ (အစိုးရရုံးပိတ်ရက်များမပါ) |
| **တင်ဒါပုံစံရောင်းချမည့်အချိန်** | - | ၁၀:၀၀ နာရီမှ ၁၅:၀၀ နာရီအတွင်း |
| **တင်ဒါပုံစံရောင်းချမည့်နေရာ** | | ရုံးအမှတ်(၂၇)၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊(၃)ထပ်ဆောင်၊ ရုံးသစ်၊ နေပြည်တော် |
| **တင်ဒါအဆိုပြုလွှာတင်သွင်းရမည့်ရက်** | - | ၂-၁၂-၂၀၂၂ ရက်၊ ၁၃:၃၀ နာရီ |
| **တင်ဒါအဆိုပြုလွှာတင်သွင်းရမည့်နေရာ** | - | ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ (ရုံးအမှတ်-၂၇) (၃)ထပ်ဆောင်၊ ရုံးသစ်၊ နေပြည်တော် |

၃။ တင်ဒါကြော်ငြာပုံစံကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moee.gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရုံးအမှတ်( ၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇- ၈၁၀၄၁၈၄၊ ၈၁၀၄၂၉၈**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ - ၂၀)
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်
## ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် - ၂၆၆

| | | |
|---|---|---|
| ရာစုနှစ်ငွေရေးကြေးရေးကုမ္ပဏီလီမိတက် (ကုမ္ပဏီ၏တာဝန်ပေးအပ်ခြင်းခံရသူ ဦးရန်လင်းထိုက်) | **နှင့်** | ၁။ ဒေါ်နွယ်နွယ်ထွန်း<br>၂။ ဒေါ်သန်းသန်းလှ |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ (က/ဂ)ရပ်ကွက်၊ (၁၅၇)လမ်း၊ အမှတ်၁၅/၁၇နေ ဒေါ်သန်းသန်းလှ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ "တရားလိုကုမ္ပဏီမှ ချေးယူငွေတိုးရင်းနှင့် ဒဏ်ကြေး ငွေပေါင်း ၁၁၉၆၈၀၀၈/-ကျပ်နှင့် နစ်နာကြေးငွေကျပ် ၃၀၃၁၉၉/- စုစုပေါင်း ငွေကျပ် ၁၅၀၀၀၀၀၀/-(ငွေကျပ်သိန်းတစ်ရာ့ငါးဆယ်တိတိ)ရလိုမှု"ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ခုနှစ် ဩဂုတ် ၂၂ရက် (၁၃၈၄ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့် အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇူလိုင် ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မြင့်စိုး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့်၊ ဇုန်(ဘီ)၊ တိုက်အမှတ် (ဘီ-၃)၊ အခန်းအမှတ် (၃၀၄)၊ Type(C) Area(၆၅၁)Sqft ရှိတိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင်ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သက်သက်မွန် ၁၂/မဂဒ(နိုင်)၁၅၀၈၂၇ ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်တွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်ကြည် ၁၂/တမန(နိုင်)၀၇၁၅၃၆**
**ဖုန်း-၀၉-၅၄၀၁၆၇၅၊ ၀၉-၅၁၂၁၃၅၉**

**ဒီမိုကရေစီတွင် တူညီသည့်အခွင့်အရေးများပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်တွင်လည်း တူညီသည့်အခွင့်အရေးများပေးရမည်ဖြစ်၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်။**

**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့်တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်။**

**အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှုမပြုနိုင်ကြ၊ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်အတိုင်း ခိုင်မြဲစွာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန်ကျန်ရှိသည့်အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များ MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၃၀**

၂၀၂၂ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်အဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့၏ ယှဉ်ပြိုင်မှုကို ဩဂုတ် ၁ ရက် နံနက် ၇ နာရီတွင်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့၏ ယှဉ်ပြိုင်မှုကို ယင်းနေ့မွန်းလွဲ ၃ နာရီတို့တွင်လည်းကောင်း နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဘောလုံးပွဲစဉ်များကို ယင်းနေ့နံနက် ၆ နာရီ ၄၅ မိနစ်နှင့် မွန်းလွဲ ၂နာရီ ၄၅မိနစ်ခန့်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV – HD နှင့် MRTV Sports Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါသည်။

သတင်းစဉ်

## ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်အတွင်းရှိ မြို့တော်ခန်းမအား အကြမ်းဖက်သမားများက လက်ပစ်ဗုံးဖြင့် ပစ်ပေါက်





ကျောက်တံတားမြို့နယ် (၁)ရပ်ကွက် စည်ပင်လမ်း မြို့တော်ခန်းမ ဝင်/ထွက်ပေါက်ဂိတ်ကို လက်ပစ်ဗုံးဖြင့် ပစ်ပေါက်သွားသည့် မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဇူလိုင် ၃၀**

အကြမ်းဖက်သမားများအနေဖြင့် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်နှင့် ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်၍ လက်ပစ်ဗုံးများ၊ လက်လုပ်ဗုံးများနှင့် လက်လုပ်မိုင်းများကို အသုံးပြု၍ အများပြည်သူ သွားလာလှုပ်ရှားနေသော လမ်းမကြီးများ၊ စာသင်ကျောင်းများ၊ ပြည်သူပိုင် အဆောက်အဦများ၊ အများပြည်သူများနှင့် သက်ဆိုင်သည့် နေရာများ၊

*စာမျက်နှာ ၁၁ ကော်လံ ၅* ■

## ရောဝတီအသင်း စတုတ္ထမြောက် နိုင်ပွဲရပြီး GFA အသင်း ရှုံးပွဲဆက်

**ရန်ကုန် ဇူလိုင် ၃၀**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၆) ပထမနေ့အဖြစ် GFA အသင်းနှင့် ရောဝတီအသင်းတို့ ဇူလိုင် ၃၀ ရက်က သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ရောဝတီအသင်းက လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

*စာမျက်နှာ ၁၂ ကော်လံ ၅* ●



GFA အသင်းနှင့် ရောဝတီအသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ– MNL


ယနေ့ သတင်းအညွှန်း

PDF အမည်ခံ အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်အကြမ်းဖက်သတ်ဖြတ်မှု အန္တရာယ်မှ တိမ်းရှောင်လာကြသူများအား ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ငွေများပေးအပ် — ပြည်တွင်းသတင်း စာ – ၁၁

အာဆီယံ ယူ–၁၆ ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာအသင်း အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာ — ပြည်တွင်းသတင်း စာ – ၁၂

ဝါးတန်းဒိုင်သို့ တစ်လလျှင် ရွှေဘိုပေါ်ဆန်း အိတ်သုံးသိန်းခန့် ဝင်ရောက်ပြီး ဆန်ဈေးပြန်ကျနိုင် — စိုက်၊ မွေး၊ စီးပွား စာ – ၂၀